
www.burmeseclassic.com




ကျေးလက်ပျော်ဟာသလုံးချင်းဝတ္ထုစုံစစ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၂၁၀၄၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၄၆၀၈၁၀

ပုံနှိပ်ခြင်း ပထမအကြိမ်၊ ၂၀၁၁၊ ဖေဖော်ဝါရီ

ထုတ်ဝေသူ
ဦးစန်းမွန်အောင်(ငါတို့စာပေ)
75(ခ)၊ ဗိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း
အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးဇော်မြင့်ဝင်း
(ကာလာဇုန်ပုံနှိပ်တိုက်)
အုပ်ရေ
၅၀၀

တန်ဖိုး ၁၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅ ·၈၃

ကိုရွှေတောသား

ဟားတော်မူဖို့ စာကိုစီတယ်/ ကိုရွှေတောသား-ရန်ကုန်။
ငါတို့စာပေ။ ၂၀၀၉။ ၁၇၀ - စာ။

၁၃ စင်တီမီတာ X ၂၀ စင်တီမီတာ

စာပတ်သူ သည်းမှတ်ကြားမှာတော့
ပျော်စရာ ဝေဆာသွားအောင်ပ
ဟားဖို့ရယ်တဲ့ စာကိုစီ

ကျေးလက်ကို နောက်ခံပြုကာပ
လူမှုနယ် ဝန်းကျင်တစ်ကြောကိုဖြင့်
သော့ရှင်ပွယ် စာတစ်စဉ်တွေးလို့ရယ်
ရေးပါတော့မည်

တောမကပ်ကြပါနဲ့
တောအရပ် အခြေတည်လို့
မနောဓာတ် ချိုရွှင်ကြည်
ပီပြင်အောင် ဟာသနော

အရေးသွက်သနော်
ကျေးလက်ပျော် ကိုရွှေတောမှာတော့
"ရယ်သောသူ အသက်ရှည်"စေဖို့
မနုဿ မြတ်စိတ်ထားရယ်နဲ့
"အား"ထည့်ကာ စာတစ်အုပ်
ထုတ်လိုက်ပြီကော...

မြို့မေတ္တာခံယူမယ့်
ကိုရွှေတောသား
၁၉-၆-၂၀၁၀

www.burmeseclassic.com

www.burmeseclassic.com

ဝက်ပွဲစားဝင်းမောင်ကား
သူကြီးကတော်ဒေါ်ကြွက်မ၏
အမူအကျင့်အပြောအဆိုတို့ကို
သိထားနားလည်သူဖြစ်သည့်အလျောက်
မျက်နှာချင်းမဆိုင်မိစေရန်
တစ်ဖက်သို့လွှဲထားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အပည်သညာ၊ ဒေါ်စရာစကား
ဂါမတစ်ခွင်၊ ပြုံပြုံစင်မှု
ထွန်းပမဆုံး...
"သာယာကုန်း"ဟုတွင်လေသတည်း။

အနီသာယာကုန်းရွာကား ရွာသိမ်ရွာငယ်မဟုတ်။ အိမ်ခြေထောင်ဂဏန်းမျှရှိသည့် ရွာကြီးတစ်ရွာဖြစ်ပေ၏။

ယိုသာယာကုန်းရွာကြီးအား အုပ်ချုပ်ရသူမှာ ရွာနာမည်နှင့်လိုက်ဖက်ညီထွေရှိပေလှစွာသော သူကြီးဦးသာယာ ဖြစ်ချေသည်။

သူကြီးဦးသာယာ၏ အသရေမယွင်းသည့် အရည်အချင်းများကို ထုတ်ဖော်ရသည်ရှိသော် ပင်ကိုယ်စိတ်ရင်းဓာတ်ခံကောင်း၏။ သာယာကုန်းရွာသူရွာသားအပေါင်းတို့အပေါ် မျှတစွာအုပ်ချုပ်တတ်၍ သာယာကုန်းရွာ၏ ဆရာတော်ကြီးဖြီးလျှင် ဩဇာတိက္ကမညောင်းသူလည်း ဖြစ်၏။

သူကြီးဦးသာယာ၏ဇနီးကား ဒေါ်ကြွက်မဖြစ်၏။

သာယာကုန်းရွာသူရွာသားအပေါင်းတို့အဖို့ သူကြီးဦးသာယာ အပေါ်၌ လေးစားခဲ့ညားကြသလောက် သူကြီးကတော်ဒေါ်ကြွက်မနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍မူ စိုးလည်းစိုးရွံ့ကြ၏။ တွန့်လည်း တွန့်တုန့်ကြကုန်၏။ သူမနှင့်ပတ်သက်ချင်သူဆိုသည်မှာ ခပ်ရှားရှား။

'ငါတော့ သေချင်သေစမ်းပါစေ၊ တောထဲကကျားမြီးကို သာဆွဲပြီး အသေခံလိုက်ချင်ပါရဲ့။ ဒေါ်ကြွက်မနဲ့တော့ မျက်နှာချင်းဆိုင် စကားပြောရမှာတော့ သေမတတ်ကိုကြောက်တယ်ဟေ့'

'ဟုတ်ပ့ါအေ၊ စကားပြောလည်း တင်တင်စီးစီး၊ သာယာ ကုန်းရွာကြီးအနှံ့ရှည်နေသမျှ သူ့ကိုစကားအနိုင်ယူပြောနိုင်မယ့်သူဆို တာပေါ်လာမယ် မထင်ဘူး'

'မှန်တာပေ့ါဗျာ၊ ကိုယ်က ရပ်ရွာကလေးစားရတဲ့ သူကြီးနဲ့ ပတ်သက်ပြီး စကားမှန်ကိုချေချေငံငံ ပြောဆိုတာတောင်မှ ထောလော် ကန့်လန့်လုပ်ပစ်တတ်တာ၊ ဘယ်လို မိန်းမကြီးမှန်းကို မသိပါဘူးဗျာ'

သည်သို့ သူကြီးကတော်ဒေါ်ကြွက်မနှင့်စပ်လျဉ်း၍ ကောက် ချက်ချသံတွေက စုံစီနဖာ။

ပြောမည်ဆိုလည်း ပြောလောက်စရာ ဟုတ်ပါသည်ကော။

တလောတုန်းဆီက အဖြစ်ကလေးကိုပဲကြည့်။

ရွာထဲက စကားအပြောအဆိုရည်မွန်သည့် ပန်းသည်မလေး မအေးသီတစ်ယောက် ရွာထဲမှာ ဘုရားပန်းလှည့်ရောင်းရင်း မမျှော်လင့် ဘဲ ရွာလယ်လမ်းတနေရာ၌ သူကြီးကတော်ဒေါ်ကြွက်မနှင့်မျက်နှာ ချင်းဆိုင် ဆုံမိကြသည်။ ဤ၌ မအေးသီက ရည်မွန်သွက်လက်စွာဖြင့် ဒေါ်ကြွက်မအား ပဋိသန္ဓာရစကား ဆိုလိုက်သည်။

'ဟော အရီးကြွက်ပါလား၊ မတွေ့မမြင်တာတောင် ကြာပြီ။ နေကောင်းတယ်နော်'

သည်စကားမှာ ရွာသူရွာသားတိုင်းလိုလို ထမင်းစားရေ သောက် အလွယ်တကူပြောဆိုနေကျ၊ နှုတ်ဆက်ခွန်းဟနေကျစကား





ဖြစ်သည်။ တစ်ဦး၏စကားစလာမှုအပေါ် ကျန်တစ်ဦးက လိုက်လျော ညီထွေစွာ အလိုက်သင့်ပြောဆိုလိုက်လျှင် ပျော်ရွှင်ကြည်နူးဖွယ်ကောင်း သော လူမှုဆက်ဆံရေးတရပ်ပင် မဟုတ်ပါလော။ ခုတော့ သည်လို ဟုတ်ပါသေးရဲ့လား။

'ဟဲ့… နေကောင်းလို့ အပြင်ထွက်တာပေါ့၊ နေမကောင်းဖြစ် နေရင် ဗိန္ဒောဆရာပင့်ပြီး အိမ်ထဲအောင်းနေမှာပေါ့ဟဲ့။ တကတည်း တော်… စကားမရှိစကားရှာ၊ အရေးမပါတာတွေ'

ဒေါ်ကြွက်မစကားက တကယ့်ကို ပိဿလေးဘေးပစ်။

သည်တော့ ပန်းသည်မကလေးမအေးသီခမျာ ပါးစပ် အဟောင်းသားနှင့်မနေနိုင်မထိုင်နိုင် စကားစမိသော သူ့ပါးစပ်ကိုသူ ပိတ်ရိုက်ပစ်ရမလို ဖြစ်သွားတော့သည်။

တခါကလည်း ဒေါ်ကြွက်မနှင့်သက်တူရွယ်တူ ဗိန္ဒောဆရာ ဦးအောင်ကြီးကတော် ဒေါ်လှရီနှင့်ထိပ်တိုက်တွေ့ခဲ့ရဖူးသည်။

သည်တုန်းက ဒေါ်ကြွက်မသည် အိမ်တော်ရာထီးကို ချိုင်း ကြားညှပ်လျက် တဖက်ရွာသို့ကြွေးမြီကိစ္စအတွက် ဒေါ်လှရီတို့အိမ်ရှေ့ မှဖြတ်အသွား စောင်တွေထုတ်လှမ်းနေသော ဒေါ်လှရီက ဒေါ်ကြွက်မ အား 'သူကြီးကတော်' ဆိုသည့်ဂုဏ်ပုဒ်ကို ရိုသေလေးစားသောအားဖြင့် လှမ်း၍ နှုတ်ခွန်းဆက်စကားဆိုလိုက်သည်။

'ဟော… သူကြီးကတော်ပါလား၊ ထမင်းစားပြီးပလား'

သည်စကားသည်လည်း လောကလူမှုနယ်ပယ်၌ အများသုံး ဖြစ်နေသည့် အလာပသလ္လာပ စကားပဲဖြစ်သည်။ ဒါကို ဒေါ်ကြွက်မ က အလျားအနံ့သင့်အောင်မဖြေ။ အရိုးစွဲနေပြီဖြစ်သော သူမ၏ဝသီ အတိုင်း…

'ဟဲ့ မိလှရီ ညည်းက ကျုပ်ထမင်းမစားရသေးရင် ကျွေးမလို့ လား'



www.burmeseclassic.com

www.burmeseclassic.com



သည်တော့လည်း ဒေါ်လှရီခမျာ ပျာပျာသလဲဖြင့်···

'ကျွေး··· ကျွေးပါတယ်တော်၊ မစားရသေးရင် ဝင်စားပါ အဆင်သင့်ပါပဲ'

'ဒါဆို ဆာနေတာနဲ့ အတော်ပဲ'

သည်သို့ ဇွတ်တရွတ်ဖြင့် လင်တော်မောင်ဗိန္ဒောဆရာ အောင်ကြီးအတွက် ချန်ထားသောထမင်း၊ဟင်းတွေကို ဒေါ်ကြွက်မ ပြောင်ပြောင်တင်းတင်း ဝင်တွယ်သွားခဲ့ပါသေး၏။ သည်ကတည်းက ဒေါ်လှရီတစ်ယောက် ဒေါ်ကြွက်မဆိုလျှင် ဝေါင်ဝေါင်က ရှေး၍ ဝေးဝေးကရှောင်တော့၏။ သည်လိုမှ သင်ခန်းစာမယူတတ်လျှင် ရှေ့ လျှောက်ခံရမှာတွေက အများကြီးမဟုတ်ပါကလား။

တခါတုန်းကလည်း ဝက်ပွဲစားဝင်းမောင်တစ်ယောက် သိသိ ကြီးနှင့်ကို အသလွတ်ခံခဲ့ရဖူးသည်။

သည်တုန်းက ဝက်ပွဲစားဝင်းမောင်သည် ၄င်း၏သားဖြစ်သူ မောင်ညွန့်တင်တစ်ယောက် ဝမ်းတွေဒလဟောသွားနေ၍ မြို့နယ်ဆေး ရုံသို့ အချိန်မီသွားနိုင်ရန် မော်တော်ဆရာမြင့်ရွှေကို ကျိုးကန်းတောင်း မှောက် လိုက်လံရှာဖွေနေရချိန်ဖြစ်သည်။ မြို့နယ်ဆေးရုံက သာယာ တုန်းရွာ၏ တဖက်ကမ်းမှာရှိသည့်အတွက် လှည်းကိုအားကိုး၍မရ။ မော်တော်နှင့်မှသာ အဆင်ပြေနိုင်မည်ဖြစ်ရာ မော်တော်ဆရာကို အသည်းအသန် ရှာနေရခြင်းဖြစ်၏။ သည်မှာတင် ဒေါ်ကြွက်မနှင့်ဆုံ ဆည်းလာရခြင်း ဖြစ်သည်။

ဝက်ပွဲစားဝင်းမောင်ကား သူကြီးကတော်ဒေါ်ကြွက်မ၏ အမူအကျင့်၊ အပြောအဆိုတို့ကို သိထားနားလည်နေသူ ဖြစ်သည့် အလျောက် မျက်နှာချင်းမဆိုင်မိစေရန် တဖက်သို့လွှဲထားခဲ့လေသည်။

ဒါကို ဒေါ်ကြွက်မ သေသေချာချာကြီး ရိပ်စားလိုက်မိသည်။





ရိပ်စားလိုက်မိသည့်အလျောက်လည်း···

'ဟွန်း··· ဟွန်း··· ဟွန်း။ ဒါ ငါ့ကို ပမာမခန့်လုပ်တဲ့သဘော ပဲ၊ သိကြရောပေါ့ ဝက်ပွဲစားရယ်'

သည်သို့ ၄င်းဖာသာ၄င်းရေရွတ်ရင်း သူမကပင်ဦးအောင် လှမ်းအော်လိုက်တော့၏။

'ဟဲ့··· ဝင်းမောင်၊ နင်ကြည့်ရတာ မျက်ကလဲဆံပျာနိုင်လိုက် တာ၊ ဘာတွေ ဘယ်လိုဖြစ်နေရတာလဲ၊ ကိုင်း··· ငါ့ကို ပြောစမ်းပါ ဦး'

ဝက်ပွဲစားဝင်းမောင်အဖို့ ကံဆိုးခြင်းလက်ဆောင်တွေ ရတော့ မည်ဖြစ်ကြောင်း အတပ်သိလိုက်ရပါသည်။ ရှောင်လွှဲလို့ကလည်း မဖြစ်။ သူ့အလုပ်က သူကြီးနှင့်ရုံဖန်ရုံခါဆိုသလို ပတ်သက်နေရသည် မို့ သူကြီးကတော်၏အမေးစကားကို အလိုက်သင့်ပြန်ပြောရပါတော့၏။

'ကျွန်တော့်သားအငယ်ကောင် ဖိုးညွန့်တင်ပေါ့ဗျာ၊ မနက်က တည်းကနေ ဝမ်းတွေတဗျစ်ဗျစ်သွားနေလိုက်တာ။ ခုထိ မရပ်ဘူး၊ ပိုတောင်ဆိုးလာသေး၊ ဗိန္ဒောဆရာဦးအောင်ကြီးကလည်း ညောင်တုန်း ဘက်က သူ့အမအလှူကိုသွားနေတာ သုံးလေးရက်တောင်မှပြန်ရောက် လိမ့်ဦးမှာ မဟုတ်ဘူး။ ဒီတော့ မြို့နယ်ဆေးရုံသွားပြဖို့ရာ မော်တော် ဆရာမြင့်ရွှေကို လိုက်ရှာနေတာ သူကြီးကတော်ရဲ့'

'ဟဲ့··· မြင့်ရွှေကိုရှာချင်ရင် သူ့အိမ်မှာသွားရှာလို့ကတော့ အပိုပဲ။ သင်းက··· ဖဲဝိုင်းရှိတဲ့ဆီအနံ့ခံနေတာ၊ ဒီတော့ အသုဘအိမ် မရှိဘူးဆိုရင် အနောက်ဖျားကခနိတောဘက်သွား ကြိတ်ဝိုင်းဖြစ်လို့က တော့၊ သင်း··· အဲဒီမှာ ကျိန်းသေရှိမှာပဲ'

'ကျေးဇူးပါပဲ၊ သူကြီးကတော်ရယ်'

သည်တစ်ခါတော့ ကံကောင်းခြင်းကြီးလှပေတကားဟု ဝက်



www.burmeseclassic.com

www.burmeseclassic.com



ပွဲစားဝင်းမောင် ထင်မိပါသေး၏။ စကားကတ်တီးကပ်ဖွဲ၊ ထော်လော် ကန့်လန့်မဆိုသည့်အပြင် နှုတ်အားဖြင့် အကူအညီပေးလိုက်သေးဟု ထင်မြင်ဆဲမှာပင်။

'ဟဲ့... နင့်သား ညွှန့်တင် ခုလိုဖြစ်တယ်ဆိုလို့ ပြောရဦးမယ်၊ နင့်သားညွှန့်တင်ဆိုတဲ့ မှင်စာကလေးကတော့ ဘာစားစား တကယ့်ကို ပါးဖြံ့နားဖြံ့ပဲ။ စားတဲ့အခါလည်း လူစားမစားဘူး၊ ခွေးစား၊ ဝက်စားကို စားတာ။ ဒါကြောင့် ဒင်း တစ်နေ့ ဒီအစားအသောက်ကြောင့် ဒုက္ခ ရောက်လိမ့်မယ်လို့ တွေးမိခဲ့ပြီ မဟုတ်လား'

'ဟုတ်... ဟုတ်ပါတယ် သူကြီးကတော်'

'ဟုတ်ပေမပေါ့ ငါကလည်း လုပ်ကြံပြီးပြောတာမှ မဟုတ် ဘဲ၊ ဟုတ် ဟုတ်တဲ့အတိုင်း၊ မှန် မှန်တဲ့အတိုင်း ပြောတာပဲဥစ္စာ'

အင်းလေ၊ ဒါကလည်း 'ရှေ့စောင်နွားလား... ဖြောင့်ဖြောင့် သွားသော်၊ နောက်နွားစဉ်ဆိုက်၊ ဖြောင့်ဖြောင့်လိုက်၏' ဆိုသလို ဖအေ ဖြစ်တဲ့ နင်ကိုယ်တိုင်က အစားသောင်းကျန်းနေတဲ့ဥစ္စာ။ ခုတော့ မျိုးရိုး လိုက်ပြီပေါ့။ ဒင်း အစားအသောက်နဲ့ပတ်သက်ပြီး ဖအေလိုင်တော်ကြီး တူနေတာ၊ တစ်နေ့ ဒုက္ခရောက်လိမ့်မယ်လို့ ထင်ခဲ့တာ၊ ခု မှန်နေပြီ'

'ဟုတ်... ဟုတ်ပါတယ်ဗျာ၊ သွားပြီဗျို့'

စိတ်ထဲက တကယ့်ကို မကျေမနပ်ဖြစ်ရလေသော်ငြား ကိုယ့် ကိစ္စက လတ်တလောအရေးကြီးနေလေသည်မို့ ဒေါ်ကြွက်မ၏လေ ကြောကို ရှောင်တိမ်းကာ ခနီတောစပ်ဖက်သို့ သုတ်ခြေတင်သွားရ လေတော့သည်။

သည်တော့လည်း ဒေါ်ကြွက်မဆိုသည်နှင့် သာယာကုန်းရွာ သူရွာသားအပေါင်းတို့မှ တတ်နိုင်သမျှ မျက်နှာချင်းမဆိုင်ရလေအောင် တိမ်းရှောင်နိုင်သမျှ တိမ်းရှောင်မိကြလေ၏။ တိမ်းရှောင်၍ မလွတ်ပါ





က အတိတ်ကဝဋ်ကြွေးကို ပြန်လည်ပေးဆပ်ရလေခြင်းဟူ၍ပဲ သဘော ပိုက်ရပါလေတော့၏။

သည်ဝဋ်ကြွေးမကုန်ခန်းရသည့် အထဲ၌ လွှဆွဲဆရာမြကြည် လည်း ပါဝင်ခဲ့၏။ တစ်နေ့ တောစပ်၌ အပင်အချို့လွှသွားဆွဲစဉ် မြကြည်နှင့်အတူလိုက်ပါသွားသော တူတော်မောင်က ကလေးပီပီသစ် ပင်တစ်ပင်ထက်ရှိ သစ်ခွပန်းများကိုတက်ခူးခဲ့၏။ ဤတွင် ခြေချော် လက်ချော်ဖြစ်ပြီး သစ်ပင်မှပြုတ်ကျလေရာ လက်တစ်ဖက်ကျိုးသွား ခဲ့လေသည်။ သည်အကြောင်းကြားရတော့ ဒေါ်ကြွက်မလည်းသတင်း လာမေး၏။

'ဟဲ့... မြကြည်၊ နင့်တူလေး သစ်ခွပန်းတက်ခူးတာ အပင် ပေါ်က ပြုတ်ကျလို့ဆို'

'ဟုတ်ပါတယ် အရီးလေးရဲ့၊ လက်တစ်ဖက်ကျိုးသွားလို့ ကြပ်စည်းထားရတယ်။ တော်သေးတာပေါ့၊ အပင်ကသိပ်အမြင့်ကြီး မဟုတ်လို့၊ နို့မဟုတ်ရင် မတွေးဝံ့စရာပေါ့ အရီးလေးရယ်'

'အင်း... ငါအစကတည်းက တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ် ဆိုတာ တွေးထားခဲ့ပြီးသား၊ နင့်တူက လူကမြှောက်ထားလို့သာပ၊ ဘယ် တော့ကြည့်ကြည့် မျောက်ကတောင်ဆလံသရလောက်အောင် တကယ့် ကို တာတေလန်နေတာပဲ။ ဒီလောက် မျောက်မူးလဲဖြစ်နေတဲ့အကောင် ခုတော့ ငါထင်သလိုဖြစ်လာခဲ့ပြီ မဟုတ်လား'

'ဟုတ်ပါတယ် အရီးရယ်၊ အရီးပြောတာ ဟုတ်ပါတယ်'

သည်သို့ အလိုက်သင့်အလျားသင့် စကားဖြတ်ပြီး မြကြည် လည်း တနေရာသို့ ရှောင်ထွက်သွားလေတော့၏။ ဤ၌ ချက်ဆိုနားခွင် ကမီးတောက်ပြီးသား ဖြစ်ကြကုန်သော သတင်းလာမေးကြမည့်အိမ်နီး နားချင်းအပေါင်းတို့မှာလည်း သူကြီးကတော်ဒေါ်ကြွက်မ၏ အဆိုပ်



www.burmeseclassic.com

www.burmeseclassic.com



အကဲကို မြင်လိုက်သည်နှင့်'ပြေးနိုင်မှ၊ ရှောင်နိုင်မှ၊ ပုန်းနိုင်မှ လွတ်လိမ့်မည်' ဟူသော သင်ခန်းစာကိုရင်ဝယ်ပိုက်လျက် လှစ်ကနဲလှစ်ကနဲဆိုသလို အသီးသီး အသက၊ အသက ကွယ်ပျောက်သွားကြလေတော့သည်တကား။

■

ဟုတ်ပ... မင်းသိမ်းရာ
ပြီးတော့ ဥမ္မာသက်အမေ
သူကြီးကတော် ဒေါ်ကြွက်မဆိုတာကလည်း
တစ်ရွာလုံး ဘယ်သူနဲ့မှ
အကြောတည့်တာ မဟုတ်ဘူး
စကားပြောရင်လည်း
တကယ့်ကို တင်တင်စီးစီးနဲ့

www.burmeseclassic.com

www.burmeseclassic.com

သာယာကုန်းရွာ၏ ညနေရီလေချိုဖျန်းသည့် နေညိုချမ်းအချိန်။

သည်အချိန်သည်အခါ၌ ရွာအနောက်ဖျားထန်းတောဆီမှ သံပြိုင်ဟစ်ကြွေးလေသော သီချင်းသံကို ကြားကြရစမြဲဖြစ်သည်။

*'ဘဝ ကံကြမ္မာ×××*
*မနေမနား××× ဆွေအမျိုး××× ထန်းရည်အခါး×××*
*တအားပဲ××× မှုးကြတာ×××*
*ဘဝကံကြမ္မာ×××*
*မနေမနား××× ဆွေအမျိုး××× ထန်းရည်အခါး×××*
*တအားပဲ××× မှုးကြတာ×××*
*အမြည်းလှမ်းကိုင်×××*
*မမောက်မချင်း××× ဖောက်မယွင်း သောက်မပျက်×××*
*ဆက်လက်မော့မယ်ဗျာ××× ×××'*

အနှီ နာမည်ကျော် 'ဘဝသံသရာ' သီချင်းအား စာသားဖျက်လျက် ဟစ်ကြွေးနေကြပြီဆိုလျှင် အဆိုပါ ထန်းရည်သမားအုပ်စုသည် ရောက်သီး၊ ဖိုးချွားနှင့်မင်းသိမ်းတို့ သုံးယောက်မှလွဲ၍ အခြားမရှိပြီ။

သူတို့အုပ်စုကလည်း တစ်မျိုးတစ်ဘာသာ။

'သုံးယောက်ပေါင်း လောင်းကျော်' အဖြစ် သာယာကုန်းရွာ၌ အမှုကွန်းတင်လောက်သည်။ သူတို့ သုံးယောက်စလုံးက ဘာလုပ်လုပ် ဘာကိုင်ကိုင်၊ တကယ့်ကို တက်ညီလက်ညီ။



www.burmeseclassic.com

www.burmeseclassic.com



သည်ထဲမှာ မင်းသိမ်းက ကျွန်ရှောက်သီးတို့ ဖိုးခွားတို့ထက် ငွေစ၊ကြေးစရှင်လေတော့။ ၄င်းကို ဦးဆောင်သူနေရာမှာ ခြွင်းချက်၊ ခြင်းချက်မရှိဘဲ ပစားပေးထားကြသည်။ မင်းသိမ်းဆိုသည်ကလည်း ၄င်းကို ပစားပေး၍ မြှောက်ပင့်ပေးလိုက်မည်ဆိုပါက ဟိုသင်းဟိုဟာ တကြုံးလို သမန်းရှချင်ရှပစေဆိုသည့် နေ့သား။

သည်လိုမျိုး သုံးယောက်ပေါင်းလောင်းကျော်ကြသည့်အထဲတွင် မင်းသိမ်းကခပ်ဖြောင့်ဖြောင့် ပမာနိုင်းစာရလျှင်ဖြင့် စတန်မင်းသားကြီးရွှေဘလိုမျက်နှာပေါက်။

'ဟော့ကောင်… မင်းသိမ်း၊ မင်း သတိထားမိလား မသိဘူး'

'ဘာများတုံး ရှောက်သီးရဲ့'

'မင်းကို ရာအိမ်မှူးဦးရွှေမင်းရဲ့သမီး ရုပ်တေးမက စိတ်ဝင်စားနေတယ်'

'သွားစမ်းပါ ရှောက်သီးရာ၊ တို့ကောင်ကြီးမင်းသိမ်းက မင်းရာအိမ်မှူးဦးရွှေမင်းရဲ့သမီး ရုပ်တေးမကိုမပြောနဲ့၊ ဆန်စက်ပိုင် ငါ့ဘကြီးဦးသန်းဝင်းရဲ့သမီး မိကောက်တေးကိုတောင် စိတ်ကူးထဲထည့်တာ မဟုတ်ဘူး'

ဖိုးခွား၏စကားက မှန်မှ မှန်။

မင်းသိမ်းရင်ထဲ နှစ်နှစ်ကာကာချစ်နေမိသည်က သာယာကုန်းရွာ၏အကြီးအကဲ သူကြီးဦးသာယာနှင့်သူကြီးကတော်ဒေါ်ကြွက်မတို့၏ တစ်ဦးတည်းသော သမီးချော'ဥမ္မာသက်'ပင် ဖြစ်လေသတည်း။

'မင်းသိမ်းနယ်ကွာ၊ ကြိုက်စရာတွေရှားလို့၊ မင်းမှာက မိဘကျောထောက်နောက်ခံလည်း ရှိတယ်။ အတန်းပညာဆိုလည်း အတန်အသင့် ရှိပြီးသား။ တို့ရွာသူကြီးဆိုတာက ငါတို့ကို သာယာကုန်းရွာရဲ့ လူရမ်းကားတွေလို့သတ်မှတ်ပြီး ထိပ်တုံးခဏခဏခတ်နေတာ'





'ဟုတ်ပ… မင်းသိမ်းရာ၊ ပြီးတော့ ဥမ္မာသက်အမေသူကြီးကတော်ဒေါ်ကြွက်မဆိုတာကလည်း တစ်ရွာလုံး ဘယ်သူနဲ့မှအကြောတည့်တာ မဟုတ်ဘူး၊ စကားပြောရင်လည်း တကယ့်ကို တင်တင်စီးစီးနဲ့၊ သည်အသိုင်းအဝိုင်းက ပေါက်ဖွားလာတဲ့ ဥမ္မာသက်ကိုမှရွေးပြီး ကြိုက်ရတယ်လို့ မင်းသိမ်းရာ'

သူကြီးသမီးဥမ္မာသက်အပေါ် ရင်အသည်းနှစ်အောင် ချစ်နေမိခဲ့ခြင်းအတွက် ချစ်သူငယ်ချင်းတွေဖြစ်ကြသော ရှောက်သီးနှင့်ဖိုးခွားတို့က စကားတင်းဆိုကြသော်ငြား မင်းသိမ်းအဖို့ ဥမ္မာသက်မှ ဥမ္မာသက်။ တစ်သည်းမှာ တစ်သက်၊ တစ်သက်မှာ တစ်သည်း။

'အေးကွာ… မင်းတို့အမြင်နဲ့ မင်းတို့ပြောကြတာကို ငါ ဘယ်လိုမှ သဘောမထားပါဘူး၊ စိတ်လည်း မဆိုးပါဘူး။

ငါ့အနေနဲ့ကတော့ ဥမ္မာသက်ကို ဘယ်လိုရှုမြင်သလဲဆိုတော့ မွေးကြိုင်သင်းပျံ့ပြီး ရသာချိုအီဆိမ့်လွန်းလှတဲ့ ဒူးရင်းမှာလေးလို မြင်တယ်ကွ။ အပြင်မှာ ဆူးတွေဘယ်လောက်ရှိရှိ အတွင်းသားကတော့ တကယ့်ကို အရသာကောင်းမှကောင်း။

ပြီးတော့ 'ဆူးကြားမှာ ပွင့်သောနှင်းဆီသည် အခြားသောပန်းတို့ထက်အဆင်းလှ၏။ နွံကြားမှ ပွင့်သောပန်းကြာသည် အခြားသောပန်းတို့ထက်ရနံ့ထုံ၏' ဆိုတဲ့ စကားလိုပဲ သူ့မိဘတွေ ဘယ်လောက်ဆိုးဆိုး ဥမ္မာသက်ကလေးဟာ ငါဆိုတဲ့မင်းသိမ်းအတွက်တော့ ဒူးရင်းမှာကလေးပါပဲ။ ကြာပန်းကလေးပါပဲ'

'တောက်! ကောင်းလိုက်တဲ့ စကားလုံးတွေပဲကွာ၊ ငါတို့လည်း မင်းလိုမျိုး ပြောတတ်ချင်လိုက်တာ'

ရှောက်သီးက အားကျစိတ်ဖြင့် ပြောသည်။

'ဟုတ်ပကွာ၊ ဒါကြောင့်လည်း ငါတို့သုံးယောက်မှာ မင်းသိမ်းက ဆရာကြီးဖြစ်နေတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဖိုးချားက မသိမသာပင့်သည်။

သည့်အတွက်ကြောင့်ပင် အမြောက်ကြိုက်သော မင်းသိမ်း တစ်ယောက် မြောက်ကြွ မြောက်ကြွ ဖြစ်ရပါလေသည်။

'မင်း ဥမ္မာသက်ကိုကြိုက်တာက ဟုတ်ပါပြီ။ မင်းနဲ့သူကြီးနဲ့ ဖြစ်ပါ့မလား'

'ဟ… ဘာလို့မဖြစ်ရမှာလဲ၊ ငါယူမှာက သူကြီးမဟုတ်ဘူး လေကွာ၊ ဥမ္မာသက်ကွ၊ ဥမ္မာသက်'

'အေး ထားပါတော့၊ မင်း တခါကသူကြီးကို ခပ်တည်တည်နဲ့ လှည့်စားခဲ့တာ၊ သူကြီးက မေ့မတဲ့လား၊ မင်းကို အမျက်မပြေဘဲ ရှိဦးမှာပေါ့'

'အဟား… ဟား… ဟုတ်ပ ရှောက်သီးရာ၊ မင်းပြောမှပဲ သတိပြုမိတော့တယ်၊ ဟုတ်သားပဲကွ'

'အေး… အဲဒီတုန်းက သူကြီးက ခုလိုမျိုး သတိသိပ်မ ကောင်းဘူး၊ အာရုံကြောအားနည်းပြီး မေ့… မေ့နေလို့၊ ငါကလည်း နောက်ချင်ပြောင်ချင်တာနဲ့ ဖြစ်သွားခဲ့ရတာပါကွာ'

အမှန်တကယ်လည်း နေရာတကာ နောက်ချင်ပြောင်ချင်သော မင်းသိမ်းကြောင့် ထိုစဉ်က သတိမေ့ရောဂါစွဲကပ်နေသော သူကြီးတို့၏ ဇာတ်လမ်းကလေးတစ်ပုဒ်ရှိခဲ့ဖူးသည်။ ထိုဇာတ်လမ်းလေးကို ကြုံတွေ့ သိရှိသူတို့ ပြန်ပြောပြလေတိုင်း ကြားရသူအပေါင်းမှာ ပါးစပ်မစေ့ အောင် ရယ်ကြရပါလေ၏။

အဖြစ်က သည်လို သည်လို။

■

**သေချာတာပေါ့ သူကြီးရာ**
**သိပ်ကို သေချာတာပေါ့**
**အဲဒါ…**
**သူကြီးဝမ်းထဲပဲ ထားပါ**
**အိမ်ကအဘ**
**မသိပါစေနဲ့ သူကြီးရာ**
**သိရင် အိမ်ပေါ်ကနေ**
**ကော့ပြီး ဆင်းရမှာ…**

www.burmeseclassic.com

www.burmeseclassic.com

ဦးသာယာ၏အသက်က (၆၀)တင်းတင်းသို့ဝင်ခဲ့ပြီ။

ဇနီးသည် ဒေါ်ကြွက်မက ဦးသာယာထက်(၃)နှစ်ငယ်သည် ဆိုတော့ (၅၇)နှစ် ရှိပြီပင်။

သူကြီးဦးသာယာအဖို့ ခုတလော ဟိုဟာမေ့၊ ဒီဟာမေ့နှင့် မေ့ပဲမေ့တတ်နိုင်လွန်းသော အမေ့ရောဂါကြီးစွဲကပ်နေခဲ့သည်။ ထိုသို့ အမေ့ရောဂါစွဲကပ်နေသည်ကို ကာယကံရှင် ၎င်းကိုယ်တိုင်လည်း သတိမထားမိသကဲ့သို့ သူကြီးကတော်ဒေါ်ကြွက်မသည်လည်း သတိ မပြုမိခဲ့။

သူကွပ်ကဲအုပ်ချုပ်ရသော သာယာကုန်းရွာသည် မိရိုးဖလာဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သော ရွာဖြစ်သည်။ ရပ်ဓလေ့ ရွာဓလေ့နှင့် တစ်ဦးနှင့်တစ်ဦး သွေးသားရင်းချာများ မဟုတ်သည့်တိုင် ရပ်ဆွေရပ်မျိုးဟူသော စိတ်ဓာတ်အခြေခံထားရှိလျှက် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်စွာ နေထိုင်ကြလေသည့်အတွက် မည်သည့်ပြဿနာကိစ္စမျှ ပြောပလောက်အောင် ကြီးကြီးမားမားမရှိခဲ့။ သာမန်မူးရူးသူလောက်သာရှိသည်။ ဒါအတွက်ကလည်း ကိစ္စမရှိ။ သူ့အိမ်၌ထားရှိသော ထိပ်တုံးလောက်နှင့်ကိစ္စပြီးနိုင်သည်။ သည်တော့လည်း သာယာကုန်းရွာကို အုပ်ချုပ်ရသည်မှာ ကျီးအိပ်တွေမများ။

သူ့အလုပ်က မနက်ခင်း အိမ်မှာစားသောက်ပြီးပြီဆိုလျှင် တယုတယမွေးထားသော မြင်းညိုကြီးကိုစီးကာ ရွာတွင်းရှောင်ပြင် တစ်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ပတ်ကာ ရေနွေးကြမ်းသောက်မည်။ လက်ရည်တူသူတွေနှင့်စစ်တု ရင်ဆော့မည်။

သူကြီးဦးသာယာကား စစ်တုရင်ဝါသနာအိုးကြီးဖြစ်၏။

လက်ရည်တူသူနှင့်သာ စစ်တုရင်ထိုးနေရမည်ဆိုလျှင် ထမင်းဟင်းလည်း မေ့နိုင်သည်။ ရေနွေးကြမ်းမှော့ဖို့လည်း ဥပေက္ခာပြုနိုင်သလို၊ ဆေးတံခဲဖို့ရာပင် ပေလျက်ကံထားနိုင်သည်။ သူနှင့်စစ်တုရင်ထိုးမည့်သူသည် ခန္တီစမည်သော သည်းခံခြင်းတရားနှင့်ပြည့်ဝဖို့လိုလိမ့်မည်။ အကြောင်းမူ ဦးသာယာသည် စစ်တုရင်အရုပ်တစ်ရုပ်အကွက်တစ်ကွက်သို့ရွှေ့ဖို့အရေး တမေ့တမောကြီးတွေးနေ၊ စဉ်းစားနေပြီးပါမှ ဝှပ်ကနဲရွှေ့တတ်သူ ဖြစ်သည်။

စစ်တုရင်ပွဲတော်တော်များများတွင် အနိုင်ရလေ့ရှိသူမှာ သူကြီးဦးသာယာပဲဖြစ်၏။ သည်သို့ဆိုလိုက်သည့်အတွက် ငင်းနှင့်ယှဉ်ပြိုင်ဘက်များမှာ လက်ရည်ညံ့လေသလောဟု စောဒကတက်ဖွယ် ရှိပါလိမ့်မည်။

**စင်စစ်** သူကြီးနှင့်စစ်တုရင်ပြိုင်ဘက်များမှာ သူကြီးထက် **သောနိုင်တောင်မှ** သူကြီးအောက်တော့ညံ့သူများ မဟုတ်ကြ။ သူကြီး **စဉ်းစားတွေးတောနေသည်ကို** စောင့်ဆိုင်းနေရသည်မှာ ဟိုသင်းဟိုဟှာ (တင်ပါးကို ဆိုလို၏။ စကားချပ်)တွေပူလာ၍ အောင့်အည်းသည်းမခံနိုင်တော့သည့်အတွက် သူကြီးကိုအနိုင်ပေးလိုက်ခြင်းလည်း အကြောင်းတစ်ချက် ဖြစ်ပေလိမ့်မည် တမုံ့။

'အဲဒါ… ဦးနှောက်ကွ ဦးနှောက်။ ဦးနှောက်ဆိုတာမျိုးဟာ များများတွေး၊ များများစဉ်းစား၊ များများအကြံထုတ်ပေးမှ ပွင့်လန်းတာကွ။ ခု လက်တွေ့မြင်ကြပြီ မဟုတ်လား၊ အကွက်တစ်ကွက်ရွှေ့တော့မယ်ဆိုရင် ကိုယ်အကောင်အစားခံရမလား၊ တကယ့်အဓိကအရုပ်





တွေကို အကာအကွယ်ပေးနိုင်မလား၊ ပြီးတော့ ကိုယ်ရွှေ့မယ့်အကောင်က တစ်ဖက်အရုပ်တွေကို ဘယ်လောက်ခြိမ်းနိုင်မလဲ။ ဒါတွေကို ပေါ့ပေါ့လျှုံ့လျှုံ့ မတွေးရဘူး။ ငါကတော့ အဲသည်ထဲမှာအာရုံနှစ်ပြီး တွေးဆတတ်လို့ ပြိုင်ဘက်တွေကို အနိုင်ရတာပေါ့ကွာ အဟေး… ဟေး'

ဦးသာယာက ပီတိတွေအဖွေးသားနှင့်သူ့လုပ်ရပ်ကို သူဂုဏ်ယူသည်။ အတွေးအခေါ်ကောင်းသော သူ့ဦးနှောက်ကို ကျောသပ်လို့ရလျှင်ဖြင့် ကျောပါသပ်ပေးလိုက်ချင်သည်။ သည်လိုမျိုး တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်။ နိစ္စဓူဝဆိုသလို မြင်းတစ်စီးဖြင့် ရှာပတ်ကာ ဦးနှောက်စားလေသည့်အတွက် မေ့လျော့ခြင်းဝေဒနာက ၄င်းအပေါ် ဖိစီးမှန်းမသိ ဖိစီးလာခဲ့၏။ ဒါကို သူကိုယ်တိုင်ပင် သတိမထားမိတော့။

တစ်နေ့…

ထုံးစံအတိုင်း ခေါက်ရိုးကျိုးနေပြီဖြစ်သည့် သူကြီးဦးသာယာသည် သူကြီးကတော်ဒေါ်ကြွက်မ စီမံချက်ပြုတ်ကျွေးမွေးသော နံနက်စာထမင်းဟင်းလျာတို့ကို စားသုံးပြီးနောက် စီးတော်မြင်းညိုကြီးကို စီးနင်းကာ ရွာခန်းလှည့်လည်ခြင်းအမှုကို စတင်ခဲ့ပါပြီ။

'ဗျို့… သူကြီး၊ ရေနွေးကြမ်းသောက် ဝင်ပါဦးဗျို့'

အသံရှင်က ဘောဂနေဆန်စက်ပိုင်ရှင်ဦးသန်းဝင်း ဖြစ်၏။ သည့်အတွက် တအောင့်တနားဆိုသလို ဦးသာယာလည်း မြင်းညိုကြီးနှင့်အတူ ဆန်စက်ဝင်းအတွင်းသို့ ဝင်သွားခဲ့လေသည်။ သည့်နောက် မြင်းညိုအား ခပ်လှမ်းလှမ်းရှိသရက်ပင်၌ ချည်ထားလိုက်လေသည်။ ဤတွင် ဆန်စက်သူဌေးဦးသန်းဝင်း၏တပည့်ကုလားကြီးက မြင်းညိုကြီးအား အစာရေစာများ ကျွေးမွေးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'လာ… သူကြီး၊ မနေ့ကရလာတဲ့ ငါးရံ့ခြောက်ကို ဖုတ်ထားတာ၊ ဆားပေါ့လေးဗျာ၊ ရေနွေးကြမ်းနဲ့ လိုက်မလိုက်'

'ကောင်းတာပေါ့ ဦးသန်းဝင်းရာ၊ သူကြီးမရှိတော့ ရွာခုသလို၊ အမြည်းမရှိတော့လည်း အာပူတယ်တဲ့။ ခုတော့ ရွာလည်းဆူစရာအကြောင်းမရှိတော့သလို အာပူစရာလည်း အကြောင်းမရှိတော့ဘူး။ အို… ဟုတ်ပါရဲ့။ ငါးရံ့ခြောက်ဖုတ်ဆီဆမ်းကလေးကတော့ ကောင်းမှကောင်းပါပဲလားဗျာ'

ပြောလည်းပြော၊ ဝါးလည်းဝါး၊ အခါးရည်လေးကျိုက်နှင့် ဦးသာယာအဖို့ ဖိုးကျိုင်းတုတ် ဖြစ်သွားခဲ့သည်။

'စား… သူကြီး၊ အကြိုက်သာစား။ ဟေ့… ကုလားကြီး၊ သူကြီးအတွက် ငါးခြောက်ဖုတ်ထပ်ထည့်ပေး။ အခါးရည်လေးလည်း ဖြည့်ပေးဦး'

ဆန်စက်သူဌေးက တပည့်ကျော်ကုလားကြီးကို တာဝန်ပေးနေသည်။ ကုလားကြီးကလည်း တာဝန်ကျေပါဘိ။ ငါးရံ့ခြောက်ဖုတ်ဆီဆမ်းကို ဖြည့်ဆည်းပေးနေသလို အခါးရေကိုလည်း ပြတ်လတ်မှုမရှိအောင် ဖြည့်ပေးခဲ့၏။

'ကိုင်း… သူကြီးရေ၊ စက်ထဲမှာ လုပ်စရာကိုင်စရာလေးတွေရှိသေးလို့ ခွင့်ပြုပါဦးနော်။ အေးအေးဆေးဆေးနားပါ။ ထမင်းတွေဘာတွေ စားချင်ရင်လည်း စီမံပေးပါ့မယ်'

'နေပါစေ ဦးသန်းဝင်းရယ်၊ အိမ်က မထွက်ခင်ကတည်းက စားခဲ့ပြီးပါပြီ။ ဘာမှအတွေအထူးလုပ်မနေပါနဲ့။ ဦးသန်းဝင်း လုပ်စရာရှိတာတွေလုပ်ပါ'

'ဟုတ်ကဲ့ ခင်ဗျ'

ဦးသန်းဝင်းလည်း ဆန်စက်ဂိုဒေါင်ထဲသို့ ဝင်သွားသည်။





ဦးသာယာသည် ရေနွေးကြမ်းကိုငုံ့ရင်း…

'ဟာ… မေ့နေလိုက်တာ၊ ဒီကနေ့ ဦးဝင်းဝါကြီးနဲ့ စစ်တုရင်ထိုးဖို့ချိန်းထားတာပဲ မဖြစ်ဘူး။ ဒီပွဲကို လက်လွှတ်ခံလို့မဖြစ်ဘူး၊တော်ကြာချိန်းထားတဲ့အချိန် ငါ ရောက်မသွားခဲ့ရင် လက်ရည်မစမ်းရဲဘူးလို့ ထင်သွားမှာသေချာတယ်။ ပြောနေကြာပါတယ်။ ခုပဲ သွားမှ'

စစ်တုရင်နှင့်ပတ်သက်လျှင် အင်မတန်စိတ်ကဆောင်လွန်းလှပါဘိ။ ဘယ့်ကလောက်တောင်စိတ်ဆောင်ကာ ဦးနှောက်ကမေ့လိုက်ပါသနည်း။ ၎င်း၏ စီးတော်မြင်းကိုပင် သတိမရနိုင်လောက်အောင် မေ့သွားခဲ့သည်။ ဒါကို ဗာဟီရအလုပ်တွေများနေသော ကုလားကြီးလည်း သတိမထားမိ။

ဦးသာယာသည် ၎င်းနှင့်ချိန်းဆိုထားသော ဦးဝင်းဝါထံ ရောက်သွား၏။ ထို့နောက် နှစ်ယောက်သားရေကုန်ရေခန်း ယှဉ်ပြိုင်ကြလေရာ အရှေ့ဖြမ္ဘာအရပ်မှထွက်လာသော ရောင်ခြည်တစ်ထောင်အလင်းဆောင်သည့် သူရိယနေမင်းကြီးသည် အနောက်ဂေါယာကျွန်းသို့ စုံးစုံးမြုပ်သွားသည်အထိ။ တစ်ဦးနှင့်တစ်ဦး လက်ရည်တူနေသည်မို့ ကိုယ်လည်းမနိုင်သလို သူလည်းမရှုံး။

'ပြန်ပြီ ကိုဝင်းဝါရေ၊ ရှေ့တစ်ပတ် အဖိတ်နေ့ကျတွေ့မယ်ဗျာ၊ ဘယ့်နှယ့်လဲ'

'စိတ်ချ သူကြီး၊ ကျုပ် အဆင်သင့်စောင့်နေမယ်'

သူကြီးဦးသာယာလည်း စစ်တုရင်ထိုးဖက်ဦးဝင်းဝါကို နှုတ်ဆက်လျက် ခြေတုံးလုံးနှင့်ပင် ၎င်း၏အိမ်သို့ ပြန်သွားပါလေ၏။ ၎င်းကိုယ်၎င်း မြင်းစီးလာခဲ့သည်လား၊ မလာခဲ့သည်လားဆိုသည်ကို မဝေခွဲနိုင်ခဲ့။ ၎င်း၏ မြင်းညိုကြီးကတော့ ဘောဂဓနဆန်စက်ဝင်းထဲမှာ ရှိနေဆဲ။ သခင်ကို မျှော်လင့်စောင့်ကြိုနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆန်စက်ပိုင်ရှင်ဦးသန်းဝင်းက ကိစ္စဝိစ္စတွေပြီးစီး၍ ဂိုဒေါင်ထဲမှ ပြန်ထွက်လာတော့ မြင်းညိုကြီးကို ဘွားကနဲတွေ့လိုက်ရသည်။

'ဟာ… သူကြီးကတော့ လုပ်ချလိုက်ပြန်ပြီ၊ ကိုယ်စီးလာတဲ့ မြင်းကိုများ မေ့ရတယ်လို့ဗျာ'

ထိုစဉ်မှာပင် ၎င်း၏ဆန်စက်သို့ ဆန်ကွဲလာမှာသည့် မင်းသိမ်းနှင့်ကြုံသည်။

'အတော်ပဲ မင်းသိမ်းရေ၊ ဒီမှာ သူကြီးကွာ မနက်က ဒီကို ဝင်လာရင်း သူစီးတဲ့မြင်း မေ့ပြီးယူမသွားဘူး၊ အဲဒါ သူ့အိမ်ကိုပြန်ပို့ပေးပါလားကွာ'

'ရပါတယ် ဦးသန်းဝင်းရယ်၊ ရပါတယ်၊ စိတ်သာချ ခုပဲ သူ့အိမ်ကို ပြန်ပို့ပေးလိုက်ပါ့မယ်'

'ကျေးဇူးပါပဲ မင်းသိမ်းရာ'

မင်းသိမ်းလည်း သူကြီး၏မြင်းကိုဆွဲယူကာ လွှားကနဲခုန်တက်လိုက်သည်။

'အင်း… သူကြီးနှယ်ဗျာ၊ မေ့ပဲမေ့နိုင်လွန်းတယ်၊ ကိုယ်စီးလာတဲ့မြင်းတောင်မှ မေ့ဖြစ်အောင်မေ့ရတယ်လို့။ ဟင်း… ဟင်း ဒီလောက် သတိမေ့နိုင်လွန်းတဲ့ သူကြီးကိုမှတ်လောက်သားလောက်ဖြစ်အောင် ပညာတော့ပေးလိုက်ဦးမှ'

သို့ကလို စိတ်ထဲကြံစည်တွေးတောရင်း မြင်းညိုကြီးကိုစီးလျက် သူကြီး၏အိမ်ဂေဟာရှိရာသို့ ထွက်လာခဲ့တော့သည်။ အိမ်ဝိုင်းထဲဝင်တော့ သူကြီးကကွပ်ပျစ်ပေါ်တွင် ရေနွေးကြမ်းအိုးနှင့်အငြိမ့်သား။

ပတ်ဝန်းကျင်မှာတော့ မည်သူမျှမရှိ။

သူကြီးကတော်ကိုလည်း မတွေ့။

၎င်းတို့၏ တစ်ဦးတည်းသော သမီးချောကတော့ မြို့ကျောင်း





မှာ ပညာများသင်နေလေသည်မို့ လင်ကိုယ်မယားနှစ်ယောက်တည်းဟု ဆိုရမှာပါချိမ့်။

'သူကြီး… သူကြီး'

'ဟေ… ဘယ်သူတုံးကွ၊ မြင်းကြီးနဲ့'

'ကျွန်တော် မင်းသိမ်းပါ၊ သူကြီး'

'ဟေ! ကျောင်းဒကာဦးဘိုကြီးရဲ့သား မင်းသိမ်းလား'

'မှန်တာပေါ့ သူကြီးရာ၊ ကျောင်းဒကာဦးဘိုကြီးရဲ့သား မင်းသိမ်းမှ မင်းသိမ်းအစစ်ပါ၊ တစ်စက်ကလေးမှ ရေမရောပါဘူး'

သည်သို့ပြောဆိုရင်း မြင်းညိုကြီးပေါ်မှ လွှားကနဲခုန်ဆင်းလိုက်သည်။

'ကဲ… ဆိုစမ်းပါဦး၊ ငါ့ဆီလာတာ ဘာအကြောင်းရှိလို့လဲ'

'အကြောင်းကတော့ ဟောဒီမြင်းကြီးကို သူကြီးဆီမှာ သုံးလေးရက်လောက် အပေါင်ထားချင်လို့ပါ'

'ကေန္တ… မင်း… ထန်းရည်အကြွေးတွေ ပူနေပြီနဲ့တူပါရဲ့'

'သေချာတာပေါ့ သူကြီးရာ၊ သိပ်ကိုသေချာတာပေါ့၊ အဲဒါ သူကြီးဝမ်းထဲပဲထားပါ၊ အိမ်ကအဘမသိပါစေနဲ့ သူကြီးရာ၊ သိရင် အိမ်ပေါ်ကနေ ကော့ပြီးဆင်းရမှာ'

ဦးသာယာလည်း မင်းသိမ်းစီးလာခဲ့သည့် မြင်းညိုကြီးကို အကဲခတ်ကြည့်ရှုလိုက်သည်။ သည်သို့ အကဲခတ်ကြည့်ရှုသည့်တိုင် ၎င်း၏ မြင်းဖြစ်နေသည်ကို မရိပ်စားမိပေ။

'ကျွန်တော့်မြင်းက မြင်းကောင်းသူကြီးရဲ့၊ ဗွေဆိုး(၁၉)မျိုးက လွတ်တဲ့ မြင်းခင်ဗျ'

'ဟ… လုပ်စမ်းပါဦး၊ ဗွေဆိုး(၁၉)မျိုးဆိုတာ ဘာတွေတုံး'

မင်းသိမ်းအဖို့ သူခင်းသည့်လမ်းထဲဝင်လာပြီမို့ ကျ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်ကာ ရေနွေးကြမ်းကိုငှဲ့သောက်ရင်း ချောင်းဟန့်လိုက်သည်။ ပြီးမှ…

'အင်း… ဗွေ(၁၉)မျိုးဆိုတာ မေးအောက်မှာရှိတဲ့'မုတ်ဆိတ်ဗွေ'၊ အာရင်းအောက်မှာရှိတဲ့'ဇက်ခွမ်ဗွေ'၊ ပါးစပ်မှာရှိတဲ့'စားခွက်နှိုက်ဗွေ'၊ရင်ဘတ်မှာရှိတဲ့'ဗွေတံခွန်'၊ မျက်စိအရှေ့စပ်မှာရှိတဲ့'ဗွေတံကျင်'၊ လည်ဂုတ်ရဲ့အောက် လည်ချိုင့်မှာရှိတဲ့'လက်ရှေ့ဆိုင်ဗွေ'၊ လည်အုပ်အောက် လည်ချိုင့်အောက်မှာရှိတဲ့'ကျားဘုတ်ဗွေ'၊ ပြီးတော့ အဲဒီနေရာမှာပဲရှိတတ်တဲ့ 'မောက်တိုရိပ်ဗွေ'၊ ရှေ့လက်ခွာ ဆစ်ပါးမှာရှိတဲ့ 'မျက်ရည်သုတ်ဗွေ'၊…'

'ဟ… တယ်စုံပါလားကွ၊ မင်းက မြင်းကျွမ်းကျင်တဲ့ကောင်ပါကလား၊ ကဲ… ဆက်စမ်းပါဦး'

မင်းသိမ်း၏ အာပေါင်အာရင်းသန်သန်နှင့် ပြောဆိုရှင်းလင်းမှုအပေါ်၌ သူကြီးခမျာ သဘောအကျကြီးကျနေပေတော့၏။ ပြီးတော့လည်း မင်းသိမ်းအပေါ် အထင်တကြီး တလေးတစားဖြစ်နေမှုမှာ ဖျတ်နှာပြင်ပေါ်ဝယ် အထင်အရှား။

'ကျွန်တော် ပြောခဲ့တာ(၉)မျိုးပဲ ရှိသေးတယ်၊ နောက်ထပ် (၉)မျိုး ရှိသေးတယ်။ အဲဒါတွေက ထိပ်ဦးစွန်းမှာရှိတဲ့'ထိပ်ကျဉ်းနက်ဗွေ'၊ လည်ဆံမွေးအဆုံးမှာရှိတဲ့'ကဦးဗွေ'၊ ကျောရဲ့အနောက်ဘက် ခပ်ကျကျမှာရှိတဲ့'ကညောင်းဗွေ'၊ အမြီးရင်းရဲ့တစ်ပေကျော်မှာရှိတဲ့'မြီးမြတ်ချွတ်ဗွေ'၊ နောက်အမြီးရင်းမှာရှိတဲ့'ဘောင်ရစ်ဗွေ'၊ အမြီးအောက်မှာရှိတဲ့ 'ခွေးဆွဲဗွေ'၊ နံပါးပေါင်စပ်မှာရှိတဲ့'ပွတ်ဆွဲဗွေ'၊ ပါးမှာရှိတဲ့'ပါးတီးဗွေ'၊ သိုအောက်မှာရှိတဲ့'သိုခက်ဗွေ'၊ အောက်ခြေထောက်ခွာဆစ်မှာရှိတဲ့ 'ညွန့်ကွန့်ဗွေ'ဆိုပြီး စုစုပေါင်း ဗွေဆိုး(၁၉)မျိုးပေါ့၊ သူကြီးရာ'





'တယ်ဟုတ်လှပါကလား… မောင်မင်းသိမ်းရာ'

'ခု ကျွန်တော့်မြင်းက အဲဒီ ဗွေဆိုး(၁၉)မျိုး လုံးဝကင်းတဲ့ တကယ့်မြင်းကောင်း ခင်ဗျ၊ မြင်းကောင်း၊ နောက် သူကြီးလည်း မြင်းဝယ်တော့မယ်ဆိုရင် ကျွန်တော့်ကိုပြော၊ ကျွန်တော်လိုက်ကြည့်အကဲခတ်ပြီး ဝယ်ပေးမယ်'

'အားကိုးပါတယ် မောင်၊ အားကိုးပါတယ်၊ နောက် လိုအပ်တဲ့အခါ မင့်ပဲ ခေါ်ရတော့မှာပဲ'

'စိတ်သာချပါ သူကြီးရာ၊ ခုမြင်းကို သုံးထောင်နဲ့ပေါင်ခဲ့ပါရစေ'

မင်းသိမ်းက သူလာရင်းကိစ္စအတွက် သူကြီးအား ခယယပြောနေသည်။ သူကြီးကမူ မင်းသိမ်း၏ မြင်းညိုကြီးကို စိတ်ဝင်စား၍မဆုံး။

'ဟေ့ကောင်… မင်းသိမ်း'

'ဗျာ… သူကြီး'

'တကယ်လို့များ မင်းရဲ့မြင်းကို ရောင်းတော့မယ်ဆိုရင် တခြားသူကို သွားမရောင်းလိုက်နဲ့နော်၊ ငါ့ဆီ အရင်လာပြီး ဈေးညှိ၊ ဟုတ်ပလား'

'ဟာ… စိတ်သာချ သူကြီး၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်မှာပေါ့ဗျာ။ ကိုင်း… လုပ်ပါ သူကြီးရာ၊ ကျွန်တော့်ကောင်တွေ စောင့်နေတာ ကြာလှပြီ'

'အေးပါကွာ… အေးပါ၊ ရော့… ရော့'

သူကြီးလည်း တိုင်ထိပ်သံချိတ်တွင် ချိတ်ထားသောသားရေလွယ်အင်္ကျီထဲမှ ငွေသုံးထောင်ကိုထုတ်ကာ မင်းသိမ်းလက်ထဲသို့ထည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မင်းသိမ်းလည်း လက်ထဲ ငွေသုံးထောင်ရပြီဆိုသည်နှင့် အားရွှင်လန်းစွာ သုတ်ခြေတင်သွားတော့သည်။

သူကြီးအဖို့ မင်းသိမ်းတစ်ယောက် အူမြူးသည်၊ မမြူးသည်ကို သတိမထားတော့။ ဗေဒဆိုး(၁၉)မျိုးမှ ကင်းလွတ်သည်ဆိုသော မင်းသိမ်း ပေါင်နှံထားရစ်ခဲ့သည့် မြင်းညိုကြီးကို မျက်တောင်မခတ် ရှုစားရင်း ပီတိသောမနဿတွေ တဖွားဖွားဖြစ်ပေါ်လာခဲ့တော့သည်။ ဘယ်ခါ ကြည့်ကြည့် ကြည့်၍မဝ။

'အမ်… နေစမ်းပါဦး၊ ဒီမြင်းညိုကြီးကို ငါ မြင်ဖူးသလိုပဲ၊ မြင်တော့မြင်ဖူးတာ သေချာတယ်၊ ခက်တာက ဘယ်မှာ မြင်ဖူးတာမှန်း မသိတာပဲ'

ထိုခဏ အိမ်ထဲမှသူကြီးကတော်ဒေါ်ကြွက်မ ထွက်လာသည်။

'ဟာ… ဟုတ်ပြီ၊ ငါ ဒီမြင်းညိုကြီး ဘယ်မှာမြင်ဖူးတယ်ဆိုတာကို မေ့ကောင်းမေ့နေပေမဲ့ ငါ့မိန်းမ မိကြွက်တော့ သိချင်သိနေမှာ၊ ဒီတော့ သူ့ကိုပဲ မေးကြည့်ရမယ်'

သည်သို့ အတွေးရပြီး ဒေါ်ကြွက်မကို ၎င်း၏အပါးသို့ လှမ်းခေါ်လိုက်သည်။

'ကျုပ်ကို ဘာကိစ္စရှိလို့ ခေါ်တာလဲ ကိုသာယာ'

'အကြောင်းရှိလို့ပေါ့ မိကြွက်ရာ၊ ဒီမြင်းကို မင်း သေသေချာချာကြည့်စမ်း မိကြွက်၊ ငါမြင်ဖူးသလားလို့၊ အဲဒါ ဘယ်ကမြင်းပါလိမ့်'

ခင်ပွန်းသည်၏အမေးကြောင့် ဒေါ်ကြွက်မ ရှုးရှုးရှားရှားဖြစ်သွားသည်။ ပြီးတော့ အံကိုတင်းတင်းကြိတ်လျက်။

'ဒီမှာ ကိုသာယာ၊ တော် ရူးများရူးနေပြီလားတော်။ အဲဒါ





အိမ်မှာမွေးထားတဲ့ မြင်းညိုကြီးလေ၊ တော် ရွာထဲထွက်တိုင်း စီးနေကျမြင်းလေ၊ ကိုယ်စီးနေကျမြင်းကိုတောင်မှ ကိုယ်မမှတ်မိဘူးတဲ့၊ အံ့လည်း အံ့ပါ့တော်'

'ဟာ… သေလိုက်ပါတော့ဟာ၊ ကြည့်စမ်း ငါမေ့တတ်တာကို လာပြီး ကလိမ်ကကျစ်လုပ်သွားတယ်'

'ဘယ်သူက တော့်ကို ကလိမ်ကကျစ်လုပ်သွားတာလဲ'

'ဘယ်သူကမလဲကွာ၊ ကျောင်းဒကာဦးဘိုကြီးရဲ့သား၊ ငါတို့သမီးကို လာလာရစ်နေတဲ့ မင်းသိမ်းပေါ့ကွ၊ မင်းသိမ်း… မင်းသိမ်း။

တောက်! 'တုံးအောက်ကတီတွန်၊ လူလွန်မသား' မင်းတော့လားကွာ၊ မတွေ့တွေ့အောင်ရှာပြီး အရေခွဲဆုတ်ပစ်မယ်ဟေ့… ခွီး'

သူကြီးကားဒွေ့ဒွေ့ခုန်မျှ ဒေါမာန်ပွနေချေပြီ။သူကြီးကတော်ကလည်း အပြစ်တင်မဆုံးတော့။

သည်ကတည်းကအစပြု၍ မင်းသိမ်းတစ်ယောက်သူကြီး၏မေတ္တာကို စတင်ခံယူခဲ့ရပါလေသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

နေပါဦးတော့

ကျူပ်က ဘာတွေ ဘယ်လို

ပြောနေလို့လဲ။

အင်း... တစ်နေ့မဟုတ်တစ်နေ့

တော့အနေနဲ့

ဒီလိုစကားမျိုး ပြောလာလိမ့်မယ်ဆိုတာ

အတပ်သိနေတယ်

www.burmeseclassic.com

www.burmeseclassic.com

သည်အိမ်ထောင်စုကလေးအဖို့ အရေးရှိ၍ ပြေးကြည့်လိုက်ပါမှ မိသားစုအရေအတွက် (၃)ယောက်သာရှိသည်။

ဖခင်သူကြီးဦးသာယာနှင့် မိခင်သူကြီးကတော်ဒေါ်ကြွက်မတို့ ပေါင်းစပ်လေသည့်သမယ 'ဥမ္မာသက်' ဆိုသော သမီးချောကလေးတစ်ယောက် ထွန်းပေါက်လာခဲ့သည်။ သမီးလေးကလည်း တစ်ယောက်ဆိုတစ်ယောက်ဟူ၍ ပြောပလောက်အောင် လိမ္မာရေးခြားရှိလွန်းလှပါဘိ။

သာယာကုန်းဆိုသည်က တကယ်တော့ ကျေးလက်တောရွာတစ်ရွာသာတည်း။

သည်တော့ သာယာကုန်းရွာတွင်မွေးဖွားလာသည့် ဥမ္မာသက်အဖို့ ကျေးတောသူလုံမပျိုစစ်စစ် ဖြစ်သည်။

သို့သော်…

ဥမ္မာသက်သည် တောသွေးမပေါက်။ တကယ့် မြို့ကြီးသူအလား ချောချက်လှချက်ကတော့ ကမ်းကိုကုန်လောက်သည်။ သည့်အတွက် အဖေ့ကိုတူလို့လှလေသလား၊ အမေ့ကိုတူလို့လှလေသလားဟူ၍ အမေးရှိလာလျှင်ဖြင့် ဖြေရမည့်သူအဖို့ ခပ်ကြပ်ကြပ်ဖြစ်ပါလိမ့်မည်။ ဘာကြောင့်ဆို သူကြီးဦးသာယာ၏ရုပ်က တာတေလန်သလို၊ သူကြီးကတော်ဒေါ်ကြွက်မ၏ ရူပကာမှာလည်း တကယ့်ရုပ်ကြမ်း။ သို့ပါသော်ငြား သည်မိဘနှစ်ဖြာမှပေါက်ဖွားလာသော ဥမ္မာသက်သည် နွံထဲကပွင့်လာသော တကယ့်ကြာပန်းပွင့်ကလေးသာတည်း။



www.burmeseclassic.com

www.burmeseclassic.com



'တို့သမီးကလေးဟာ၊ ဘာပဲပြောပြော ပညာတတ်တစ်ယောက်ဖြစ်ရမယ်။ ပြီးတော့ သမီးလေးဟာ ပညာကိုလည်း လိုလိုလားလား ရှိတယ်။ မြို့ကျောင်းတက်ပြီး ပညာတွေတတ်လာရင် အင်မတန်ထူးချွန်ရတဲ့ သိက္ခာရှိတဲ့ ကျောင်းဆရာမကြီး ဖြစ်စေရမယ်။

ဒီရွာမှာ နေလို့ကတော့ ဒီရွာနေဒီရေသောက်ပြီး တောသားနဲ့ပဲ ညားမှာပဲ။ ငါတော့ ဒီလိုအဖြစ်မခံနိုင်ဘူး။ မင်း ကြည့်စမ်းမိကြွက်၊ တို့သာယာကုန်းမှာ လောက်လောက်လားလား လူငယ်တွေဆိုလို့ ဘယ်သူတွေ ရှိသလဲ'

ဒေါ်ကြွက်မ ရုတ်တရက်မဖြေနိုင်သေး။

ဤသို့ ရေနွေးကြမ်းတစ်အိုး၊ လက်ဖက်တစ်ပွဲနှင့်ဇိမ်အကျကြီးကျနေသောဆယ်အိမ်ခေါင်းဦးဉာဏ်ပွင့်က ခေါင်းထောင်ထလာသည်။

'လောက်လောက်လားလားရှိသူဆိုလို့ ကျုပ်မြင်တာပြောရရင် ကျောင်းဒကာဦးဘိုကြီးရဲ့သား မင်းသိမ်းကလေးကပော့ မဆိုးဘူးသူကြီးရဲ့'

'ဘာ··· ဘာ··· ဘယ်လိုကွ'

'ဟုတ်တယ် သူကြီးရဲ့၊ ကောင်ကလေးက အတန်းပညာကလေးကလည်း အတန်အသင့်တတ်တယ်။ ပြီးတော့ သာယာကုန်းရပ်ရွာရဲ့ သာရေးနာရေးဆိုရင်လည်း သူပဲ ဦးစီးဦးဆောင် ခင်ဗျ'

'တော်စမ်းပါ ဉာဏ်ပွင့်ရာ၊ မင်းက အကောင်းချည်းပဲမြင်တာကိုးကွ။ ရွာရိုးကိုးပေါက် ကိုးကျင်းကိုးကျင်းလျှောက် ထန်းရည်ဆိုင်မှာ မူးပြဲနေတဲ့ကောင်ကိုများ၊ ပြီး တောက်··· မလောက်လေးမလောက်စားနဲ့ ငါ့သတိမေ့တတ်တဲ့အပေါ်အခွင့်ကောင်းယူပြီး နောက်တီးနောက်တောက် မြင်းလှုပေါင်လားပေါင်ရဲ့။ တောက်! ငါကတော့ဒင်းကို အခဲမကျေဘူး။ တစ်နေ့နေ့တစ်ချိန်ချိန်တော့ ငါ့ထိပ်တုံးမှာ [illegible]ကနဲ ရောက်လာမယ့်ကောင်။

မင်းလည်း ကြပ်ကြပ်သတိထား ဉာဏ်ပွင့်၊ ဒင်းရယ် ရာအိမ်မှူးမောင်မောင်မြတ်ရယ်၊ ထန်းတောထဲခဏခဏသွားနေတယ်သတင်းရတယ်၊ ကိုယ်က ရပ်ရွာရဲ့အုပ်ချုပ်ရေးမှာ ပါနေတဲ့သူဆိုတာ မေ့မသွားနဲ့၊ အုပ်ချုပ်တဲ့သူဆိုတာ လူရိုသေရှင်ရိုသေရှိဖို့ အရေးကြီးသကွ'

'ဟုတ်··· ဟုတ်ကဲ့ သူကြီး'

ဆယ်အိမ်ခေါင်းဉာဏ်ပွင့်လည်း သူ့ဘက်သို့မြှားဦးလှည့်လာတော့မည် ဖြစ်သည့်အတွက် အခြေအနေမဟန်တော့မှန်းသိကာ လက်ဖက်သုတ်တစ်ဇွန်းကို ပါးစောင်တွင်း ခပ်သွက်သွက်လေးထည့်၍ သုတ်ကနဲ အိမ်ပေါ်မှဆင်းသွားလေတော့၏။

ဆယ်အိမ်ခေါင်းဉာဏ်ပွင့်၏ မထိတထိကလိသွားမှုအပေါ် ဒေါသမကြေသေးသည်က သူကြီးဦးသာယာပင်။ ၎င်း၏ မြှားဦးသည် ဆယ်အိမ်ခေါင်းဉာဏ်ပွင့်မှသည် ဇနီးသည်ဒေါ်ကြွက်မထံသို့ ရောက်ရှိသွားလေ၏။

'ဒီမှာ မိကြွက်၊ ငါဟာ သာယာကုန်းရွာရဲ့ အေးချမ်းသာယာရေးအတွက် ထိပ်တန်းကလုပ်ဆောင်နေရတဲ့သူကွ။ ပြီးတော့မိသားစုအရေးကိုလည်း လုပ်နေရသေးတယ်။

မင်းဟာ ငါ့ရဲ့မယား၊ ဒီတော့ ငါ့အရေးကိစ္စမှန်သမျှဟာလည်း မင်းနဲ့သက်ဆိုင်နေတာပဲ။ လူတစ်ရာဝါးတစ်ရာနဲ့ဆက်ဆံနေရတယ်ဆိုတော့ စကားအပြောအဆိုချိုသာဖို့၊ လူတကာနဲ့လိုက်လျောညီထွေဆက်ဆံတတ်ဖို့ အရေးကြီးတယ်။ ဒါကြောင့် စကားပြောဆိုတဲ့အခါ ဘယ်တော့မှ အထက်စီးကပြောတဲ့လေသံမျိုး၊ ထော်လော်ကန့်လန့်စကားမျိုး၊ ကြောတောတောစကားမျိုးကို ရှောင်ရလိမ့်မယ်'







www.burmeseclassic.com

www.burmeseclassic.com

'နေစမ်းပါဦးတော့၊ ကျုပ်က ဘာတွေဘယ်လိုပြောနေလို့လဲ၊ အင်း… တစ်နေ့မဟုတ်တစ်နေ့ တော့်အနေနဲ့ ဒီလိုစကားမျိုး ပြောလာလိမ့်မယ်ဆိုတာ အတပ်သိနေတယ်'

'အေး အဲဒါပဲ မိကြွက်၊ မင်းဟာ စကားပြောလိုက်တိုင်းမှာ 'အတပ်သိနေတယ်' 'ဒါမျိုးဖြစ်လာလိမ့်မယ်ဆိုတာ ထင်သားပဲ'၊ အဲသလိုမျိုး တင်ကြိုကောက်ချက်ချစကားမျိုးဟာ တဖက်သားအဖို့ မခံချိမခံသာဖြစ်ရတယ် မိကြွက်'

'ဒီမှာ ကိုသာ့ယာ၊ တော် ဝက်ပွဲစားဝင်းမောင်တို့ မြကြည်တို့နဲ့တွေ့လာလို့ ဒီစကားပြောတာလား။ ဟိုနေ့ကလည်း တော်နဲ့ ဗိန္ဓောဆရာဦးအောင်ကြီးမိန်းမ မလှရီတို့ပွဲကျနေတာ ကျုပ်အတပ်မြင်တယ်။ ဒင်းတို့နဲ့တွေ့လာပြီးပြီဆိုတော့ သူတို့ အတို့အထောင်လုပ်လိုက်ပြီဆိုတာ ကျုပ်အတပ်သိနေတယ်။ တစ်နေ့ ဒါမျိုးဖြစ်လာလိမ့်မယ်ဆိုတာ ထင်သားပဲ'

'ဟော ပြောရင်းဆိုရင်း စကားဝသီတွေပါလာပြီ။ ငါ သူတို့နဲ့တွေ့တာလည်း ဟုတ်တယ်။ မင်းနဲ့သူတို့ ဖြစ်ပျက်ခဲ့သမျှ ကြားလာရတာလည်းမှန်တယ်။ သည့်အတွက် စကားကိုဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်းလေး ပြောဆိုဖို့ ငါက သတိပေးချင်တာပါ'

'ဒီမယ် ကိုသာ့ယာ၊ တော်နဲ့ကျုပ်ဟာ လင်မယားပါ။ သူတို့က သူစိမ်းတွေပါ။ နာချင်နာရင် ကျုပ်ဘက်ကနာရမယ့်ဥစ္စာ၊ ခုကျတော့ ကျုပ်ဘက်ကမနာဘဲ သူတို့ဘက်ကနာတယ်ဆိုတော့ ဘာသဘောလဲ'

ဒေါ်ကြွက်မ၏ စကားကိုကြားလိုက်ရတော့ သူကြီးဦးသာယာ အတော်ကလေး စိတ်ညစ်သွားရသည်။ ပြေလည်ရာပြေလည်ကြောင်း၊ အကျိုးသင့်အကြောင်းသင့် ရှင်းပြသည်ကိုလည်း လက်မခံ။ 'ကျုပ်





ထင်တယ်' 'ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ အတပ်သိနေတယ်'ဖြင့်ပင် လုံးကြီးတင်ရုံမက ဆံပင်ခတ်လိုက်ပြန်ပါသေးတော့။

'မဟုတ်သေးပါဘူး မိကြွက်ရာ၊ ငါက မင်းအတွက် ပြေလည်ရာပြေလည်ကြောင်းကို ပြောနေတာပါ။ လူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ အာခံတွင်းထဲရှိတဲ့ လျှာဟာသိပ်အရေးကြီးတယ်။ လက်လေးသစ်လောက်ရှိတဲ့ လျှာလေးတစ်ချောင်းဟာ မုန်းစေချင်ရင်လည်းရတယ်၊ ချစ်စေချင်ရင်လည်းရတယ်၊ 'တစ်ယောက်စကား တစ်ယောက်နားမှာ မခါးရအောင်၊ ပျားသကာလိုချိုလှစေ' ဆိုပြီး ပညာရှိတွေကဆုံးမခဲ့တယ် မဟုတ်လား။ ကိုယ့်ပါးစပ်က ထွက်လာတဲ့စကားလုံးတစ်လုံးဟာ တဖက်သားအတွက် နားခံသာဖို့လိုတယ်။ ဒီတော့ ဆင်ခြင်ပြောဆိုဖို့ အရေးကြီးတယ် မိကြွက်'

'ဒီမှာ ကိုသာယာ၊ ကျုပ် သည်လိုမျိုးပြောလာတာ ခုမှ မဟုတ်ဘူး။ တော်နဲ့အိမ်ထောင်မကျခင်ကတည်းက ပြောလာတာ။ ခုကျတော့ ဟိုဟာမတွေရဲ့ ကြာသံနှာသံနဲ့ အတို့အပင့်လုပ်ပေးလိုက်တာကိုနားဝင်ပြီး ကျုပ်ဘက်ပြသနာလုပ်ရှာတယ်။ မရဘူး မိကြွက်တို့ကို ဒါမျိုးလာမလုပ်နဲ့ မရဘူး။ တော် ခု ပါးစပ်ဟလိုက်တာနဲ့ ဘယ်စကား ဘယ်လိုထွက်လာမလဲဆိုတာ အတပ်သိပြီးသား ဟွန်း… ဟွန်း'

ပြောလေကဲလေ မုန်းလေပြလေဖြစ်လာသည့်အတွက် သူကြီးဦးသာယာစိတ်ထဲ ထောင်းကနဲဖြစ်သွား၏။ သည့်အတွက် ရုပ်ချည်းဆိုသလို အနီးရှိကွမ်းအစ်ထဲမှ ကွမ်းသီးလုံးနှင့်ကောက်ပေါက်လိုက်ရာ ကံအားလျော်စွာပင် ပေါက်လိုက်သောကွမ်းသီးလုံးသည် သူကြီးကတော်၏ အဆီတဝင်းဝင်းနဖူးပြင်နှင့်ဖူးစာဖက်ချစ်သက်ဝေ ဖြစ်သွားခဲ့လေ၏။

'ကဲဟာ… အတပ်သိဦး… အတပ်သိဦး'



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ အလစ်အငိုက်မိသွားလေရာ ဒေါ်ကြွက်မလည်း သူမ၏နဖူးပြင်အား ဖိသတ်ပွတ်ရင်း...

'အောင်မယ်လေး... လေး၊ တော်... လက်လှမ်းလိုက်တည်း က ကွမ်းအစ်ထဲကကွမ်းသီးလုံးကြီးဟာ ကျုပ်နဖူးနဲ့ပြေးမလွတ်တော့ ဘူးဆိုတာ အတပ်သိပါသတော့။ အော့... ဟော့... ဟော့။ အီး... ဟီး... ဟီး... ဟီး'

သည်သို့ ငိုချင်းချလိုက်သည့်သမယ၊ သူကြီးဦးသာယာလည်း ဘာဆက်လုပ်၍ ဘာဆက်ကိုင်ရမှန်းမသိဖြစ်ကာ ရှုးသိုးသိုးမျက်နှာဖြင့် အိမ်အောက်သို့ ဆင်းလာခဲ့ပါသတည်း။

■

ကိုင်းပါတော်

စိတ်ထဲ ဘယ်လိုမှမထားနဲ့

ကျုပ်တို့ သမီးလေးဟာ

မလိမ်မိုး မလိမ္မာမှ

မဟုတ်တာဘဲဟာ။

ကဲ... ရေချိုးတော့...။

ပြီးရင်...

မိသားစု ထမင်းလက်စုံစားကြရအောင်

www.burmeseclassic.com

www.burmeseclassic.com

နေရှိန်လောင်းသည့် နွေမိန်းတပေါင်းသို့ ရောက်ရှိခဲ့ပြန်ပါပြီ။

သည့်လသည်ရာသီသို့ ရောက်ပြီဆိုမှဖြင့် သာယာကုန်းရွာတဝိုက်ရှိ လက်ပံပင်ကြီးများမှာ ရဲရဲနီသောလက်ပံပွင့်များဝေဆာလျက် လှန်းစွာမှတင့်တယ် ရှုမောစရာဖြစ်နေပေတော့၏။ သည်အလှသဘာဝကသာဒအား မျက်စိစပါးမွေးစူးကုန်သော ဆက်ရက်အုပ်တစ်အုပ်မှာ လက်ပံပင်ကိုင်းများသို့ ခိုနားကြပြီးသကာလ ရဲရဲနီသောလက်ပံပွင့်တို့အား ချေမွထိုးစိတ်ကြကုန်၏။

အပွင့်ကလည်းကြွေ၊ လေကလည်းအတိုက်။

တောင်လေကတော့အထိုး၌ ပင်ယံထက်ဆီမှ မြေပြင်သို့ဝဲဝဲဝေ့ဝေ့ကျဆင်းလာသော လက်ပံပွင့်များမှာ လှန်းစွာမှညင်သာသိမ်မွေ့လှပါဘိ။

မင်းသိမ်းတစ်ယောက်တာရိုးပေါ်၌ မတ်တပ်ရပ်နေစဉ်၊ ရွာတွင်းမှ ရေစည်တိုက်ရန်လှည်းတစ်စီးက လှည်းလမ်းကြောင်းအတွင်း လိမ့်လာသည်။

'ဟော့ကောင် မင်းသိမ်း၊ ဘယ်သွားမလို့လဲကွ'

ရေစည်လှည်းကို မောင်းထွက်လာသည့် ငွေတိုးကြီးကနှင်တံကိုဝင့်ရင်း လှမ်းအော်လိုက်သည်။

'ရွာထဲကွ… ရွာထဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါထက် ဒီမနက်စောစောကတင် ဥမ္မာသက်တစ်ယောက် နွားကျောင်းပိတ်လို့ အိမ်ပြန်ရောက်လာပြီတဲ့ကွ၊ အဲဒါ မင်းသိပြီးပြီလား'

'မင်းသိမ်းပဲကွာ၊ ပေါ့သေးသေးမှတ်လို့၊ ဒီသာယာကုန်းရွာနဲ့ ပတ်သက်လာရင် အပ်ကျတာကအစ မင်းသိမ်းတို့မသိတာ မရှိစေရဘူး'

'ဒါဖြင့် မင်း ဥမ္မာသက်တို့အိမ်ဘက်သွားမလို့ပေါ့'

'ဒါပဲပေါ့ကွာ၊ ဥမ္မာသက်ဆိုတာ ငါ့ဘဝရဲ့ ရာသက်ပန်လက်တွဲဖော်ပဲဥစ္စာ၊ မြို့ကျောင်းသွားတက်ကတည်းက မတွေ့ရတဲ့အချစ်ကလေးကို ခုသွားတွေ့မလို့လေ'

'ဟာ··· ကြည့်လည်းလုပ်ပါဦး မင်းသိမ်းရယ်၊ မင်းကို သူကြီးဦးသာယာက သိပ်ကြည့်လို့ရတာ မဟုတ်ဘူးနော်'

'ဒါတွေ အသာထားစမ်းပါ ငွေတိုးကြီးရာ၊ သူကြီးဦးသာယာ ကြည့်မကြည့်ထက် သူကြီးသမီးဖြစ်တဲ့ ငါ့ရဲ့အချစ်ကလေး ဥမ္မာသက် ငါ့အပေါ်ကြည့်ဖို့ အရေးကြီးတယ်။ ကိုင်း··· မင်းလည်း ရေစည်တိုက်ရဦးမယ် မဟုတ်လား။ သွား··· သွား··· ငါလည်း ငါ့အလုပ် ငါလုပ်ရဦးမယ်'

'အေးပါကွာ··· အေးပါ··· အေးပါ'

ငွေတိုးကြီး၏ ရေစည်လှည်းထွက်သွားလေတော့ မင်းသိမ်းလည်း လေကလေးတချွန်ချွန်ဖြင့် တာရိုးလမ်းအတိုင်း ရွာအလယ်ကြောသို့ အသော့နှင်ခဲ့လေတော့၏။

'ဟူး··· ဥမ္မာသက်ကလေး မြို့ကျောင်းသွားတက်ကတည်းက မတွေ့ရတာတော်တော်ကြာပြီ။ မြို့ကိုရောက်လို့ မြို့ကျောင်းသွားတက်နေခဲ့တာဆိုတော့ မြို့ကြီးပုံပေါက်နေရောပေါ့။ နကိုကတည်းက သာ





ယာကုန်းတစ်ရွာလုံး လိုက်မမီတဲ့အချောအလှဆိုတော့ ခုကျရင်ပိုလို့ ပိုလို့တောင်ရှင်းကြော့နေဦးမှာ မြင်ယောင်မိသေးတော့တယ် ဥမ္မာသက်ရယ်'

တစ်ကိုယ်တည်းပီတိအတွေးဖြင့် လျှောက်လာရာရွာတွင်းသို့ ဝင်လာမိခဲ့ပါပကော။ ထိုအချိန်မှာပင် အိမ်တစ်အိမ်မှ အဒေါ်ကြီးတစ်ယောက် ဆွမ်းချိုင့်ကြီးကို မနိုင်မနင်းဆွဲထွက်လာသည်။ သည်မြင်ကွင်းကိုမြင်ရသော မင်းသိမ်းအဖို့ ဖျတ်ကနဲဆိုသလို အကြံဉာဏ်တခုက ခေါင်းထဲသို့ဝင်လာခဲ့၏။

'ဗျို့··· အရီးလေးသန်းတင်၊ ဆွမ်းချိုင့်ကြီး မနိုင်မနင်းနဲ့ ဘယ်ကိုသွားမလို့တုံးဗျ'

ဆွမ်းချိုင့်ဆွဲလာသည်ဆိုကတည်းက ဘုန်းကြီးကျောင်းသွားမည်မှန်း မင်းသိမ်းမသိဘဲနေမှာတဲ့လား။ သိသမှသိသိ သိသိနှင့်တောင်နေပါသေး။ သို့ရာတွင် ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုသလို ပီယဝါစာချစ်ဖွယ်သော ပဋိသန္ထာရစကားကိုဆိုရင်း ရောသောဖောသော လုပ်ချလိုက်သည်။

'ဘုန်းကြီးကျောင်းကိုလေဟယ်၊ နေ့ဆွမ်းသွားကပ်မလို့'

'နေ့ဆွမ်းဆိုတော့ အစောကြီးရှိပါသေးလားဗျာ'

'စာပေမယ့်ဟယ် ဆွမ်းချိုင့်သွားပို့ပေးမယ့်သူမှ မရှိတာ၊ ဒါကြောင့် ဝီရိယရှေ့ထားပြီး ဖြည်းဖြည်း၊ ဖြည်းဖြည်းနဲ့ ကျောင်းကိုသွားပို့မလို့'

'အရီးလေးသန်းတင်ကိုကြည့်ရတာ မသက်သာလိုက်တာဗျာ၊ လူပုံကလေးတိုက်ရင်လဲတော့မယ့်ပုံ၊ ဆွဲထားတဲ့ဆွမ်းချိုင့်ကအလေးကြီး၊ အရီးလေးရဲ့အလေးချိန်ထက် ဆွမ်းချိုင့်ကတော့သာချင်သာလိမ့်မယ်'

'မတတ်နိုင်ဘူးဟယ်၊ သွားလေသူနှင့်ဘကြီးဖြိုးထိန် ပြီးသွာ



www.burmeseclassic.com

www.burmeseclassic.com



ဘဝရောက်နေရင် လွှတ်ရာလွှတ်ကြောင်းအတွက် တစ်နှစ်တစ်ခါ ဆွမ်းကပ်ပြီး အမျှဝေဝေပေးနေရတာ'

'အင်း ဘာလိုလိုနဲ့ဘကြီးဖြိုးထိန် မာလကာကြွသွားတာ သုံးနှစ်တင်းတင်းတောင် ပြည့်ပြီပဲ။ ပြောမယ့်သာပြောရတာ ဘကြီးဖြိုးထိန် စောစောစီးစီးကြွသွားတာလည်း အကောင်းသားဗျ။ ဘာမှ အလုပ်ကို လက်ကြောတင်းအောင်မလုပ်၊ အရီးလေးဆီက ပိုက်ဆံလက်ဖြန့်တောင်း၊ တောင်းလို့ရရင်ဘုံဆိုင်ပြေး၊ တောင်းလို့မရရင် မိန်းမကိုရန်လုပ်နဲ့ ဘာတစ်ခုမှကောင်းတာမရှိဘူး။'

'အဲသလိုလည်း သွားလေသူငါ့ယောကျ်ားကို မပြောပါနဲ့ဟယ်၊ သူ့မှာ တစ်ခုကောင်းတော့ရှိပါတယ်။ ဒါလေးနဲ့ပဲ နာစရာရှိရင် လွမ်းစရာနဲ့ ဖြေဖြေနေရတာ'

'ကိုင်းပါအရီးလေးရယ်၊ ပြီးတာတွေလည်းပြီးပါစေတော့။ အရီးလေးသယ်ရပြုရသက်သာအောင် ကျွန်တော်လ ကသိုလ်ရအောင် ဆွမ်းချိုင့်ကိုကျွန်တော်ပဲသွားပို့ပေးလိုက်မယ်။ ဘုန်းကြီးဆွမ်းချိန်နီးတော့မှ ကျောင်းကိုလာခဲ့ပေါ့။ ဟုတ်ပလား'

'ကျေးဇူးပါပဲ မောင်မင်းကြီးသားရယ်။ သာဓုပါတော် သာဓုပါ၊ ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ အနာမျိုးကိုးဆယ့်ခြောက်ပါးဘေးက ကင်းဝေးပါစေ'

သို့ကလို ဆုတွေတစ်သီကြီးပေးပြီးနောက် အရီးလေးသန်းတင်လည်း ၄င်းလက်ထဲရှိဆွမ်းချိုင့်အား မင်းသိမ်းလက်ထဲသို့ ဝကွက်အပ်နှံလိုက်လေသည်။

တကယ်တမ်းအမျိုးစပ်ကြည့်လျှင် သွားလေသူဘကြီးဖြိုးထိန်က မင်းသိမ်းနှင့်ပို၍ သွေးသားတော်စပ်သည်။ အရီးလေးသန်းတင်ဆိုသည်က ဘကြီးဖြိုးထိန်နှင့်နှယ်သဖြင့် တော်စပ်လိုက်ရသောအရီးလေးဖြစ်၏။





ပြောမည့်သာပြောရသည် အရီးလေးသန်းတင်ကို မင်းသိမ်းစိတ်ထဲဘဝင်မကျပေ။ အရီးလေးသန်းတင်က ပစ္စည်းအပေါင်ခံသူ၊ အတိုးမတန်မဆဖြင့် ငွေချေးသူ၊ အိမ်တကာလှည့်၍ အတင်းအဖျင်းချတတ်သူ၊ အသုဘပေါ်လျှင် ဖဲဝိုင်း၌ မိန်းမချင်းဖဲပွတ်ဝါသနာကြီးသူ၊ သည့်အတွက် မင်းသိမ်းအဖို့စိတ်ထဲ၌ ဘဝင်မကျခြင်းပါပေ။

ခုတော့လည်း သူဘဝင်မကျသော အရီးလေးသန်းတင်အား ပညာပေးရမည်မို့ စိတ်ထဲမှာမြူးနေမိသည်။

ဆွမ်းချိုင့်ကြီးကိုဆွဲလျှက် ရွာထဲလျှောက်လာရင်း သူကြီး ဦးသာယာအိမ်ရှေ့အရောက် မင်းသိမ်းခမျာတုန့်ကနဲဖြစ်သွားပြီး ရင်အစုံမှာလည်း တဒုန်းဒုန်းနှင့်တုန်လှုပ်သွားခဲ့လေတော့သည်။

'ဟာ ဥမ္မာ'

တစ်သွေးတစ်မွေးနှင့် အလှကြီးလှနေရှာသော ဥမ္မာသက်တစ်ယောက်ခြံထောင့်ရှိ စံပယ်ရုံ၌စံပယ်ပွင့်ကလေးများ ခူးဆွတ်နေသည်ကို ရုတ်ချည်းတွေ့မြင်လိုက်ရရာ မင်းသိမ်းအဖို့မတုန်မလှုပ်၊ ကျောက်ရုပ်ဖြစ်သွားလေပြီလား မသိတတ်တော့။

ဥမ္မာသက်ကား မြို့မှာအနေကြာ၍လားမသိ။

အသားအရည်မှာ ဖြူဝင်းစိမ်းဖန့်နေလေသည်။ ဆံပင်၏ကောင်းခြင်း၊ အသားအရည်၏ကောင်းခြင်း၊ အရွယ်၏ကောင်းခြင်းတို့ကြောင့် သက်ရှိကြွေရုပ်ကလေးတစ်ရုပ်နှင့်မခြား။

'ဥ… ဥ… ဥမ္မာသက်'

သူလှမ်းခေါ်လိုက်သည်။ သူ့အသံကြောင့် ဥမ္မာသက်ခေါင်းမော့လာခဲ့၏။

'ဟင်… မင်း… မင်းသိမ်း'

ဥမ္မာသက်မှာလည်း ကစားရွယ်ငယ်စဉ်ကတည်းက ဆိုးရင်းလာခဲ့သော သံယောဇဉ်အရိပ်အငွေ့တို့၏ လှုပ်ခတ်မှုကြောင့် အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းသာသွားရသည်။ အကြည့်ချင်းဆုံတော့ နှစ်ဦးသား ရင်ခုန်လှုပ်ရှားရပါသည်။

ရင်ခုန်လှုပ်ရှားဆို နှစ်ဦးသား၏အရွယ်တွေက ကလေးအရွယ်လွန်မြောက်ကာ အချစ်ညွှန့်၊ အချစ်သွေ့ကလေးများ လူးလွန့်ရှင်သန်လေ့ရှိသည့် အနေအထားပင် မဟုတ်ပါကလား။

'ဟဲ့အကောင် မင်းသိမ်း၊ နင်ဘာလာလုပ်တာတုန်း'

အိမ်ပေါ်မှဆင်းလာသော သူကြီးကတော်ဒေါ်ကြွက်မ၏အသံ။

ဒေါ်ကြွက်မ၏အသံက လော်စပီကာအသံတမျှ ကျယ်လောင်ပါသော်ငြား မင်းသိမ်း၏နားအတွင်းသို့ မထွင်းဖောက်နိုင်ခဲ့။ ချစ်ခြင်းတရား၏ခံတပ်က ဒေါ်ကြွက်မ၏အသံအား ကြံ့ကြံ့ခံတားဆီးပေးထား၏။

'ဟဲ့ အကောင်၊ ဒီကိုဘာလာလုပ်တာတုန်း'

ဒုတိယမ္ပိနှစ်ကြိမ်မြောက်သည့်တိုင် တိုက်စစ်သည် ခံစစ်ကို ကျော်လွှားထိုးဖောက်ခြင်း မပြုနိုင်ခဲ့။

'ဥမ္မာရယ် မတွေ့မမြင်ရတာ ဘယ်ကလောက်တောင်ကြာပြီလည်း မသိဘူးနော်။ ခုလိုမျိုး မမျှော်လင့်ပဲပြန်တွေ့ရပြန်တော့ ကိုယ်လေမင်းကလေးအပေါ် ချစ်တဲ့စိတ်မြဲသိပ်မထားနိုင်တော့ဘူး ဥမ္မာရယ်'

ရင်ထဲမှပေါ်ထွက်လာသော အချစ်လှိုင်း၏ ပုံတင်ရိုက်ခတ်မှုများ။

'ဟဲ့အကောင် မင်းသိမ်း'

ဒေါ်ကြွက်မ မနေသာတော့။

ခါးကိုလက်နှစ်ဖက်ထောက်လျက် တအားကြုံးအော်တော့မှ မင်းသိမ်း၏ နားခံတပ်မှာ ယိုင်နဲ့လဲပြိုသွားရတော့သည်။

'ဗျာ'

'ဟဲ့ ငါနင့်ကိုအော်ခေါ်နေတာ ငါ့အသံတောင်ပျောက်တော့





မယ်။ အော်မကြားခေါ်မကြားဖြစ်ရအောင် နင့်နားထဲဘာများဆို့ထားသလဲ'

'အဟဲ ဥမ္မာ ဆို့… ဆို့'

'ဘာ'

ဥမ္မာသက်လည်း မင်းသိမ်းတစ်ယောက် ယောင်တီးယောင်တဖြစ်နေပုံကို ခွိခနဲ လက်ဝါးပိတ်ရယ်လိုက်ရင်း အိမ်ပေါ်သို့လှမ်းတက်သွား၏။

'ဟို… ဟို… ဟိုဒင်းလေ… အဲ့ဒါ…အဲ့ဒါ'

'ဟဲ့ ဘာဖြစ်နေရတာလဲ'

'ဟို ဥမ္မာ ကျောင်း… ကျောင်း၊ မြို့ကျောင်းကနေ ဘယ်တုန်းကပြန်ရောက်လာသလဲလို့ မေး၊မေး… မလို့ပါ'

'အောင်မာ မဆီလေးရယ်တဲ့အိုမဆိုင်၊ နင်နဲ့ငါ့သမီးဥမ္မာက ဘယ်လိုများပတ်သက်လို့လဲ သွားစမ်း၊ ဟဲ့ အကောင်'

'အို သူကြီးကတော်ကလည်းဗျာ။ အခု မပတ်သက်လည်း နောင်… နောင်တော့'

'တော်စမ်း ဖိနပ်စာမိချင်လို့နဲ့တူတယ်'

'သူကြီးကတော်ရယ် ဥမ္မာနဲ့ကျွန်တော်က တချိန်တုန်းက ဟောဒီသာယာကုန်းရွာမှာ ကစားဖော်ကစားဖက် ငယ်သူငယ်ချင်းတွေမဟုတ်လား။ ခုလည်း သူငယ်ချင်းပြန်လာတယ်ဆိုလို့'

'ဟုတ်တယ်၊ ငါ့သမီးပြန်လာတာ တွေ့ပြီမဟုတ်လား။ ကဲ သွားတော့'

'သွားပါ့မယ် သူကြီးကတော်ရယ်၊ ဒါထက်သူကြီးကော မမြင်ပါလား'

'မမြင်ဆို အပြင်သွားနေလို့ပေါ့ဟဲ့ ကိစ္စမရှိရင်ပြန်တော့'

ဒေါ်ကြွက်မအဖို့ ရွှေစွန်ညိုဘာကြောင့်ဝဲသည်ကို သိထားနှင့်



www.burmeseclassic.com

www.burmeseclassic.com



လည်နေရကား မင်းသိမ်းအား အတင်းကာရောနှင်လွှတ်နေတော့သည်။ မင်းသိမ်းအဖို့ အခွင့်သာခိုက်သာသည့်အခွင့်ပေါ်၌ ဘယ်လိုအလိုက်အထိုက်လုပ်ရမည်ကို စဉ်းစားရင်းမှ ဖျတ်ခနဲအကြံရလာခဲ့သည်။

'သူကြီးကတော်'

'ဟဲ့ ဘာတုန်း'

'ကျွန်တော်ဒီကိုလာတာ အကြောင်းမဲ့လာတာ မဟုတ်ပါဘူးဗျာ၊ ဦးမှာတစ်ယောက်မြို့ကနေ ခုမနက်ရောက်လာတယ်ဆိုတာ သိရတော့ သူကြီးကတော်တို့လည်း ဝမ်းသာလုံးဆို့ပြီး မိသားစုစားဖို့ ဘာမှလုပ်ကိုင်နိုင်ဦးမယ်မထင်တာနဲ့ အိမ်ကချက်လာတယ်၊ ထမင်းတွေ ဟင်းတွေလာပို့တာပါဗျာ ကိုင်း ရော့… ရော့'

ပြောပြောဆိုဆိုနှင့်မင်းသိမ်းက ၄င်းလက်ထဲရှိဆွမ်းချိုင့်ကြီးအား ထိုးပေးလိုက်သည်။ ဤ၌တွင်နဖူးကြောများတင်းနေသည့် ဒေါ်ကြွက်မလည်း အကြောတွေအတန်ငယ်ပြေလျော့ကုန်တော့၏။

'သြော် ဒီလိုလား၊ အင်း ငါ့သမီးပြန်ရောက်လာရင်တော့ ဒီလိုဖြစ်လိမ့်မယ်ဆိုတာ ငါကြိုသိနေခဲ့တယ်။ ခု ကြိုသိနေတဲ့အတိုင်း ဖြစ်လာရပြီပေါ့။

သမီးရေ ဦးမှာ၊ လာခဲ့ပါဦးဟေ့။ ဟောဒီမှာ တို့တွေစားဖို့အတွက် မောင်မင်းသိမ်းက ထမင်းချိုင့်လာပို့တယ်ဟေ့'

မိခင်၏အသံကြောင့် ဦးမှာသက်လည်း အိမ်ထဲမှပြန်ထွက်လာသည်။ မိခင်လှမ်းပေးသော ထမင်းချိုင့်ကိုလှမ်းယူရင်း…

'ကျေးဇူးပါပဲ မင်းသိမ်း၊ ခဏနေဦးနော် ငါထမင်းဟင်းတွေ လှယ်ထည့်လိုက်ဦးမယ်'

'မလှယ်နဲ့ မလှယ်နဲ့ ညနေမှတစ်ယောက်ယောက်နဲ့ ချိုင့်ကို လာယူခိုင်းလိုက်မယ်။ ကိုင်း သွားမယ်ဦးမှာ'





'အေး… အေး'

မင်းသိမ်းလည်း ဦးမှာသက်အား ရွှန်းရွှန်းစားစားကြည့်လျှက် နှုတ်ဆက်အပြီး ပြန်ထွက်လာခဲ့လေသည်။ ရင်ထဲမှာတော့ ပြောမပြတတ်အောင် ဝမ်းသာလုံးတွေ ဆို့နေခဲ့တော့၏။

သာယာကုန်းရွာသူကြီးဦးသာယာ အိမ်ပြန်ရောက်ချိန်ကား မနက်ပိုင်း ထမင်းစားချိန်ဖြစ်လေသည်။

သူ့အိမ်ထဲဝင်တော့ ထမင်းပိုင်းကအဆင်သင့်။

'အဘ ခဏနားပြီးရင် ရေချိုးတော့။ ပြီးရင် ထမင်းစားကြမယ်'

'အေး… အေး။ ဟဲ့ မိကြွက် ချက်တာပြုတ်တာမြန်လှချေကလား။ စားပွဲပေါ်မှာလည်း ဟင်းခွက်တွေစုံလို့ ဘာဟင်းတွေများပါလိမ့်'

'စုံပါ့တော် စုံပ… စုံပ။ ဝက်သားနဲ့ပဲငပိချက်ရယ်၊ ချဉ်ပေါင်နဲ့မျှစ်ကြော်ရယ်၊ ငါးခေါင်းဟင်းချိုရယ်၊ တို့စရာသခွားသီး၊ တညင်းသီး၊ ပဒတ်စာရယ်'

'အို စုံလှပါကလား၊ ဟင်းအမယ်တွေကြားရတာနဲ့ တံတွေးတောင်သီးချင်လာပြီ။ ကော့် ငါ့သမီးလေးလည်း ဝင်ကူချက်ပေးတယ် ထင်ပ'

'ဘယ်ကလာ ကျုပ်တို့ ချက်ဖို့ပြုတ်ဖို့စီစဉ်နေတုန်း ကျောင်းဒကာဦးဘိုကြီးရဲ့သား မင်းသိမ်းလေ၊ ကျုပ်တို့အိမ်သားတွေ စားဖို့ဆိုပြီး လာပို့တာတော့'

'ဟေ'

သူကြီးဦးသာယာ မျက်လုံးပြူးလျှက် အာမေဋိတ်သံ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် အဲဒီလိုပြောလိုက်ရင် တော် အံ့အားသင့်သွားမယ်ဆိုတာ အတပ်သိနေတယ်လေ။ ကောင်လေးက လူငယ်ဘဝနောက်နောက်ပြောင်ပြောင်နေတတ်တယ်ဆိုပေမဲ့ လူရေးလူမှုတော့ သိတတ်သားတော်ရဲ့'

'ဟာ မင်းကလည်း အသလွတ်ချီးမွမ်းနေ။ သမီးရှိနေလို့ကွာ ပြောကိုမပြောချင်ဘူး။ တို့လင်မယားချည်းရှိနေတုန်း ဘယ်နှခါလာပို့ဖူးလို့လဲ။ သမီးလေးပြန်ရောက်လာမှ လာပို့တယ်ဆိုတော့ ဒါသဘောရိုးနဲ့တော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး'

'ဟုတ်ပါ့တော် ဟုတ်ပ၊ ဒီကောင်လေး ချိုင့်လာပို့တုန်းက ကျုပ်လည်း ဒင်းမှာအကြံအစည်တစ်ခုခုတော့ ရှိလိမ့်မယ်လို့ အတပ်သိနေပြီးသားပါ။ ပြီးတော့ တော့်ကို ထမင်းချိုင့်လာပို့တဲ့အကြောင်း ပြောလိုက်ရင် တော့်ပါးစပ်က ဒီလိုစကားမျိုးထွက်လာလိမ့်မယ်ဆိုတာ ကြိုသိနေပြီးသား'

ဇနီးသည်ဒေါ်ကြွက်မ၏ ထုံးစံဝသီဖြစ်နေသော အတပ်သိနေပြီးသား၊ ကြိုသိနေပြီးသားဆိုသည့် တင်တင်စီးစီးစကားများကြောင့် ဦးသာယာအဖို့ နာမည်နှင့်မလိုက်အောင် မသာမယာဖြစ်သွားလေတော့၏။

'ကိုင်းပါတော် စိတ်ထဲဘယ်လိုမှမထားနဲ့ ကျုပ်တို့သမီးလေးဟာ ပညာတတ်ပါ။ မလိမ်မိုးမလိမ်မာမှ မဟုတ်ပဲဟာ။ ကဲ ရေချိုးတော့။ ပြီးရင် မိသားစုထမင်းလက်စုံစားရအောင်'

ဒေါ်ကြွက်မ၏ စကားနည်းရန်စဲမှုကို နာခံပြီးသကာလ၊ ဦးသာယာလည်း ရေမိုးချိုး၏။ ပြီးတော့ ထမင်းဝိုင်းသို့ဝင်၏။

သည့်နောက်မှာတော့ မိသားစုသုံးယောက်သား ဟင်းကောင်းကျွေးကောင်းများကို ခေါင်းမဖော်တမ်း လွေးကြလေတော့သတည်း။

■

ဘယ်ကိုသွားသွား
မင်း အပူတစ်ပြားသားမှ မပါဘူး
တောက်...
နှစ်လုံးပြူးမရှိတဲ့
သူကြီးမို့လို့သာပေါ့ကွာ။
နှစ်လုံးပြူးသာရှိလို့များကတော့
တခါတည်းကို မွစာကြဲနေအောင်ကို
မွှေထည့်ပစ်လိုက်မယ်။
တောက်...
ပျော့ပျော့လေးနဲ့နံတဲ့ကြောင်ချေး

www.burmeseclassic.com

www.burmeseclassic.com

သာယာကုန်းကျောင်းဆရာတော် ဦးဂန္ဓမာကား သည့်ကနေ့ ဒကာမကြီးဒေါ်သန်းတင် ခင်ပွန်းသည်ဒကာကြီးဦးဖြိုးထိန်ကွယ်လွန်ခြင်း သုံးနှစ်ပြည့်အတွက် နေ့ဆွမ်းလာကပ်မည်ဆိုသည့်အတွက် ကျောင်းအပေါ်ထပ်ပြတင်းပေါက်တွင် လက်ထောက်လျက် တမျှော်မျှော် ဖြစ်နေလေသည်။

မမျှော်၍လည်းမဖြစ်။

ကျောင်းနံရံရှိ ချိန်သီးနာရီကိုကြည့်လိုက်တော့ မနက်ဆယ်နာရီ ပင်ခွဲလုနေပါပြီကော။

'ဟော… ဟော… လာနေပြီ၊ လာနေပြီ။ ဒကာမကြီး ဒေါ်သန်းတင် လာနေပြီ။ ဟင်… လက်ထဲမှာလည်း ဘာမှဆွဲမလာပါလား'

ခပ်ဝေးဝေးမှ လှုပ်လီလှုပ်လဲ့နှင့်တရွေ့ရွေ့လာနေသည့် ဒကာမကြီးဒေါ်သန်းတင်လှမ်းမြင်လိုက်ရ၍ ရုတ်ကနဲဝမ်းသာသွားရသော်လည်း လက်ချည်းဗလာကို တွေ့မြင်လိုက်ရတော့ ဟိုက်ကျသွားရပြန်သည်။

'တစ်ယောက်ယောက် အနောက်က ချိုင့်ဆွဲပြီးလိုက်လာမှာနဲ့ တူပါရဲ့'



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြေတွေး တွေးပြီးသကာလ သက်န်းကိုသပ်ရပ်စွာ ပြန်ရုံရင်း နေကထိုင်ပေါ်ဝယ် ခန့်ခန့်ကြီးထိုင်တော်မူလိုက်သည်။

သိပ်မကြာလိုက်။

ကျောင်းလှေကားလက်ရမ်းကိုကိုင်လျက် အရီးလေးသန်းတင်သည် ဖြည်းညှင်းစွာ ကျောင်းအပေါ်ထပ်သို့ တက်လာသည်။

'ဟော… ဒကာမကြီးတောင် ရောက်လာမှကိုး'

'တင်ပါ့ဘုရား'

သည်သို့ဖြေကြားရင်း အရီးလေးသန်းတင်လည်း ဘုရားရှိခိုးပြီး ဘုန်းတော်ကို ဦးသုံးကြိမ်ချလိုက်သည်။ ပြီးနောက် ကျောင်းထိုင်ဆရာတော်ကြီးဦးဂန္ဓမာအား ဝတ်ဖြည့်လိုက်လေသည်။

'ဘယ်သူတွေများ ပါသေးတုံး ဒကာမကြီး'

'ဘုရား'

အဓိပ္ပါယ်တမျိုးနှင့်မေးလိုက်သော ဆရာတော်ကြီးဦးဂန္ဓမာ၏ စကားကို အရီးလေးသန်းတင် သဘောမပေါက်ခဲ့ပါ။

'သြော်… ဒကာမကြီးနောက်မှာ ဘယ်သူတွေများ လိုက်ပါလာသလဲလို့ မေးတာပါ'

'တင်ပါ့… တပည့်တော်မ တစ်ယောက်တည်းပါပဲဘုရား။ ဒါထက် အရှင်ဘုရား ဆွမ်းဘုဉ်းပေးချိန်တောင်ရောက်နေပြီ။ ဘယ်သူမှ ဆွမ်းပြင်ထားတာ မတွေ့ပါလား ဘုရား'

'မတွေ့ဆို ဒကာမကြီးမှ ဆွမ်းချိုင့်မပို့သေးတာ ဘယ်ပြင်လို့ရမှာတဲ့တုံး'

'တပည့်တော်မ ကျောင်းဒကာဦးဘိုကြီးရဲ့သား မင်းသိမ်းက ဆွမ်းချိုင့်သူသွားပို့ပေးမယ်ဆိုလို့ သူ့လက်ထဲထည့်ပေးလိုက်တာဘုရား။ အချိန်တောင် အတော်ကလေးကြာသွားပြီ'





'ဟယ်! မဟုတ်ကဟုတ်က ဒကာမကြီးရယ်၊ မင်းသိမ်းလည်း မလာဘူး။ မင်းသိမ်းတင်မကဘူး၊ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှ ကျုပ်ကျောင်းထဲဝင်မလာပါဘူးဗျာ၊ ဒကာမကြီးရဲ့ဆွမ်းချိုင့်ကို စောင့်နေရတာနဲ့ ကျုပ်တော့ ဒီကနေ့သပိတ်ကို ခရေကျင်းပြီးသောက်ရမယ့် ကိန်းဆိုက်နေပြီ'

'ဒါ…ဒါဆို၊ ခဏလေးစောင့်တော်မူပါဘုရား၊တပည့်တော်မ အချိန်မီပြည့်ပြည့်စုံစုံ စီစဉ်ပေးပါ့မယ်ဘုရား'

ရင်ထဲကျလိကျလိဖြစ်လာသော ဒေါသကိုမြိုသိပ်လျက် အရီးလေးသန်းတင်လည်း ကမန်းကတမ်းပင် အိမ်သို့အသော့နှင်ရသည်။ အိမ်နီးနားချင်းများကို အကူအညီတောင်းကာ အမြန်ဆုံးကြော်လှော်ပြီး ဆွမ်းထမင်းကိုချေးငှားလျက် ကျောင်းသို့ပြန်လာပြီး အချိန်မီ ဆွမ်းကပ်လိုက်ရသည်။

ဆွမ်းကိစ္စပြီးလေတော့ ဆရာတော်ကသွားလေသူ ဒကာကြီးဖြိုးထိန်ကိုရည်စူးကာ သာဓုအနုမောဒနာတရားများကို ချီးမြှင့်လေသည်။ တရားတော်အဆုံး၌ 'ကိုဖြိုးထိန်ရေ အမျှ… အမျှ… အမျှ' ဟူ၍ရွတ်ဆိုရင်း သာဓုသာခေါ်လိုက်ရသည်။ စိတ်ထဲမှာတော့ မလိမ့်တပတ်လုပ်သွားသော မင်းသိမ်းအား စဥ့်တီတုံးပေါ်တင်ကာ နုတ်နုတ်စင်းပစ်ချင်စိတ်များသာ စိုးမိုးနေတော့သည်။

'သိကြရောပေါ့ မင်းသိမ်းရေ၊ တွေ့ရာသချိုင်းဓားမဆိုင်းဘူးဟေ့၊ ဓားမဆိုင်းဘူး'

ကျောင်းမှပြန်တော့ အိမ်သို့တန်းမပြန်ပဲ သူကြီးအိမ်သို့ခြေဦးလှည့်ခဲ့သည်။တရားလက်လွတ်လုပ်လို့က ဥပဒေနှင့်လွတ်မည်မဟုတ်။ သည်တော့ အနီးသာယာကုန်းရွာသူကြီးကို တင်ပြတိုင်တောပြီး ဥပဒေအရ အရေးယူခိုင်းရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



**အခေါ့သင့်ဆိုသလိုပင်** သူကြီးအိမ်ရောက်တော့ သူကြီးနှင့် **တကွ သူကြီးကတော်ဒေါ်ကြွက်မ၊** ပြီးတော့ မြို့ကျောင်းမှပြန်ရောက်လာသည့် ၄င်းတို့၏ သမီးချောအလှပိုင်ရှင်မလေး ဥမ္မာသက်ကိုပါ တွေ့လိုက်ရသည်။

'ဟယ်… မသန်းတင်ပါလား၊ လာ… လာ။ မတွေ့တာတောင် အတော်ကလေးကြာလှပေါ့။ ဒီကနေ့တော့ မသန်းတင်ရောက်လာလိမ့်မယ်ဆိုတာ ကြိုသိနေတယ်။ မသန်းတင်လာမှပဲ ရွာထဲက ဖြုတ်စဖျင်းတောင်းတွေ ကြားရတော့မယ်။ ကိုင်း… ဘာများထူးပါလိမ့်'

ဇနီးသည်ဒေါ်ကြွက်မ၏ ဝသီထုံးစံအတိုင်း 'ကြိုသိနေတယ်' ဆိုသည့် စကားအသုံးအနှုန်းကြောင့် သူကြီးဦးသာယာလည်း မျက်စောင်းတစ်ချက် ခဲကြည့်လိုက်သည်။

'ပြောမပြောချင်တော့ပါဘူး မကြွက်မရယ်၊ …ကျောင်းဒကာဦးဘိုကြီးရဲ့သား မင်းသိမ်းဆိုတဲ့အကောင်ပေါ့၊ ကျုပ်ကိုအကြီးအကျယ် ဒုက္ခပေးသွားလို့ သူကြီးကိုအရေးယူပေးဖို့ လာတိုင်တာ'

'အို… ဘယ်လိုများဖြစ်ရတာတဲ့တုံး'

အရီးလေးသန်းတင်၏ စကားကြောင့် ဥမ္မာသက်ခမျာ မျက်လုံးလေးအဝိုင်းသား ဖြစ်သွားရသည်။ သူမနှင့်မင်းသိမ်းတို့ အနေဝေးကွာနေသည့် ကာလများ၌ မင်းသိမ်းတစ်ယောက် ကျေးရွာ၏ချဉ်ဖတ်များ ဖြစ်နေလေပြီလား။

'ဟဲ့… မသန်းတင် ပြောစမ်း၊ အဲဒီ မင်းသိမ်းဆိုတဲ့ကောင်နင့်ကို ဘယ်လိုအကြီးအကျယ်ဒုက္ခပေးသွားသလဲ'

'ဒီလိုပါ သူကြီးရယ်၊ သူကြီးလည်းသိသားပဲ၊ သူကြီးနဲ့ တစ်ချိန်ကသောက်ဖော်စားဖက် ကျွန်မလင် ကိုဖြိုးထိန်ဆုံးတာ သုံးနှစ်





ဆောင်းတင်းပြည့်လို့ မနက်ကပဲ ဘုန်းကြီးဆွမ်းကပ်ရအောင် ဆွမ်းချိုင့်ထည့်ယူလာတယ်။ အဲဒီမှာ လမ်းမှာမင်းသိမ်းနဲ့တွေ့လို့ သူကအကျိုးအကြောင်း မေးပြီး ဆွမ်းကပ်ချိန်မှကျောင်းကိုသွား အလေးအပင်ကြီးသူသယ်သွားမယ်ဆိုလို့ ယုံကြည်စိတ်ချစွာနဲ့ပဲ ဆွမ်းချိုင့်ကိုသူ့လက်ထဲ ထည့်လိုက်ပါတယ်။ ဆွမ်းကပ်ချိန်နားရောက်တော့ ကျောင်းကိုရောက်သွားတဲ့အခါ ဆရာတော်ကြီးက ဆွမ်းချိုင့်ရောက်မလာဘူးတဲ့'

'နေပါဦး မသန်းတင်၊ အဲဒီ ဆွမ်းချိုင့်ထဲမှာ ဝက်သားနဲ့ပဲဝိချက်ရယ်၊ ချဉ်ပေါင်နဲ့မှုစ်ကြော်ရယ်၊ ငါးခေါင်းဟင်းချိုရယ်၊ တို့စရာ သခွားသီး၊ ခရမ်းသီး၊ ပဒက်စာတို့ပါတယ် မဟုတ်လား'

'ဟယ်… သိပ်သေချာတာပေါ့ သူကြီးရယ်၊ သူကြီးက အကြားအမြင်တွေဘာတွေ ရလို့ပါလား၊ အဲဒီ ဘုန်းကြီးကပ်မယ့် ဆွမ်းထမင်း၊ ဆွမ်းဟင်းတွေကို ဘယ်မှာများ ဘယ်အပေါင်းအသင်းတွေနဲ့အပင်းလွှိုလိုက်လဲမသိဘူး။ အင်မတန်ငတ်ကြီးကျတဲ့ အကောင်တွေ နောက်ဘဝတော့ ငရဲအိုးထဲ တန်းကနဲနေမှာပဲ'

အရီးလေးသန်းတင်စကားကြောင့် သူကြီးအပါအဝင် မိသားစုသုံးဦးသား မျက်စိမျက်နှာပျက်သွားခဲ့ကြသည်။

'အဲဒါ မင်းသိမ်းကိုခေါ်စစ်ပြီး ပြင်းပြင်းထန်ထန်အရေးယူပေးပါလို့ လာတိုင်တာပါ။ ဆရာတော်ကြီးကိုသာ အသိပေးလိုက်ရင် မင်းသိမ်းရော၊ အထိန်းအသိမ်းညံ့တဲ့ ကျောင်းဒကာဦးဘိုကြီးပါ ဆရာတော်ကြီးရဲ့ ကြိမ်လုံးစာမိမှာ။ ကျွန်မ တပင်တပန်းချက်ပြုတ်ထားတဲ့ ဟင်းကောင်းကျွေးကောင်းတွေ မြိန်ဆို့ကြတဲ့အကောင်တွေ ကာလနာတိုက်ပါစေတော်၊ လည်ချောင်းထဲတစ်ဆို့ပြီး အသက်ရှုရပ်ပါစေတော်၊ ငရဲကြီးရှစ်ထပ်မှာ ကျွမ်းပြန်နေပါစေတော်'

'တော်စမ်း မသန်းတင်၊ နင်တိုင်စရာရှိတာတိုင်ပြီး… ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တော့ ငါ့အိမ်မှာမကြားဝံ့မနာသာ ကျိန်စာတွေတိုက်မနေနဲ့'

'ဟုတ်… ဟုတ်ကဲ့၊ မကျိန်နဲ့ဆို မကျိန်တော့ပါဘူး။ သင်းကိုသာရှာဖွေစစ်ဆေးပြီး ပြင်းပြင်းထန်ထန် အရေးယူပေးပါ။ ကိုင်း… ကျွန်မပြန်မယ်'

'ပြန်… ပြန်'

အရီးလေးသန်းတင် အိမ်ပေါ်မှ ပြန်ဆင်းသွားတော့ ဒေါ်ကြွက်မက တစခန်းထလာသည်။

'အင်း… ဒီအကောင် ချိုင့်ကြီးကိုလာပေးကတည်းက မဟုတ်မဟတ်တွေ ဖြစ်လာတော့မယ်ဆိုတာ ကြိုအသိသား'

'တောက်! တော်စမ်း မိကြွက်၊ မင်း အစကတည်းက ဒီလို မဟုတ်မဟတ်ဖြစ်မယ်ဆိုတာ ကြိုသိရင် လက်မခံပဲပြန်ပေးလိုက်ပါက လား။ ခုလက်ခံလိုက်လို့ ငါတို့မိသားစု ဘယ့်ကလောက်နာသာခံခက် ဖြစ်ရသလဲ။ အဲဒါ မင်းဟာ ငါးစားသာမြင်ပြီး ငါးမျှားချိတ်မမြင်လို့ပဲ တယ်လေ… ငါ…'

'ဟုတ်ပ ကျုပ်လည်း တော် ကျုပ်အပေါ်အပြစ်တင်လာလိမ့် မယ်လို့ အတပ်သိနေတယ်'

'ဟာ… တော်စမ်းကွာ… တော်စမ်း'

ထိုအခိုက် ဆယ်အိမ်ခေါင်းဉာဏ်ပွင့်တစ်ယောက် သမုတ်အ တွက် ဝေက်ကဒဏ်ခံရမည့်ကိန်းဆိုက်ကာ သူကြီးအိမ်သို့ဝင်လာမိ ခဲ့လေတော့၏။

'မင်းရောက်လာတာနဲ့အတော်ပဲ ဉာဏ်ပွင့်'

'အဟီး… ဘာတွေများ ချက်ထားပြုတ်ထားလို့လဲ သူကြီးရဲ့ ဒါနမြောက်အောင်တော့ အားပေးရမှာပေါ့လေ'

'တောက်! အရေးထဲ ငေါ်ကြီးကလည်းကျရသေးကွာ။ မင်း





ဟောဟိုမှာ ချိတ်ထားတဲ့လေးခွနဲ့လောက်စာလုံးအိတ်ကိုလွယ်ပြီး ငါနဲ့ လိုက်ခဲ့စမ်း'

'ဘယ်ကိုသွားမှာတုံး သူကြီးရဲ့'

'ဘယ်ကိုသွားသွား မင်းအပူတပြားသားမှ မပါဘူး။တောက်! နှစ်လုံးပြူးမရှိတဲ့ သူကြီးမို့လို့သာပေါ့ကွာ။ နှစ်လုံးပြူးသာရှိလို့များ ကတော့ တခါတည်းကို မွစာကြဲနေအောင်ကို မွှေထည့်ပစ်လိုက်မယ်။ တောက်! ပျော့ပျော့လေးနဲ့နံ့တဲ့ကြောင်ချေး'

'ကောန္တ… သူကြီးအိမ် ကြောင့်တက်ပြီး ချေးပါသွားလို့လား'

ပြဿနာရင်းမြစ်ကို သိမထားလေရကား ဆယ်အိမ်ခေါင်း ဉာဏ်ပွင့်လည်း ထင်ရာမြင်ရာကို ရွှတ်ပြောနေလေ၏။ ဤတွင် သူကြီး ကရှဲ့ပြော၏။

'ဟုတ်တယ်ကွ… ဟုတ်တယ်၊ ငါ့အိမ်ပေါ်ကြောင်ချေးလာ ပါသွားလို့၊ အဲဒါ နှိပ်ကွပ်ဖို့ရာ မင်းကိုခေါ်တာ'

'ဟာ… ဒါဆိုအိုကေပဲ ကျွန်တော်က ကြောင်သားသိပ်ကြိုက် တာဗျ။ လောကမှာ လင်နဲ့လိုက်ဖက်တာမယားတဲ့၊ အဲ ကြောင်သားနဲ့ လိုက်ဖက်တာက ထန်းရည်တဲ့။ ကြောင်ရလို့ကတော့ အမွေးကိုမီး မြှိုက်၊ မားပြားနဲ့ခြစ်ပြီး အိနေအောင်ချက်မဗျာ။ စပါးလင်နိုင်နိုင်အုပ်ပြီး ချက်မယ့်ကြောင်သားဟင်းများ သူကြီးတွယ်မိလို့ကတော့ လျှာရှပတ် ဖြစ်သွားပြီး 'ညောင်ဆိုရင် နောင်မမေ့ပါဘူး၊ ကြောင်တွေ့ရင်ပြော' ဆိုတာမျိုး ဖြစ်သွားမယ်၊ အဟဲ… ဟဲ'

'တယ် အရေးထဲ၊ သဘောက်မသားက လျှာရှည်လို့ကွာ။ မင်း ပါးစပ်ပိတ်ထားစမ်း ဉာဏ်ပွင့်၊ ငါ ဒေါသတွေ အလိပ်လိုက်ထွက် လာပြီ'

'ဟုတ်… ဟုတ်ကဲ့ သူကြီး'



www.burmeseclassic.com

www.burmeseclassic.com


မျက်နှာတပြင်လုံးရဲတက်ကာ ဒေါသထွက်နေသော သူကြီးကိုကြည့်လျက် ဆယ်အိမ်ခေါင်းဉာဏ်ပွင့်လည်း တွန့်ကနဲဖြစ်သွားပါချေ၏။ သည်တော့လည်း အရိုပ်သုံးပါးနားမလည်လျှင် မြွှားဦးကငင်းထံလှည့်လာတော့မည်မို့ ဆယ်အိမ်ခေါင်းဉာဏ်ပွင့်လည်း တေတေကလေးနိပ်၍ တိတ်တိတ်ကလေးနေကာ လေးခွကိုကိုင် လောက်စာလုံးအိတ်ကိုသိုင်းလွယ်ရင်း သူကြီး၏ နောက်တော်ပါးမှ ခပ်ရှိရှိကလေးလိုက်ပါသွားရလေတော့သတည်း။

■

မင်းသိမ်းက

သရဲတစ္ဆေ ဘာမှကြောက်တတ်တဲ့ကောင်

မဟုတ်ဘူး သူကြီး

အဲဒါကြောင့်

အဖော်အလျှော်တောင် မပါဘဲ

တစ်ယောက်တည်း

ငါးခိုးမျှားနေတာ

အဲဒါ အပိုင်ပဲ

www.burmeseclassic.com

www.burmeseclassic.com

သူကြီးဦးသာယာအဖို့ သူ့မိသားစုအပေါ် လူလည်ကျသွားခဲ့သော မင်းသိမ်းကို မတွေ့တွေ့အောင်ရှာရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

'ဟွန်း… ဟွန်း၊ မိများမိလို့ကတော့ကွာ ငါ့ရဲ့ထိပ်တုံးမှာ ကားခနဲဖြစ်စေရမယ်မင်းသိမ်းရေ။ ကျောင်းဒကာသားရော ဘာရော ညှာမနေနိုင်တော့ဘူး။ ဟိုတစ်ခါ ငါ့မြင်းနဲ့ငါ့ကို လိမ်ပတ်သွားတာ နည်းနည်းလေးမှ အခဲမကြေဘူးဟေ့'

သည်စကားတွေက သူကြီး၏နှုတ်ဖျားမှ ပေါ်ထွက်လာသော စကားများမဟုတ်။ ရင်ထဲ၌ကြိတ်မနိုင်ခဲမရ အသံတိတ်ကြုံးဝါးနေသည့် စကားများပင်ဖြစ်လေသည်။ သည်အဖြစ်တွေကို ဆယ်အိမ်ခေါင်းဉာဏ်ပွင့်မသိ။ တကယ်တမ်း သိထားသည်ကား အရီးလေးသန်းတင် လာရောက်တိုင်တန်းသွားသည့်အတွက် မင်းသိမ်းကို အရေးယူရန် မြေလှန်ရှာဖွေနေခြင်းပဲဟု သဘောပေါက်ထားသည်။

'သူကြီး မင်းသိမ်းကိုတွေ့ရင် ဘာလုပ်ရမလဲဟင်'

'ဟ ဘာလုပ်ရမလဲ။ လက်ရဖမ်းချုပ်ရမှာပေါ့ကွ'

'အသာတကြည် အဖမ်းမခံရရင်ကောကွာ'

'အသာတကြည် အဖမ်းမခံလို့ကတော့ ငါ့လောက်လေးအမိမှာပေါ့ကွာ။ ငါ့လက်စွမ်းလက်စကိုလည်း မင်းအသိသားပဲ။ ခြသလုံး



www.burmeseclassic.com

www.burmeseclassic.com



ဆို ခြေသလုံး၊ ခြေမျက်စိ ဆို ခြေမျက်စိ၊ နားရွက်ဖျား ဆို နားရွက်ဖျား၊ ယင်တစ်ကောင်စာတောင် မလွဲစေရဘူး။ ဟင်း··· ဟင်း ငယ်ငယ်က လေးတည်းက လောက်လေးဖက်ပြီးကြီးလာခဲ့တဲ့ကောင်။ 'လောက်လေး-သာယာ၊သာယာ-လောက်လေး' ဆိုပြီး နာမည်တစ်လုံးနဲ့ပါ ညာဏ်ပွင့်ရဲ့'

သူကြီးနှင့်ဆယ်အိမ်ခေါင်းနှစ်ဦးသား မင်းသိမ်းဝပ်ကျင်းရှိမည့်နေရာကို လိုက်လံရှာဖွေကြသည်။ ဓနိတော၊ ထန်းတော စေ့စပ်အောင်ရှာဖွေပါသော်ငြား ပျောက်ချက်သားကောင်းနေဆဲ။ မင်းသိမ်းကို မတွေ့ရသော်ငြား မင်းသိမ်းနှင့်တွဲဖော်တွဲဖက် ရှောက်သီး၊ ဖိုးခွားနှင့် ငွေတိုးကြီးတို့ကို တွေ့ရသည်။

'ဟေ့ကောင်တွေ မင်းတို့နဲ့တွဲဖော်တွဲဖက် ဟိုအကောင် မင်းသိမ်း ဘယ်မှာလဲ'

'သူ့အိမ်မှာရှိမှာပေါ့ သူကြီးရဲ့၊ အိမ်ခြေယာခြေမဲ့မှ မဟုတ်တာ'

'ဟေ့ကောင်တွေ အဲဒါငါသိတယ်။ စကားကို ချော်တောင်ပြေး မသွားနဲ့။ သူဘယ်မှာရှိတယ်ဆိုတာ မင်းတို့မသိပဲနေမှာ မဟုတ်ဘူး'

'ဟာ သူကြီးကလည်းဗျာ ကျွန်တော်တို့ကို စွပ်စွပ်စွဲစွဲ'

'စွပ်စွဲတာမဟုတ်ဘူး အမှန်အတိုင်းပြောနေတာ။ ကိုင်း ငါဒေါသမထွက်ချင်ဘူး။ မင်းသိမ်း ဘယ်မှာရှိတယ်ဆိုတာ ပြောကြစမ်းကွာ၊ ပြောကြစမ်း။ မင်းတို့မပြောရင်ကြံရာပါထဲ ဆွဲထည့်လိုက်မှာနော်'

သည်သို့ပြောဆိုရင်း မာန်တွေဒွှန်တွေတက်လာကာ လေးခွသားရေအား တဖျန်းဖျန်းဆွဲပြနေသည်။

'ဟေ့ကောင်တွေ ပြောလေကွာ'

'ကျွန်တော်တို့ တကယ်မသိလို့ မသိဘူးပြောတာပါ သူကြီး





ရယ်။ သူကြီးကို ကျွန်တော်တို့ မညာဝံ့ပါဘူး။ နေ့လည်ခင်းကတည်းက ကျွန်တော်တို့ ဒီထန်းတောထဲကို ရောက်နေကြတာပါ'

'ဟုတ်ပါတယ် သူကြီးရယ်၊ရှောက်သီးပြောတာ အမှန်တွေပါပဲ'

ရှောက်သီး၏စကားကို ဖိုးခွားကထောက်ခံ၏။ ငွေတိုးကြီးကလည်း လျှာလေးအာလေးဖြင့် ဝုတ်တယ်သကျိုး၊ မှန်ဒယ်သူကြီး ဟူ၍ စကားထောက်ပေးနေလေ၏။

'အေး ဒီတစ်ခါတော့ ငါယုံလိုက်မယ်။ တစ်ခုတော့ရှိတယ်။ အဲဒါက မင်းသိမ်းကို မင်းတို့တွေ့ခဲ့ရင် တွေ့တယ်ဆိုတာနဲ့မင်းတို့ ငါ့ဆီ အမြန်ဆုံးလာပြီး သတင်းပို့ပါ။ ဒီကောင်လုပ်ရပ်ဟာ ကံကောင်းလို့ ဆရာတော်ကြီးဆွမ်းမငတ်တာ။ ဆရာတော်ကြီးစိတ်ဆိုးပြီး အညာဘက်ပြန်သွားရင် မင်းတို့ငါတို့ သာယာကုန်းတစ်ရွာလုံး သာရေးနာရေးကိစ္စအတွက် ဘယ်ကလောက် လုပ်ရကိုင်ရခက်ခဲလိုက်မလဲ'

သူကြီးက ၄င်းမိသားစုနှင့်စပ်လျဉ်းသည့်အချက်ကို ဖုံးကွယ်ပြီး၊ အရိုးလေးသန်းတင်ထံမှ ဆွမ်းချိုင့်အား အလွဲသုံးစားလုပ်သွားပုံကို အကြမ်းဖျဉ်းရှင်းပြလိုက်တော့'

'ဟာ ဒါတော့ ဒီကောင်မကောင်းဘူး သူကြီး။ မနောက်သင့်တာနောက်တဲ့ကောင် အဝီစိကျလိမ့်မယ်'

'အေး အဲဒီကောင်နဲ့မင်းတို့ ကြပ်ကြပ်ပေါင်း ကြက်သွန်နဲ့အပေါင်းမှားလို့ ရေအထောင်းခံရတဲ့ ငရုတ်သီးလိုဖြစ်သွားမယ်။ ဒီတော့ ဒင်းကို ဒဏ်ခတ်ရအောင် ဒင်းကိုတွေ့တာနဲ့ ငါ့ဆီကိုချက်ချင်းလာပြီး သတင်းပို့၊ ဟုတ်ပလား'

'စိတ်ချသူကြီး အမျိုး၊ ဘာသာ၊ သာသနာကို စော်ကားတဲ့ရင်တော့ အပေါင်းအသင်းရောဘာရော နားမလည်ဘူး။ ပြတ်ပြတ်သားသား လုပ်ရမယ် သူကြီးရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အေး ဒီလိုပဲဖြစ်သင့်တာပေါ့ကွာ'

'စိတ်ချသူကြီး၊ မင်းသိမ်းဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်တို့ ဒီကောင်မရိပ်မိစေပဲ တိုးတိုးတိတ်တိတ်ရှာကြမယ်။ တွေ့တာနဲ့ခဏက လေးတောင် ဆိုင်းမနေဘူး။ ချက်ချင်းသတင်းလာပို့မယ်သူကြီး'

'ဝုတ်ဒယ်သကျီး မှန်တယ်သကျီး'

ရှောက်သီးတို့အုပ်စု၏ တက်ညီလက်ညီ ပြောဆိုမှုကြောင့် သူကြီးဦးသာယာခမျာ အတော်ကလေးတော့ ဘဝင်ကျသွားခဲ့ရပါ၏။ သည့်အတွက် ကျေနပ်အားရခြင်းကြီးစွာဖြင့် တပည့်ကျော်ဆယ်အိမ်ခေါင်းဉာဏ်ပွင့်ကို လက်တို့ကာ ထန်းတောထဲမှ ထွက်ခွာသွားလေတော့သည်။

ထန်းတောထဲ၌ ကျန်ရစ်ခဲ့ကြသော ရှောက်သီး၊ ဖိုးခွားနှင့် ငွေတိုးကြီးတို့မှာတော့ အဓိပ္ပါယ်ရှိသည့်အကြည့်များဖြင့် အချင်းချင်း ကြည့်ကြရင်း ဦးခေါင်းကိုယ်စီဆိုင်လိုက်ကြကာ တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြလေတော့သတည်း။

■

ညအမှောင်ကောင်းကင်မှတော့ လဆုတ်ရက်သို့ကူးပြောင်းသွားသည့်တိုင်အောင် တစ်ခြမ်းသောလမင်းကလေးက သာယာကုန်းရွာလေးအား အလင်းမျှင်တွေ ကြဲချနေပါသေးသည်။ ငွေလရောင်နှင့် ယှဉ်လျှက် ကြယ်ပြာကလေးတွေမှာလည်း မှိတ်တုတ်၊ မှိတ်တုတ်။

ဟေမန္တကာလမို့ ဆောင်းလေက ဇွေဇွေဝဲဝဲ။

ဆောင်းလေနှင့်အတူ ညမွှေးပန်းရနံ့ကလည်း စီးမျောလိုက်ပါလျှက်ရှိသည်။ သူကြီးအိမ်၏ မျက်နှာစာကွပ်ပျစ်မှာတော့ သူကြီးဦးသာယာနှင့်ဆယ်အိမ်ခေါင်းဉာဏ်ပွင့်တို့မှာ ရေနွေးကြမ်းတစ်အိုး၊ ပြောင်းဖူးသုပ်တစ်ပန်းကန်နှင့်အတူ မင်းသိမ်းကိုဖမ်းဆီးရမိနိုင်ရေးအတွက် ခေါင်းချင်းဆိုင်မိနေကြလေသည်။

'ဟေ့ကောင် ဉာဏ်ပွင့်'

'ဗျာ သူကြီး'

'မင်း မနက်ဝေလီဝေလင်းကျရင် ငါ့အိမ်ကိုလာခဲ့စမ်းကွာ'

'ဘာအလုပ်ရှိလို့လဲ သူကြီးရဲ့'

'မင်းကို ချိုင့်ပေးစရာရှိလို့'

'ဟာ ပွတာပဲ'

'ဟကောင် မင်းကိုအပိုင်ပေးတာမဟုတ်ဘူး။ ငါပေးတဲ့ချိုင့်ကိုယူပြီး မသန်းတင်အိမ်ကိုသွားပေး။ သူကမေးရင် တာရိုးဘေးရေချမ်းစင်အောက်မှာတွေ့လို့ လာပေးတာလို့ပြော ဟုတ်ပလား'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်းကို မရှင်းတော့ဘူး သူကြီးရာ'

'ဟကောင်... မင်းဖာသာမင်း ရှင်းချင်ရှင်း၊ မရှင်းချင်နေ။ အဲဒါ မင်းအလုပ် မဟုတ်ဘူး။ ငါပြောသလို တိတိကျကျပဲ လုပ်ရမှာ အေး လေရှည်ချင်သပဆိုရင်လည်း ရေအိုးစင်အောက်ကရတယ်ဆိုတဲ့ ချိုင့်ကို ငါ့ဆီအရင်လာပေးတော့၊ ငါက သူ့ဆီပို့ခိုင်းတယ်လို့ပဲပြော၊ မင်းသိမ်းအကြောင်းမေးရင် အမြန်ဆုံးအပြစ်ပေးနိုင်ဖို့ လုံးပမ်းနေတယ် လို့သာပြောလိုက် ဟုတ်ပလား'

'ဟုတ်... ဟုတ်'

သူကြီးအဖို့ နားရွက်ဆီဆွတ်သွားသော မင်းသိမ်းအပေါ် မခံချင်စိတ်တဖွားဖွားဖြစ်လျက် အမြန်ဆုံးဖမ်းမိနိုင်ရေးကို စိတ်စောနေ မိသည်။ ဒေါ်သန်းတင်၏ချိုင့်ကို မလိမ့်တပတ်လုပ်သွားသည်ကို လူ တကာသိက အကြောင်းမဟုတ်လင့်ကစား ရှေ့ကြောင်းနောက်ကြောင်း ဘာမှမစဉ်းစားပဲ သူတို့မိသားစု စားကောင်းကောင်းနှင့် ပါစ်ချိုင့်လုံး တက်တက်ပြောင်အောင် စားမိခဲ့ကြသည်ကိုသာ လူတကာသိကုန်လျှင် ရပ်ထဲရွာထဲ တကယ့်ကိုရှက်ဖွယ်လီလီ ဖြစ်ပေရော့မည်။

ထိုခဏမှာပင် ခြံဝဆီမှာ ချေးဟောင်သံထွက်ပေါ်လာခဲ့သည်။

'ဝုတ်... ဝုတ်... ဝုတ်... ဝုတ်'

'ဟေ့... ဘယ်သူတွေလဲဟေ့'

'ကျွန်တော်တို့ပါ'

ခြံဝမှာတော့ လူသုံးယောက်။ လူသုံးယောက်ဖြစ်မှန်းကို ငွေ လခြမ်း၏အလင်းရောင်က အဖြေထုတ်ပြနေသည် မဟုတ်လော။

'ကျွန်တော်တို့ဆိုတာ ဘယ်သူတွေလဲကွ'

ဆယ်အိမ်ခေါင်းဉာဏ်ပွင့်က သူကြီးထံမှလက်ဝေခံအာဏာ ရသူပီပီ မာန်နှင့်ဌာန်နှင့် လှမ်းမေးလိုက်သည်။





'ရောက်သီး၊ ဖိုးခွားနဲ့ ငွေတိုးကြီးတို့ပါ ကိစ္စရှိလို့'

'လာ... လာ... လာကြ၊ ဘာကိစ္စလဲပြော'

ရောက်သီးတို့သုံးဦးသား ကုတ်ချောင်းကုတ်ချောင်းဖြင့် ကွပ် ပျစ်အပေါ်သို့ ရောက်ရှိလာကြသည်။

'ကျွန်တော်တို့ မင်းသိမ်းကိုတွေ့ထားတာ သတင်းလာပို့တာ သူကြီး'

'မင်းသိမ်း' ဆိုသည့် အသံကြောင့် သူကြီးဦးသာယာ ဆတ် ကနဲ ဖြစ်သွားသည်။

'ဟေ... မင်းသိမ်း ဟုတ်လား၊ ဘယ်မလဲ... ဘယ်မလဲ၊ ဒီကောင်'

ပြောပြောဆိုဆို လေးခွနှင့်လောက်စာလုံးအိတ်ကို လက်လှမ်း ယူလိုက်သည်။

'ကျွန်တော်တို့ သူဘယ်မှာရှိနေတယ်ဆိုတာ ခုလိုမျိုးတိတ် တိတ်ကလေး လာသတင်းပေးတာ၊ ဘယ်သူမှ မသိပါစေနဲ့ သူကြီး'

'အေးပါကွ အေးပါ၊ ငါတို့ဆရာတပည့်နှစ်ယောက်ကလွဲလို့ ဘယ်သူမှ မသိစေရဘူး၊ စိတ်ချပါ။ ကိုင်း... ဘယ်မှာလဲ ဒီအကောင်'

'ကျွန်တော်တို့ သတင်းပေးတယ်ဆိုတာ မင်းသိမ်း သိသွား လို့က ကျွန်တော်တို့ သုံးယောက်ချောင်မှာ မဟုတ်ဘူး။ ဒီကောင်က အင်မတန်ဉာဏ်များတဲ့ကောင်ဗျ။ ကျွန်တော်တို့ကို ပြန်နှိပ်ကွပ်မှာစိုး လို့ပါ'

'စိတ်ချစမ်းပါကွာ၊ ဘယ်သူမှမသိစေရပါဘူးလို့ သူကြီး ဖြစ်တဲ့ ငါကိုယ်တိုင် ကတိပေးနေတဲ့ဥစ္စာပဲ။ ကဲ... ပြော'

'ကိုင်း... ဖိုးခွား၊ ပြောလိုက်ကွာ ပြောလိုက်'

'ဒီကောင် မင်းသိမ်း၊ ဦးစိန်လင်းရဲ့ငါးကန်က ဇုက်ချော့အုပ် ဘေးနားမှာ ငါးခိုးမျှားနေတာ တွေ့ခဲ့ရတယ်ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဟေ့… ဟုတ်လား၊ ကျိန်းသေရဲ့လားကွာ။ အဲဒီကန်က အစောင့်သရဲကြီးရှိတယ်ဆိုကွ။ တော်ရုံတန်ရုံလူ ငါးခိုးမျှားဖို့မပြောနဲ့ ကန်ဘောင်ပေါ်တောင် ဖြတ်လျှောက်ရဲတာ မဟုတ်ဘူး။ ဦးစိန်လင်းကြီးက မိန်းမငယ်ငယ်လေးယူထားတော့ သူ့ကိုဘယ်သူမှလာမချောင်းနိုင်အောင်ဆိုပြီး သရဲမွေးထားတာလို့ နာမည်ကြီးနေတာ'

'မင်းသိမ်းကသရဲတစ္ဆေ ဘာမှကြောက်တတ်တဲ့ကောင် မဟုတ်ဘူး သူကြီး။ အဲဒါကြောင့် အဖော်အလျော်တောင်မပါဘဲ တစ်ယောက်တည်း ငါးခိုးမျှားနေတာ အဲဒါ အပိုင်ပဲ။ သူကြီးနဲ့ဆယ်အိမ်ခေါင်းတို့ ခုနေသွားဖမ်းရင် တကယ့်အခါကောင်းပဲ။ အဲဒါ လာပြောတာ သူကြီး'

သူ့အဖို့တော့ စားရမှာကလည်း သဲတရှပ်ရှပ်၊ ပစ်ရမှာကလည်း အဆီတဝင်းဝင်းဆိုသလို ဖြစ်နေပါပြီကော။ သူကြီးအဖို့ လူလူချင်း ကြောက်ရွံ့စိတ်မရှိသော်ငြား နာနာဘာဝဝိနာဘာဝဆိုသော သရဲတစ္ဆေတွေကိုတော့ ကြောက်သည်။ သူတင်ပဲလားဆိုတော့ မဟုတ်။ တပည့်ကျော်ဆယ်အိမ်ခေါင်းညာဏ်ပွင့်လည်း ထိုနည်းနှင်နှင်။ သို့ရာတွင် နဂိုကတည်းက ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်၊ ဓလီဖားတုံးကို သွားကြားထိုးမယ်လုပ်ထားခဲ့မှုအပေါ်တွင်တော့ သိက္ခာကိုအရှုံးအပဲ့မခံချင်။ သည့်အတွက်ကြောင့် ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့အသွင်ဖြင့်…

'ဟင်း… ဟင်း… ဟင်း၊ ကျားနဲ့ဆင်တော့ ငါးကန်မှာတွေ့ကြပြီပေါ့ ညာဏ်ပွင့်ရာ'

'ဘယ်နှယ့် ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြပြီ လုပ်စမ်းပါ သူကြီးရာ'

'ဟေ့ကောင် လျှာမရှည်နဲ့။ ဘယ်မှာတွေ့တွေ့ တွေ့ဖို့သာလိုရင်းပဲ။ ဟောဟိုက နွားချည်တဲ့ကြိုးယူခဲ့'





'ဘာလုပ်ဖို့လဲ သူကြီး'

'မင်းသိမ်းကို ချည်ဖို့၊ တုတ်ဖို့လေကွာ'

'သူကြီးရယ် စိန်လင်းငါးကန်တော့ မလိုက်ပါရစေနဲ့ဗျာ၊ အတော်နာမည်ကြီးတဲ့နေရာမို့ပါ'

'ဟကောင် မင်းကဘာလဲ'

'ညာဏ်ပွင့်လေ'

'တောက် ခွေးကောင်၊ မင်းဘာရာထူးလဲလို့မေးနေတာ'

'ဆယ်… အိမ်… ခေါင်း'

'အေး ဒီတော့ ဒီရပ်ဒီရွာရဲ့အရေးမှာ ငါနဲ့အတူမင်းလည်းပဲ တာဝန်ရှိတယ်'

'ဒါဆိုလည်း ဆယ်အိမ်ခေါင်းရာထူး ကျုပ်မယူတော့ဘူး။ ပြန်အပ်တယ်ဗျာ'

'တောက် နာချင်ပြီနဲ့တူတယ်။ ငါ့အမိန့်ကိုဖီဆန်ရင် ဆယ်အိမ်ခေါင်းလည်း နားမလည်ဘူးနော်။ ထိတ်တုံးခတ်ပစ်လိုက်မယ်။ ဘာမှတ်လဲ'

ဆယ်အိမ်ခေါင်းညာဏ်ပွင့်၏မျက်နှာမှာ ဓိးရွက်လောက်ကလေး ဖြစ်သွားသည်။

'ကိုညာဏ်ပွင့်ရယ် မကြောက်ပါနဲ့ဗျာ၊ ကျုပ်တို့သုံးယောက်လည်း အနောက်ကလိုက်ခဲ့မှာပေါ့။ ဟုတ်ဘူးလား'

လူမမာမျက်နှာပိုင်ရှင် ဆယ်အိမ်ခေါင်းညာဏ်ပွင့်အား ငွေတိုးကြီးက အားပေးလိုက်သည်။ သည့်အတွက် သူကြီးမျက်နှာလန်းသွားရသည်။

'အေး မင်းတို့လည်းလိုက်မည်ဆိုတော့ သိပ်ကောင်းတာပေါ့ကွာ။ ရပ်ရွာရဲ့အရေးကိစ္စဆိုတာ အုပ်ချုပ်တဲ့သူကြီးမှာသာ တာဝန်ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ရပ်ရွာသူရပ်ရွာသားတွေမှာလည်း တာဝန်ရှိတာပဲ။ မင်းတို့အခုလိုမျိုး ရပ်ရွာအပေါ်တာဝန်သိမှုအတွက် ဂုဏ်ယူတယ်ဟေ့၊ ကျေးဇူးလည်းတင်တယ်'

'ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော် သူကြီး'

'ဘာများတုံး ငွေတိုးကြီးရဲ့'

'ကျုပ်တို့က မင်းသိမ်းရဲ့အပြုအစုကို မခံချင်ဘူး။ ကျုပ်တို့သတင်းပေးတာ မသိစေချင်သလို၊ ခုလိုမျိုး လိုက်ဖမ်းတဲ့အခါ သူကြီးနဲ့ပါလာတယ်ဆိုတာလည်း မပေါက်ကြားစေချင်ဘူး'

'ဒီတော့ မင်းတို့က'

'ကျုပ်တို့က ဒီကောင်ပြေးပေါက်မရှိအောင် တဖက်ကနေလှန့်ပေးမယ်လေ။ သူကြီးနဲ့ကိုဉာဏ်ပွင့်တို့က ညှပ်ဖမ်းလိုက်ပေါ့။ မဟုတ်ဘူးလား'

'အေး ကောင်းတယ်ကွာ၊ ကောင်းတယ်။ ဒါ သိပ်ကောင်းတယ်'

သည်သို့ပြောဆိုပြီး သူကြီးလည်းအိမ်ထဲသို့ ခေတ္တဝင်သွားသည်။

'သူကြီးနှယ်ကွာ သွားခါနီးလာခါနီး ရိက္ခာသွားယူတယ်ထင်ပ'

'ဘယ်ကလာကွာ၊ သူကြီးကတော်နဲ့သမီးကို စိတ်မပူဖို့သွားပြီး အစီအရင်ခံတာပါ'

ဆယ်အိမ်ခေါင်းဉာဏ်ပွင့်၏ စကားအဆုံးလောက်မှာ သူကြီးပြန်ထွက်လာသည်။ လက်ထဲမှာတော့ စိပ်ပုတီးတစ်ကုံး။

'သူကြီးက ဘုန်းကြီးကျောင်းဝင်ဦးမလို့လား'

'ဟာ ဉာဏ်ပွင့်၊ မသိရင် တိတ်တိတ်နေစမ်းကွာ၊ ဒါနှယ်နှယ်





ရေ့ ပုတီးမှတ်နေသလား။ သိမ်ကိုးသိမ်ဝင်ခဲ့ပြီးတဲ့ အန္တရာယ်ကင်းသိမ်ဝင်ပုတီးတဲ့ကွ။ ငါက ဘာပဲလုပ်လုပ် တရားလက်လွှတ် ၄က်ဆောင်ကျွတ် ဘယ်တော့မှမလုပ်ဘူး'

သည်သို့ပြောဆိုရင်း သိမ်ကိုးသိမ်ဝင်ထားသည်ဆိုသော အန္တရာယ်ကင်းသိမ်ဝင်ပုတီးအား ခေါင်းပေါ်မှစွပ်လိုက်သည်။

'ကဲ ဉာဏ်ပွင့်၊ မင်းက လက်နှိပ်ဓာတ်မီးကိုကိုင်ခဲ့။ ငါက မီးထိုးဆိုမှထိုး'

သည်သို့ညွှန်ကြားချက်ပေးရင်း လောက်စလုံးအိတ်ကို စလွယ်သိုင်းကာ ညာဘက်လက်မှ လေးခွကိုကိုင်ဆွဲလေ၏။ ဆယ်အိမ်ခေါင်းဉာဏ်ပွင့်လည်း သူကြီး၏အမိန့်အတိုင်း ဓာတ်မီးကိုကိုင်လျက် ခွေထားသောဓားချည်ကြိုးအား စလွယ်သိုင်းလိုက်လေတော့၏။

'ကိုင်းဟေ့ သွားကြစို့'

သည့်နောက် သူတို့လူစုသည် ရွာအတွင်းမှနေလျှက် ရွာပြင်ခပ်လှမ်းလှမ်းရှိ ဦးစိန်လင်း၏ငါးကန်ရှိရာသို့ ဦးတည်ခဲ့ကြပါလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

သည့်နောက်
ပြိုင်တူ ထရပ်လိုက်ကြ၏။
ရပ်လိုက်လျှင် ရပ်လိုက်ချင်းပင်
ဆယ်အိမ်ခေါင်းညာက်ပွင့်က
စာတ်ခဲအသစ်သုံးလုံးထည့်ထားသော
လက်နှိပ်စာတ်မီးအား
သိပ်မဝေးတော့သည့်
ငှက်ပျောအုပ်သို့ လှမ်းအထိုး
သူကြီးကလည်း လက်အဆွဲ...

www.burmeseclassic.com

www.burmeseclassic.com

သည်အချိန် သည်သမယဆိုလျှင် သာယာကုန်းကျေးရွာအတွင်းရှိ ကလေးသူငယ်များ အိပ်မောကျနေကြပြီပင်။ လူပျိုပေါက် အပျိုပေါက်တို့ဆိုလျှင်လည်း အိပ်မက်လှလှများ မက်ကောင်းမက်နေ ညည့်အချိန်ဟု ဆိုနိုင်ပါ၏။ အိပ်ရာထက်ခေါင်းချတော့မည့် သက်ကြီးရွယ်အိုများဆိုလျှင်လည်း ဗုဒ္ဓဘာသာဝင်များပီပီ၊ ဘာသာတရားကို တိုင်းရှိုင်းလျက် ကြေးစည်သံတလွင်လွင်ဖြင့် ဘုရားရှိခိုးနေကြပြီပင်။

ထိုကာလမှာတော့ ငါးကန်ပိုင်ရှင်ကြီးဖြစ်ပေထသော အင်းပိုင်ရှင် သို့တည်းမဟုတ် ငါးကန်ပိုင်ရှင်ဦးစိန်လင်းမှာမူ အသက်(၇၀)နားသို့ချဉ်းသည့်တိုင် ဘုရားတရားကို သတိမရနိုင်သေး။ တဖျာဝါသော၊ ပဟုကိစ္စာဆိုသည့် စကားနှင့်အညီ မကြာမတင်ကာလဆီက ငွေနှင့်ပေါက်၍ယူထားသော တစ်ခုလပ်တစ်လင်ကွာမလေး တင်တင်မိုးဆိုသည့် မယားငယ်ငယ်ကလေးနှင့်ကျီစယ်သမှုပြုကာ စကားတွေတွတ်တိုးမဝအောင် ရှိနေလေတော့၏။

'ကိုကိုစိန်'

'ဗျာ… ဗျ၊ အာ… ဟ'

'အို ဘာဖြစ်လို့၊ အာ… ဟ လိုက်ရတာတုံး။ သွားတွေကတစ်ချောင်းမှ အကောင်းမရှိဘူး၊ ငုတ်စိ၊ ငုတ်စိကလေးတွေချည်း'

'အဟဲ… ဟဲ၊ အဲဒါ နို့ပိုးစားတာလေ အသည်းလေးရဲ့'

'ဟွန်း… ဒီအရွယ်အထိ နို့ကြိုက်တုန်းပဲလား'



www.burmeseclassic.com

www.burmeseclassic.com



'နို့ကတော့ အမေမွေးကတည်းကနေ ခုထိ ကြိုက်တုန်းပါပဲ အသည်းလေးရယ်၊ မနက်တိုင်း နွားနို့မှန်မှန်သောက်နေတာသာ ကြည့် တော့'

'ဒါကြောင့် အသားအရည်တင်းပြီး ကျန်းမာနေတာပေါ့ ဟုတ်လား ကိုကိုစိန်'

'ဟုတ်ပေတာပေါ့၊ မှန်ပေတာပေါ့ အသည်းလေးရယ်'

'အသည်းလေးကို တကယ်ပဲချစ်သလားဟင်'

'ဘယ်နှယ့်ပြောလိုက်တာလည်း အသည်းလေးရယ်၊ ပူတူတူး လေးရယ်'

'ဒါဆိုရင် အသည်းလေးကို သီချင်းတစ်ပုဒ်ဆိုပြ'

'ဟာ… ဟ… သီချင်းဆိုပြရမယ်… လာ။ ရတယ်… ရတယ်။ ကိုကိုစိန့်အသည်းစွဲ ရွှေမန်းတင်မောင်လိုဟဲပြမယ်၊ ကြားချင် နားဆင်ပါ နှမရယ် အဲ့ဟယ်… အဲ့ဟယ်'

သည်သို့အချစ်နှလံထရင်း ပတ်ဝန်းကျင် အမှောင့်ပရောဂ ကင်းကင်းဖြင့် ဦးစိန်လင်းတစ်ယောက် မေးကလေးရိုက်လျှက် ဟဲပါ လေတော့၏။

*'မင်းတို့ကိုလည်း××× အပြစ်မတင်××× မောင်တင်××× ကိုယ့်ကိုယ်ပင်××× မသနားရှာလေသလား××× တအားပဲ××× ကလိုက်ချင်×××'*

'အပေါ်… ကိုကိုစိန်က တကယ့်အသံကောင်းပဲ။ ဒါထက် အသည်းလေး ကိုကိုစိန့်အပေါ်ကို စိတ်ညွှတ်လာအောင် ဂါထာရွတ် တယ်ဆို'

'အဲ… အဲ…'

'မညာပါနဲ့ အသည်းလေးသိပြီးသား။ အဲဒီဂါထာကိုရွတ်ပြ။ အသည်းလေး နားထောင်ချင်လို့'





ဘယ်သူထောင်ပေးလိုက်မှန်းမသိ။ ဦးစိန်လင်းအဖို့ သူ့လက်စွဲ တော် ချစ်ရေးချစ်ရာဂါထာကို ရွတ်ရပေတော့မည်။ ဘာပဲဖြစ်ဖြစ် သာယာကြည်နူးဖွယ်ကောင်းလှစွာသော ချစ်စရာညကလေးမှာတော့ သူ၏ပူတူတူးလေး၊ အသည်းလေးတင်တင်မိုး ငြိုငြင်စိတ်ကောက်သွား မှာကို မလိုလားပါ။ သည့်အတွက် သူအနှစ်နှစ်အလလ ရွတ်ဖတ် သရ္ဈာယ်ခဲ့လေသော ချစ်ရေးချစ်ရာဂါထာထူးကြီးအား သံနေသံထား ဖြင့် ရွတ်ပြပါလေတော့သည်။

*'ဪ…*

*ညကြီးသန်းခေါင်၊ ငါ့ဘီးဆောင်၍*

*နင့်ဥသျှောင်ကြား၊ ငါ့ဘီးထား…*

*ဖြီးစရာ… ဖြီး၊ သင်စရာ… သင်*

*ကပ်စရာ… ကပ်၊ ညှပ်စရာ… ညှပ်*

*ချည်းစရာ… ချည်း၊ ဖြင်းစရာ… ဖြင်း*

*ချက်ချင်း အံ့ဝင်ခွင်ကျ ဖြစ်စေသတည်း'*

'ခစ်… ခစ်… ခစ်ခစ် ကိုကိုစိန်ကလေ သိပ်ပြီးရယ်စရာလုပ် တတ်တာပဲ၊ အဟင့် ကြည့်ပါလား'

သည်သို့ နွားအိုကြီးမြက်နုကြိုက်နေချိန်ဝယ် ကန်စောင့်တဲ ကလေးနှင့်ခပ်လှမ်းလှမ်းရှိ ငှက်ပျောအုပ်နံဘေးမှာတော့ လူတစ် ယောက်သည် စိတ်တိုင်းကျဆိုသလို ကန်ထဲရှိငါးများကို ဖားစာခွဲကာ မျှားနေလေသည်။

'ဟိုးမှာတွေ့တယ် မဟုတ်လား သူကြီး၊ ငှက်ပျောအုပ်နံဘေး မှာလေ'

'မှန်း… အေး၊ တွေ့တယ်ကွ… တွေ့တယ်'

'အဲဒါ ကျုပ်တို့ပြောတဲ့မင်းသိမ်းပဲ သူကြီး၊



www.burmeseclassic.com

www.burmeseclassic.com



သူကြီး အတွက်အပိုင်ပဲ ခုနေ သွားဖမ်းပေရော့သူကြီး'

'မင်းတို့ကကော'

'ပြောပြီးပြီလေ၊ ကျုပ်တို့ကိုမြင်လို့မဖြစ်ဘူး။ တစ်နေရာကနေ ကိုယ်ယောင်ဖျောက်ပြီး မပြေးသာအောင် ခြောက်ထားပေးမယ် ဟုတ်ပလား'

သည်သို့တွန်းအားပေးပြီးသကာလ၊ ရောက်သီးတို့သုံးဦးမှာလည်း ရုတ်ခနဲပျောက်ကွယ်သွားလေတော့သတည်း။ ဟုတ်ပေမပေါ့။ သတင်းလည်းပေးရသေး၊ ကိုယ်တိုင်လည်း သူငယ်ချင်းအမုန်းခံ၍ ဖမ်းပေးရဦးမယ်ဆိုတော့ တရားလွန်ပေသပေါ့။ သည်တော့လည်း ဆယ်အိမ်ခေါင်းဉာဏ်ပွင့်နှင့်မရရအောင် ဖမ်းရပေမပေါ့။

သူကြီးနှင့်ဆယ်အိမ်ခေါင်းတို့သည် ကန်စောင်းတွင် ခေါင်းကလေးပုကာ မင်းသိမ်းကို ဖမ်းဆီးနိုင်ရေးအတွက် လေသံသဲ့သဲ့ဖြင့် တိုင်ပင်ကြလေ၏။

'ဒီကောင်နဲ့နီးနီးလေး ရောက်လာပြီကွ၊ တို့ ပြိုင်တူထမယ် မင်းက မီးကိုထိုးပေး ဟုတ်ပလား'

'စိတ်ချ သူကြီး'

သည့်နောက် ပြိုင်တူထရပ်လိုက်ကြ၏။ ရပ်လိုက်လျှင်ရပ်လိုက်ချင်းပင် ဆယ်အိမ်ခေါင်းဉာဏ်ပွင့်က ဓာတ်ခဲအသစ်သုံးလုံးထည့်ထားသော လက်နှိပ်မီးအား သိပ်မဝေးတော့သည့် ငှက်ပျောအုပ်သို့လှမ်းအထိုး သူကြီးကလည်း လက်အဆွဲ…

'အောင်… အောင်မလေးဗျ၊ သ… သရဲကြီး… သရဲကြီး'

ဆိုသည့်ထိတ်ထိတ်လန့်လန့် အသံနှစ်သံသည် ပြိုင်တူပေါ်ထွက်လာခဲ့ကြပြီး ဓာတ်မီးကိုလည်းသတိမရ၊ လေးခွကိုလည်းသတိမေ့နှင့်လက်အသီးသီးမှလွှတ်ကျကာ နောက်ကျသည့်ခြေထောက် သစ္စာ



ဖောက်အလားသဘောထားရင်း ရွာဘက်သို့ တဖုံးဖုံးပြေးထွက်သံများ ပေါ်လာပေတော့၏။

အဆိုပါခြေသံရှင်များက အခြားမဟုတ်။

သိမ်ကိုးသိမ်ဝင် အနှုရာယ်ကင်းပုတီးကို ဆွဲထားသည့်သူကြီးနှင့်တရားခံအား ကြိုးတုပ်ဖမ်းဆီးရန် နွားချည်ကြိုးသိုင်းလာသည့် ဆယ်အိမ်ခေါင်းတို့ပင် ဖြစ်ကြလေတော့သတည်း။ သူတို့နှစ်ဦး ထိတ်လန့်စွာ အသည်းအသန်ပြေးလွှားသွားချိန်ဝယ် သဘောကျနှစ်ခြိုက်စွာရယ်ပွဲဖွဲ့နေသူတို့ကား ရောက်သီး၊ ဖိုးခွားနှင့်ငွေတိုးကြီးတို့ ဖြစ်ကြ၏။ ရောက်သီးက အီဖေကိုကြံ့တာ၊ အီဖေကိုကြံ့တာဟူ၍ ဂုဏ်ယူလျက်ရှိ၏။ ထိုခဏ ၄င်းတို့သုံးဦးထံပါးသို့ ကတောင်းမြှောင်အောင်ကျိုက်လျက် တစ်ကိုယ်လုံးအိုးမည်းသုတ်ကာ သရဲခေါင်းစွပ်ထားသော လူတစ်ဦးသည် ငါးတစ်တွဲကိုဆွဲ၍ ရောက်လာခဲ့၏။

အနှီပုဂ္ဂိုလ်ကား ရပ်ကျော်ရွာကျော်ဖြစ်ရုံမက သူကြီးကိုပါ ငယ်သံပါအောင် အော်ပြေးစေခဲ့သော မင်းသိမ်း ဖြစ်ပါလေတော့၏။

■

www.burmeseclassic.com
BURMESE CLASSIC .com

www.burmeseclassic.com

ကိုင်း... မင်းလက်ကို
ကြိုးတုပ်ထားတာ
လူမမြင်စေချင်ရင်
ရွာထဲ အရှက်တကွဲ မဖြစ်စေချင်ရင်
ပုဆိုးခြုံပြီး
အသာတကြည်လိုက်ခဲ့။
မဟုတ်လို့ကတော့
ငါ့အဆိုး... မဆိုနဲ့

www.burmeseclassic.com

www.burmeseclassic.com

သူကြီးကား ညကအဖြစ်ကို လုံးဝမကျေနပ်။

'တော်ကလည်း… တော်။ သိမ်ကိုးသိမ်ဝင်ပုတီးကြီး စွပ်ထားလျက်နဲ့ ဒီလောက်တောင် ရုပ်ပျက်ဆင်းပျက်ဖြစ်ရသလား'

'ဟ… မင်းက ကိုယ်တွေ့မှမကြုံဘူးသေးတာ၊ဘယ်ကြောက်ပါ့မလဲ မိကြွက်ရယ်။ ခုဟာက ငါနဲ့ညာဏ်ပွင့်တို့ မျက်စိနဲ့တပ်အပ်မြင်ခဲ့ရတာဟ'

'ဟုတ်တယ်သူကြီးကတော်ရဲ့ တစ်ကိုယ်လုံးမီးလောင်တိုက်သွင်းထားသလား မပြောတတ်ဘူး။ မည်းနက်နေတာပဲ။ မျက်နှာကလည်း ကြောက်စရာကြီးဗျာ၊ မီးနဲ့ထိုးကြည့်တော့ တန်းခနဲပဲ။ အဲဒါကျွန်တော်နဲ့သူကြီးတို့ အပြေးမြန်လို့၊ မမြန်လို့များကတော့ ကုပ်ချိုးပြီးသတ်ပစ်မလားတောင် မသိဘူး… ဟူး။ ပြောနေရင်း၊ ဆိုနေရင်းကကြောက်တောင်လာပြီဗျာ'

မနက်ခင်းကာလ ရေနွေးကြမ်းသောက်၊ ကောက်ညှင်းပေါင်းစားကြရင်း ညကအဖြစ်ကို စမြုံ့ပြန်နေကြသည်။

ဤအဖြစ်အပျက်ကို သေချာစွာနားထောင်နေသူကား သူကြီးနှင့်သူကြီးကတော်တို့၏ တစ်ဦးတည်းသော သမီးချောကညာလေးဥမ္မာသက်ရယ်ပါတည်း။

'အဘတို့ဖြစ်တဲ့ကိစ္စဟာ သွေးရိုးသားရိုးတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့တုံး လုံမရဲ့ ပြောစမ်းပါဦး'

'အဘတို့ အဲသလိုဖြစ်ပြီးတော့ အဘတို့ကို သတင်းလာပေးတဲ့ ရှောက်သီးတို့အုပ်စုကို တွေ့သေးလား'

'ဟယ် လုံမကလည်း တွေ့ဖို့နေနေသာ အဘတို့နှစ်ယောက် ကိုယ်လွတ်ရုန်းပြေးခဲ့ရတာ ကြည့်ပေတော့။ ကံကောင်းလို့ခလုတ်မတိုက်တယ်'

'အဲဒါကိုက မဟုတ်တာ။ သူတို့သုံးယောက် မင်းသိမ်းရှိတဲ့နေရာကို လာသတင်းပေးတယ်ဆိုကတည်းက သံသယဖြစ်စရာကောင်းနေပြီ'

'ဟ ဘာသံသယဖြစ်စရာကောင်းလို့လဲ'

'ကောင်းတာပေါ့ အဘရဲ့။ ဘာဖြစ်လို့ဆို သူတို့သုံးယောက်နဲ့ မင်းသိမ်းတို့ဆိုတာ ပုလင်းတူဘူးဆို့တွေပဲဟာ။ အဘနဲ့ကျတော့ လည်ပင်းဖက်ပေါင်းကြတဲ့သူတွေ မဟုတ်ဘူး။ ဒီတော့ အဘတို့ကို ဒုက္ခပေးချင်လို့ တစ်နည်းနည်းနဲ့လှည့်ပတ်ပြီး ဂျောက်ချတာ။ အဘတို့က အကြောက်ခံတတ်ခံလည်းရှိ၊ ပြီးတော့ အဲဒီငါးကန်မှာ သရဲခြောက်တယ်လို့ သတင်းတွေက ပျံ့နေတယ်ဆိုတော့ အဲဒီအချက်ကို အခွင့်ကောင်းယူပြီး အဲသည့်နေရာ အဘတို့မသွားသွားအောင် တွန်းပို့ရင်းက ခြောက်လှန့်လွှတ်လိုက်တာ ဖြစ်မှာပေါ့'

'အိမ်း ဟုတ်ပေသားပဲ။ ကြည့်စမ်း ဉာဏ်ပွင့်။ ငါ့သမီးဟာ ရှေ့နောက်ဆက်စပ်တွေးခေါ်တတ်တဲ့ ပညာရှိမပီသဘူးလားဟေ့။ မင်းတို့ ငါတို့ အတွေးတိမ်သလောက် ငါ့သမီးကတော့ အတွေးနက်သဟေ့။ ငါ့သမီးပြောတာ ဖြစ်ကိုဖြစ်နိုင်တယ်'

'ဖြစ်နိုင်တာ မဟုတ်ဘူးအဘ၊ ဖြစ်ကိုဖြစ်နေတာ။ အဘမယုံရင် သူတို့ထိုင်နေကျ ထန်းတောကိုသွား။ သူတို့ ညကတည်းက ရွာ





ဆဲဝင်ကြပဲ ထန်းတောမှာပျော်ပွဲစားကြရင်း ကုလားသေကုလားမော အိပ်နေကြမှာ။ အဘမယုံရင် ဦးဉာဏ်ပွင့်ကို ရှောက်သီးတို့၊ ဖိုးခွားတို့၊ ငွေတိုးကြီးတို့အိမ် သင်းတို့ရှိမရှိ စုံစမ်းခိုင်းလိုက်ချေ။ မရှိဘူးဆိုရင် သမီးပြောတာ ကွက်တိပဲ'

'ဟေ ဒီလိုလား လုံမ။ ဟေ့ ဉာဏ်ပွင့်၊ လုံမပြောတဲ့အတိုင်း ရွာထဲမှာ စနည်းနာလိုက်စမ်းကွာ၊ ပြီးတော့ မြန်မြန်လာပြော စီစဉ်စရာလေးတွေ စီစဉ်ရအောင်'

'ဟုတ်… ဟုတ်'

ဆယ်အိမ်ခေါင်းဉာဏ်ပွင့်လည်း ကောက်ညှင်းပေါင်းလက်တဆုပ်ကိုလုံးလျှက် အိမ်ပေါ်မှဆင်းကာ ရွာထဲသို့ လှမ်းဝင်သွားသည်။

သိပ်မကြာလိုက်။

ဆယ်အိမ်ခေါင်းဉာဏ်ပွင့် ပြန်ရောက်လာခဲ့သည်။

'လုံမပြောတာအမှန်ပဲ သူကြီး။ ရှောက်သီးရော၊ ဖိုးခွားရော၊ ငွေတိုးကြီးပါ ညက အိမ်ပြန်မအိပ်ကြဘူးတဲ့'

'ဒါဆို သေချာပြီအဘ'

'ဟုတ်ပ လုံမရယ်၊ သည်တစ်ခါမှမပိုင်ရင် သာယာတို့သူကြီးမလုပ်တော့ဘူးဟေ့။ ကိုင်း ဉာဏ်ပွင့်'

'ဗျာ သူကြီး'

'ရာအိမ်မှူးအာဘွားကို သွားခေါ်ခဲ့စမ်း'

'ဟုတ်… ဟုတ်'

ရာအိမ်မှူး၏နာမည်အရင်းက ဦးရွှေမင်းဖြစ်၏။ သူသည် ဒကာခံမည့်သူတွေ့လျှင် တစ်ခွက်တစ်ဖလားမက နှိပ်တတ်၏။ အရေတလေးများဝင်၍ ကုလားသေကုလားမော အိပ်ပြီးဆိုလျှင် 'အာဘွား… အာဘွား' ဟူ၍ ရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်ကြားလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်တတ်သည့်အတွက် ပတ်ဝန်းကျင်မှ ဦးရွှေမင်းအမည်အရင်းကို ဖျောက်လျက် ဦးအာဘွားဟူသော အမည်သညာကို ကင်ပွန်းတပ်ခဲ့ရာမှ ခုဆိုလျှင် အမည်အရင်းပျောက်ကာ အာဘွားကြီးဟူသော အနွတ္တသညာသည် နိုင်မြဲလျက်ရှိနေပါပြီ။

မကြာမီမှာတော့ ဆယ်အိမ်ခေါင်းဉာဏ်ပွင့်အတူ ရာအိမ်မှူး အာဘွားကြီးလည်း ပါလာခဲ့လေသည်။

'ဟေ့ကောင် အာဘွား၊ အကျိုးအကြောင်းကိစ္စကို လမ်းမှာ ဉာဏ်ပွင့်ပြောခဲ့ပြီ မဟုတ်လား'

'ဟုတ်'

'အေး အဲဒါ အဓိကလက်သည် ဒီကောင်တွေကို သွားဖမ်းကြ ရအောင်'

'ဖမ်းတာပေါ့သူကြီးရယ်၊ ဒါထက် မနက်လေးစာ စားမလာခဲ့ ရသေးဘူး သူကြီး။ ညက ထမင်းမစားနိုင်ပဲ မောက်သွားလို့ ဗိုက်ထဲမှာ ဟာတာတာနဲ့'

'မင်းကလည်း အရေးထဲမှကွာ။ ကိုင်း လုံမရေ ကောက်ညှင်း ပေါင်း ထပ်ထည့်ပေးလိုက်ပါဟေ့'

'ဟုတ်ကဲ့ အဘ'

ကောက်ညှင်းပေါင်းပန်းကန် ရောက်လာတော့ အာဘွားကြီး လည်း အားရပါးရတွယ်ပါလေတော့၏။ ကိစ္စဝိစ္စတွေပြီးပြီဆိုတော့ သုံးယောက်သားအစီအစဉ်တွေ ရေးဆွဲလျက် သာယာကုန်းထန်းတော သို့ ထွက်သွားကြပါလေတော့၏။

■



သာယာကုန်းထန်းတောထဲမှာတော့ ရှောက်သီး၊ ဖိုးခွား၊ ငွေတိုးကြီးနှင့် တစ်ကိုယ်လုံးအိုးမည်းတလူးလူးဖြစ်နေသည့် မင်းသိမ်း တို့မှာ ပိုးလိုးပက်လက်ဖြင့် လေးယောက်သား ဟောက်သံတွေပေး ကာ အိပ်မောကျနေကြကုန်၏။

မင်းသိမ်းကား အိပ်မက်မက်၍ကောင်းတုန်း။

အိပ်မက်ထဲ၌ သူချစ်မက်စွဲလမ်းရသူ ဥမ္မာသက်ကလေးက သူ့ထံသို့ အလည်လာရန် ဖိတ်ခေါ်နေပါကလား။ သည်တော့ မင်းသိမ်း ၏မျက်နှာမည်းကြီးသည် ပြုံးဖြီးဖြီးကြီးဖြစ်နေသည်မှာ လွန်စွာမှ အကြည့်ရဆိုးလှပါဘိ။

'ဒါပဲနော် ဒီက သူ့ကိုလွမ်းလို့ မြို့မှာမနေဘဲ ရွာကိုပြန်လာတာ သိလား'

အိပ်မက်ထဲမှ ချစ်ရသူ၏အသံက နေမကျော်သေးသည့် ထန်း ရည်လို ချိုမြစူးရှနေတော့၏။ သူတို့လေးဦးသားတွင် အအိပ်ပက်စက် သူကား ခြေသလုံးပလွေရိုးနှင့်ရပ်ချဉ်ရှာချဉ် ရှောက်သီးပင်ဖြစ်လေ၏။ ခါး၌ဝတ်ထားသောပုဆိုးသည် လည်ပင်းသို့ရောက်နေ၏။ အောက်ခံ ဘောင်းဘီသာမပါလျှင်ဖြင့် ရှောက်သီးဟူသောအမည်နာမမှသည် ဟို အမြွှာသီးအဖြစ် အမည်ပြောင်းလွဲသွားမှာ သေချာသည်။

'ဟေ့ကောင် ဟေ့ကောင် ထ… ထ…'



www.burmeseclassic.com

www.burmeseclassic.com



သူကြီးက ဖိနပ်ဦးဖြင့် မင်းသိမ်း၏တင်ပါးကို ကော်ထိုးကာ နှိုးနေလေ၏။

'ဟေ့ကောင် ပြောနေတယ်လေ၊ ထစမ်း'

'ဟင် ဥမ္မာကလည်းကွာ တွေ့ရတာမှခဏကလေးရှိသေးတာပဲ'

'အို ဥမ္မာအဘကို အသာခေါက်ထားစမ်းပါ။ ကိုယ်မကြာခင် တော်ရတော့မယ့် ယောက္ခမလောင်းကြီးမို့ ချစ်တဲ့စိတ်နဲ့ကျီစားတာပါ အဟဲ'

မင်းသိမ်း၏ ယောင်ရမ်းသောစကားများက သူကြီးဦးသာယာ၏ နှုတ်ခမ်းမွေးကျင်စွယ်တို့အား ကားသွားစေခဲ့သည်။

'တောက် ငါ့သမီးကိုများ ရာရာစစကွာ ကိုင်း'

'ဖုန်း'

'အား… အမလေး… ဟင်း… ဘာလုပ်တာတုန်း… အယ်… သ… သ… သူကြီး'

တင်ပါးကို ခပ်ဆတ်ဆတ်လေးပိတ်ကန်ပစ်လိုက်မှ ကာလနဂါးမင်းသိမ်းနိုးတော့သည်။ အိပ်မှုံစုံမွှားမို့ ကနဦးဘာမှမသိ။ မျက်လုံးအစုံကို ပွတ်သပ်လိုက်တော့မှ ငါးပါးမှောက်တော့မည်မှန်း သိရသည်။

သူကြီးသည် ဒီတစ်ခါတော့ လေးခွမကိုင်တော့။

ဝါးဆစ်ပိတ်ဝါးတုတ်ကို ကိုင်ထား၏။ တစ်ချက်လောက်ဆော်ထည့်လိုက်လို့ကတော့ တကယ့်ကိုအကွဲ။

'ဟား… ဟား… ဟား။ ကိုင်း မင်းသိမ်း။ မင်း ငါ့လက်က ပြေးလို့ လွတ်နိုင်သေးရဲ့လား။ ဟား ခါးကြားမှာလည်း မျက်နှာဖုံး'

ချက်ဆိုနားခွက်ကမီးတောက်သော ဉာဏ်ပွင့်က မင်းသိမ်း၏ ခါးကြားမှမျက်နှာဖုံးကို ဆွဲယူလိုက်သည်။





'ဒါ… ဒါ ညက ကျွန်တော်တို့ကို သရဲအဖြစ်ခြောက်လှတ် လိုက်တဲ့ဟာ သူကြီး'

'မှန်တာပေါ့ကွာ။ ဒါကြောင့် ငါ့သမီးကပြောတာပေါ့။ ဒါ သွေးရိုးသားရိုး မဟုတ်နိုင်ဘူး။ အကြံအစည်တစ်ခုခုနဲ့လုပ်တာလို့၊ အေး အဲဒါကြောင့် မင်းရဲ့အပြစ်တွေဟာ လေးသထက်လေးသွားရပြီ မင်းသိမ်း။ ဒီမှာ ဟေ့ကောင်'

'ဗျာ သူကြီး'

'မင်း ငါ့ကို ဘယ်လိုဒုက္ခပေးခဲ့တယ်ဆိုတာ သိသလား'

'အင်း… ဟင့်အင်း'

'ဟေ့ကောင် အခုမှ မုန်လာဥမလုပ်နဲ့။ မုဆိုးမ မသန်းတင်ကို ရော ဒုက္ခပေးခဲ့တာ သိသလား'

'သိ… မသိ'

'ဟား… ဟား… ဟား… ဟုတ်၊ ဟုတ်သေးတော့သကွာ။ ညတုန်းကလည်း ဒုက္ခပေးလိုက်ပြီးပြီ'

'မ… မဟုတ်ရပါဘူး သူကြီးရယ်'

'ဟေ့ကောင် မင်းပါးစပ်ပိတ်စမ်း တစ်ချက်ထဲလက်လွဲပြီး တွယ်လိုက်ရ ဝါးစရာသွားတောင်မရှိပဲနေရော့မယ်။ ကိုင်း ဉာဏ်ပွင့် ဒီကောင့်ကို ကြိုးနဲ့တုပ်ခဲ့။ ဟို သုံးကောင်'

'ဗျာ သူကြီး'

လည်ပင်းတွင်ပတ်နေသော ပုဆိုးကိုပြင်ဝတ်ရင်း ရောက်သီးက ထူးလိုက်သည်။

'မင်းတို့သုံးကောင်နဲ့လည်း စာရင်းရှင်းစရာရှိတယ်။ မင်းတို့ သုံးကောင် ညနေကျအိမ်လာခဲ့။ မလာလို့ကတော့ ထိတ်တုံးပဲ'

'ဟုတ်… ဟုတ်၊ လာခဲ့ပါ့မယ်သူကြီး'



www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း မင်းလက်ကိုကြိုးတုပ်ထားတာ လူမမြင်စေချင်ရင် ရွာထဲအရှက်တကွဲမဖြစ်စေချင်ရင် ပုဆိုးခြုံပြီး အသာတကြည်လိုက်ခဲ့။ မဟုတ်လို့ကတော့ ငါ့အဆိုးမဆိုနဲ့'

'ဟုတ်… ဟုတ်ကဲ့၊ အသာတကြည်လိုက်ခဲ့ပါ့မယ်သူကြီး'

သူကြီးဦးသာယာက စစ်မြေပြင်၌ အောင်ပွဲခံလာခဲ့သော အောင်ပွဲရစစ်သူကြီးပမာ ရင်ကော့လျက် ရှေ့မှသွားနေ၏။ ရာအိမ်မှူး အာဘွားကြီးနှင့်ဆယ်အိမ်ခေါင်းညာဏ်ပွင့်တို့ကမူ မင်းသိမ်းကို ဘယ်ညာညှပ်လျက် အနောက်ဖက်မှ လိုက်ပါသွားခဲ့လေတော့သည်။

■

မင်းသိမ်းနော်…
ဒါ…
နင့်အစွမ်းအစကို ပြဖို့
ငါ အကွက်ဖန်ထားတာ။
နင်… အစွမ်းပြနိုင်ရင်
အဘ နင့်ကိုသဘောကျမှာ
ဒါဆို… သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com

သူကြီး၏ ဖမ်းဆီးမှုကိုခံလိုက်ရကတည်းက ထိတ်တုံးနှင့် နေစာဖက်ရမည်မှန်း မသိမဟုတ်။ ကောင်းကောင်းကြီး သိသည်ပင်။

သိ၍လည်း သည်အခြေအနေမျိုးရောက်အောင် မင်းသိမ်းပဲ ကြံဆခဲ့သည်။ အကောင်အထည်ဖော်ခဲ့သည် မဟုတ်ပါလား။ သူများ ဘကာတွေဆိုလျှင် သူကြီး၏ထိတ်တုံးနှင့် တွေ့ရတော့မည်ဆိုလျှင် ရက်စိမျက်နှာပျက်ကာ မျက်နှာတစ်ခုလုံး ဓိုးရွက်ကလေးတမျှ သေး ငယ်သွားကြသည်။

မင်းသိမ်းကတော့ သည်သို့မဟုတ်။

မျက်နှာအနေအထားက တကယ့်ကိုခပ်တည်တည်။

တုန်လှုပ်ထိတ်လန့်သည့် အနေအထားမျိုး လုံးဝမရှိ။

သူ့စိတ်ထဲကို ဝင်ကြည့်လျှင်ဖြင့် စိတ်ညစ်စရာတွေ လုံးဝ ဥသုံကင်းစင်လျက် ပျော်ရွှင်ကြည်နူးနေကြောင်း သိနိုင်ပါလိမ့်မည်။

သူသည် ကျေကျေနပ်နပ်ပင် ထိတ်တုံးအခတ်ခံခဲ့၏။

'မင်းသတ္တိတော့ ချီးမွမ်းတယ် မင်းသိမ်းရာ တကယ်ပဲ'

ဆယ်အိမ်ခေါင်းဉာဏ်ပွင့်က ထိတ်တုံးကို သူကြီးအမိန့်အရ သူကိုယ်တိုင်ခတ်ရင်း မင်းသိမ်းအား ချီးမွမ်းစကားဆိုနေ၏။

'ဒါတွေက အသေးအဖွဲတွေပါ ကိုဉာဏ်ပွင့်ရာ'

သည်သို့ဆိုရင်း ပြုံးဖြီးဖြီးပင် လုပ်နေပါသေး၏ စိတ်ထဲမှာတော့ သည်လိုမျိုး အခြေအနေရောက်အောင်ဖန်တီးပါမှ သူ အလွန်မှ ချ



www.burmeseclassic.com

www.burmeseclassic.com



ရသောဥမ္မာနှင့်နီးနီးကလေးဖြစ်ရမည်၊ တွေ့ခွင့်သာမည်ဟု မှတ်ယူထားမိသည်ပဲကိုး။ သူကြီးအဖို့ မင်းသိမ်းကို ဖမ်းဆီးရမိပြီး ဘယ်လိုမှပြေး မလွတ်သာသည့် ထိတ်တုံးပေါက်ထဲ ထည့်လိုက်ရခြင်းအတွက် ကျေနပ်အားရလျက် ရှိသည်။

ထိုခဏ သာယာကုန်းဆရာတော်ကြီးက မင်္ဂလာကိစ္စတစ်ခုအတွက်တိုင်ပင်ရန် ကျောင်းသားကလေးတစ်ယောက်နှင့်အခေါ်လွှတ်လိုက်လေရကား ဘယ်လက်ရုံး၊ ညာလက်ရုံးများဖြစ်ကြသော ဆယ်အိမ်ခေါင်းဉာဏ်ပွင့်နှင့် ရာအိမ်မှူးအာဘွားကြီးတို့ ခြံရုံကာ ဘုန်းကြီးကျောင်းသို့ ထွက်သွားကြတော့သည်။

ထိတ်တုံးခတ်ရာအဆောင်သည် အိမ်မကြီးနှင့်အနီးငယ်ခြားကာ ဝက်တဲနှင့်ကပ်လျက်ရှိ၏။

မင်းသိမ်းလည်း ထိတ်တုံးခတ်ခံထားရသော ခြေအစုံကိုဆန့်ရင်းအနောက်ဖက်ရှိ ပျဉ်းကတိုးသစ်လုံးကြီးကို မှီလိုက်လေ၏။ သည်လိုမျိုး အမှီကလေးရှိမှလည်း နေရထိုင်ရသက်သာသည်။ သို့မဟုတ်ကခါးကို ဒုက္ခပေးတော့၏။ ထိုခဏ ဝက်တဲသို့သွားသော ခြေသံကိုကြားရသဖြင့် အောက်ခြေကိုကြည့်လိုက်ရာ ဥမ္မာ၏ ခြေခုံဖြူဖြူဖွေးဖွေးလေးကို စွဲမက်ဖွယ်မြင်တွေ့လိုက်ရလေတော့၏။

'ဥမ္မာ… ဥမ္မာ'

'ဟေး ဥမ္မာ… ဥမ္မာ'

အသံကို ခပ်အုပ်အုပ်ကလေးခေါ်လိုက်တော့ ခြေခုံဖြူဖြူဖွေးဖွေးကလေးသည် အချုပ်တဲကလေးသို့ ရောက်လာသည်။

'ဟင် မင်း… မင်းသိမ်း၊ နင်ဘယ်လိုလုပ်ပြီး ဒီထဲရောက်နေတာလဲ။ အဲ ထိတ်တုံးကြီးနဲ့'

တံခါးချပ်ကိုအသာဟလိုက်ရင်း ဥမ္မာက တအံ့တသြမေးလာ





သည်။ သူမလက်ထဲမှာလည်း ပုံးတစ်ပုံး။ ဒါ ဝက်စာကျွေးပြီး ဝက်တဲရှိဝက်တို့အား လာကျွေးခြင်း ဖြစ်ပေလိမ့်မည်။

'နင့်ကိုတွေ့ချင်လို့ရောက်လာတာ ဥမ္မာရဲ့'

'ဟာ ဘာတွေပြောနေတာလဲ၊ ငါ့ကိုတွေ့ချင်တာများ ဒီလိုပုံစံနဲ့တွေ့ရသလား။ လူတစ်ကိုယ်လုံးလည်း မည်းမည်းသဲသဲ။ ပြီးတော့ စုတ်တီးစုတ်ဖတ်နဲ့'

'ငါ့အနေနဲ့ ဒီလိုမျိုးလုပ်မှ နင့်ကိုတွေ့ခွင့်ရမှာမို့ လုပ်ရတာပါဟာ။ နင်လည်းသိသားပဲ။ နင့်အဘက ငါ့ဆိုလုံးဝအကောင်းမြင်တာမဟုတ်ဘူး'

ဥမ္မာသက်၏ ရင်ထဲမတော့ အဘ၏ပြောစကားများကို ကြားယောင်နေမိသည်။ ကြားယောင်မိသည့်စကားများ၌ မင်းသိမ်းအကြောင်းဆို၍ အကောင်းတစက်ကလေးမျှမပါ။ သည်တော့လည်းခင်၏ တဖက်သန်ဆန်မှုများကြောင့် ငယ်ကာလက တွယ်တာရသည့်သူငယ်ချင်းအပေါ်တွင် ဂရုဏာလွှမ်းသွားရချေသည်။

'ကဲ… ငါနဲ့တွေ့ပါပြီတဲ့ နင်က ဘာတွေပြောချင်လို့တုံး'

'အို… ပြောချင်တဲ့စကားလုံးတွေကတော့ အများကြီးပဲပေါ့ဥမ္မာရယ်။ အဓိကကတော့ ငါ နင့်ကိုချစ်နေတယ်ဆိုတာ မကွယ်တမ်းမရှက်တမ်း ပြောဖို့ပဲ'

'အို…'

ဥမ္မာသက်၏ ဖြူလွှမို့မို့ပါးပြင်ကလေးမှာတော့ ရှက်သွေးကလေးများ လွှမ်းပတ်သွားတော့မည်။ မမျှော်လင့်သည့် စကားကြားရတော့ လိပ်ပြာမနားဖူးသေးသည့် ပန်းကလေးမှာတော့ အသည်းတလှိုက်လှိုက် ရင်တဖိုဖို။

'ငါ မလိမ်တမ်း၊ မညာတမ်းပြောတဲ့ သစ္စာစကား…

www.burmeseclassic.com



ဦးမှာရယ်။ ငါလေ နင့်ကိုသိပ်ပြီးချစ်လွန်းလို့ နင်မကြိုက်တဲ့အပြုအမူ မှန်သမျှ လုံးဝဆိုလုံးဝစွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီးပါပြီ။ နင်မကြိုက်တဲ့ အပျော်အပါး၊ အသောက်အစားတွေ စွန့်လွှတ်ဖို့လည်း ယတိပြတ်ပါ ပဲ။ ငါ နင့်အပေါ်ချစ်တဲ့အချစ်နဲ့ လိမ္မာပါတော့မယ် ဦးမှာ'

အပြောအဆိုက ဘယ့်ကလောက်တောင် ပြေချောသွားလေ သည် မသိ။ ဦးမှာသက်ပင်လျှင် တွေတွေငေးငေးကလေး ဖြစ်သွား ရသည်။

'အဲသည်တော့ နင့်သဘောကို ငါသိပါရစေလား ဦးမှာရယ်'

တဖက်သားက သူ့ဆန္ဒကိုပြောကြားပြီး တုံ့ပြန်အဖြေကို တောင်းဆိုနေပေပြီ။ ဦးမှာအဖို့ ဂရုဏာစိတ်၏ပင့်နှိုးမှုကြောင့် သက်ပြင်း ကလေးကို မင်းသိမ်းမသိအောင် ခိုး၍ချလိုက်ရသည်။

'နင်တကယ်လည်း အသိတရားရပြီး လိမ္မာမယ်။ မကောင်း တဲ့ အမူအကျင့်တွေလည်း ပြုပြင်တော့မယ်ဆိုတော့ ငါ့အနေနဲ့ နင်ဖြစ်စေချင်တဲ့ အခြေအနေရောက်အောင် ငါကြိုးစားကြည့်ပါဦးမယ်။ ကိုင်း… ငါသွားမယ်နော် မင်းသိမ်း'

ဦးမှာသက်ထွက်သွားတော့ မင်းသိမ်းအဖို့ သူ့လုပ်ရပ်သူတွေး လျက် အကျေနပ်ကြီးကျေနပ်မဆုံးကာ ပြုံးပြုံးကြီးဖြစ်နေလေတော့ သည်။

လောက၌ မိန်းမဟူသည် အသနားခံသတ္တဝါမဟုတ်ချင်ကြ သူတို့ကိုယ်တိုင်က သနားကြင်နာတတ်သူဖြစ်လိုကြောင်း ထိုပြင်တဝ တဖက်သားအပေါ် ၎င်းတို့၏ပယောဂကြောင့် လူကောင်းသူကောင်း ဘဝဖြစ်စေလိုကြောင်းကို ရိပ်စားနားလည်မိသော မင်းသိမ်း၏ 'ပုရိသ မာယာ'က ဦးမှာသက်မည်သောဣတ္ထိယအပေါ်တွင် လူမသိသူမသိ အနိုင်ယူသွားပေရော့မည်တကား။





လူမတတ်သော်လည်း လက်ဖက်ထုပ်တတ်သည်ဆိုသော စကားက အလကားစကားမဟုတ်။ 'ကာလံ ဒေသံ၊ အဇ္ဈ ခံ'ဆိုသော စကားနှင့်အညီ 'ပေးကမ်းခြင်းသည် အောင်မြင်ရာ၏'ဆိုသော ထုံးကို နှလုံးမူကာ ကျောင်းဒကာဦးဘိုကြီးသည် ရာအိမ်မှူးဦးအာဘွား၊ ဆယ် အိမ်မှူးဉာဏ်ပွင့်တို့ကို အလိုလိုက်အကြိုက်ဆောင်လျက် သွားလေသူ ဦးဖြိုးထိန်၏မိန်းမ အရီးသန်းတင်ကိုလည်းကောင်း၊ သူကြီး ဦးသာယာ ကိုလည်းကောင်း လက်ဆောင်ပဏ္ဏာများဖြင့် တံတားခင်းလိုက်သည့် အခါဝယ် ကြီးသောအမှုသည် ပိစိကွေးလေးဖြစ်သွား၏။ ပိစိကွေးလေး အမှုသည် ရေပေါ်အရုပ်ကလေးရေးသကဲ့သို့ ဖြစ်သွား၏။

ပေးကမ်းမှု၏ တန်ခိုးရှိန်စော်အာနုဘော်တို့ကြောင့် ခုဆိုလျှင် အရီးလေးသန်းတင်လည်း မင်းသိမ်းအပေါ် အပြစ်မမြင်တော့။

'ကောင်လေး သနားပါတယ်၊ ထိတ်တုံးဖြုတ်ပေးလိုက်ပါ သူကြီးရယ်'

ဟုပင် စကားဆိုရှာသေး။ ပေးကမ်းမှုဂယက်၌ ရိုက်ပုတ်ခံရ သော သူကြီးမှာလည်း သူကြီးကတော်ကလည်းကောင်း၊ သမီးဦးမှာက လည်းကောင်း တွန်းအားပေးလေရာ နဂိုကပင်လွှတ်ချင်ချင်မို့ လွှတ်ပေး ဖို့ရာဆုံးဖြတ်လိုက်၏။

သို့သော်…။

ထိုသို့သော်ကား သူကြီးမှတောင်းဆိုသောအချက် ဖြစ်၏။

အကြောင်းမူ သူကြီးကမင်္ဂလာကိစ္စတစ်ခုအတွက် ဖိတ်စာရေး သားရန် သာယာကုန်းရွာဆရာတော်ကြီးက သူကြီးအပေါ်တာဝန်ပေး လိုက်၏။ မငြင်းရဲဝံ့သည်မို့ အဆိုပါတာဝန်ကိုယူထားသည် ဆိုသော် ငြား သူကြီးအနေဖြင့် ဖိတ်ကြားစာတစ်စောင်ဖြစ်အောင် စာစီတတ်သူ မဟုတ်သည့်အတွက် ဆရာတော်ကြီးပေးလိုက်သော ဖိတ်စာ…



www.burmeseclassic.com

www.burmeseclassic.com



မည့် အချက်အလက်များကို ယူလာကာပြန်လာခဲ့ရသည်။ ဘယ်လို ဘယ်ပုံရေးရမည်ကိုမသိ။ လုံမ ဥမ္မာကလည်းမရေးတတ်။

'အဘရယ် အဲဒါ မင်းသိမ်းကိုရေးခိုင်းလိုက်ပါလား၊ သူကဟို စပ်စပ် သည်စပ်စပ်နဲ့ ဒါမျိုးဆိုကျွမ်းမှကျွမ်း'

'ဟေ… ဟုတ်လား၊ ဒါဆို အတော်ပဲ ဒီ မင်္ဂလာဖိတ်စာ ရေးပြီးမှလွှတ်မယ်ဆိုရင်'

'ဟာ… ကောင်းတယ် အဘ၊ ကောင်းတယ်'

အဖေနှင့်သမီးတိုင်ပင်၍ ဖိတ်စာရေးသားရန်တာဝန်သည် မင်းသိမ်း၏လက်တွင်းသို့ ကျရောက်ခဲ့ရပါလေ၏။

'မင်းသိမ်းနော် ဒါ နှင့်အစွမ်းအစကိုပြဖို့ ငါအကွက်ဖန်ထားတာ နှင့်အစွမ်းပြနိုင်ရင် အဘ နှင့်ကိုသဘောကျမှာ ဒါဆို သဘောပေါက်'

ချစ်ရလေသော ဥမ္မာ၏စကား။

သည်တော့ အာမဘန္တေခံလျက် သူကြီးပေးသောမင်္ဂလာဖိတ်စာတွင်ပါရမည့် အချက်အလက်စာရွက်စာတမ်းများကို ယူငင်လျက် ဖတ်ရှုကောက်နုတ်ကာ မင်းသိမ်းလည်း မင်္ဂလာဖိတ်စာကြီးကို အောက်ပါအတိုင်း အလင်္ကာများစွာနှင့်ပညာသားပါပါ ရေးသားလိုက်ပါတော့သတည်း။

"ကမ္ဘာအလုံး ဝါစာမှုန်းပါတဲ့ သာယာကုန်းရွာနေ ဝေနေယျသတ္တဝါမိတ်အများအား ချစ်ခင်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ အကြောင်းမှာကား ပဲနုတိုင်း မြို့ပင်ကောက်မြို့နယ်၊ ရွှေနန်းတောင်ကျေးရွာနေ မြွေအလမ္ပာယ်ဆရာကြီး ဦးမြောက်အိုးနှင့် ဆိတ်နို့သည်ဒေါ်ခွဲမိတို့၏ ကိုတ္တိမသား ရွှေနန်းတောင်ဘုန်းတော်ကြီးကျောင်းမှ တောထွက်ကိုယ်





တော်ကြီးဘဒ္ဒန္တကုသလမိုယ်အဖ်တူ မှန်ကြိုက်ဆုံ ပိုင်ရှင်ဒေါ်သက်ရှိအမေဟင်၊ သဲပုံစေတီ ဒါယကာကြီးဦးခိုင်ခန့်ညီ နှစ်ဝမ်းကွဲ၊ ရွှေပန်းတောင်ရွာ၏ အထူးအာကာဟာရသူကြီးဦးကျွဲသိုး၏ သုံးဝမ်းကွဲယောက်ဖ၊ ရတနာသပန်ခင်း ထိုပ်ပြုံလုံးတားသန့်ဝေဘသစ်နှင့် ကြွက်လောင်းတို့၏ဦးလေး ဝက်သိုးအငှား လိုက်သည့် ဗေဒင်ဆရာ နဝလီဆရာပြိုင်နှင့် အနာပေါက်ရောဂါအထူးကု ဆရာမကြီးဒေါ်ခင်နှင်း တို့၏သား

မောင်ညွန့်တင်(နယ်လှည့်ဗေဒင်)

နှင့်

ရေဝတီတိုင်း သာယာကုန်းကျေးရွာနေ ရာဇဝင်မှူးဦးရွှေမင်း (ခေါ်) ဦးအာဘွား၏သမီး၊ သာယာကုန်းဘုန်းတော်ကြီးကျောင်းမှ ကပ္ပိယကြီး ဦးရွှေမြိုက်၏တူမ၊ မုန့်ပေါင်းသည် ဒေါ်ဘွင်၏ညီမ၊ ရေစည်အငှားလိုက်၊ ဝါးခုတ်အငှားလိုက်သည့် လှည်းပိုင်ရှင်ဦးဖိုက်ကလေး၏ မယားပါသမီး၊ ကြယ်တစ်လုံး ခုံဖိနပ်လုပ်ငန်းပိုင်ရှင် (ဦးသောင်းလှိုင်) + ဒေါ်ကြာစိတို့၏ တစ်ဦးတည်းသောသမီးချော

မတင်ညွန့်

တို့အား ယာရာဝါသသမ္ဗန္ဓဟု၊ ကိစ္စများမြောင် လူတို့ဘောင်၌ အိမ်ထောင် သက်မွေး ခြံနယ်မြေရလေအောင် နှစ်ဖက်သောမိဘများအနေဖြင့် မကောင်း မြွတ်တား ကောင်းရာညွှန်လတ်၊ အတတ်သင်စေပေး ဝေနီးရင်းရုံမက ထိမ်းမြားခြင်းအဆင့်သို့ပင် တာဝန်ကျေခဲ့ပြီဖြစ်ပါ၍ ခုလာမည့် တပေါင်း လဆန်း(၁၃)ရက်နေ့၌ သာယာကုန်းကျေးရွာရှိ ကြယ်တစ်လုံးခုံဖိနပ် လုပ်ငန်းရှင် ဦးမောင်လှိုင်(ကွယ်လွန်)၊ လှည်းပိုင်ရှင်ဦးဖိုက်ကလေး+



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြာစိတို့၏ နေအိမ်မင်္ဂလာမဏ္ဍပ်သို့ ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါကြောင်း။

နှစ်ဖက်သောမိဘ၊ ပထွေးနှင့်
မောင်ညွန့်တင်+မတင်ညွန့်

မင်္ဂလာဖိတ်စာအရေးအသားကား လိုအပ်ချက်မရှိ။

တကယ့်ကို ကွက်တိမှ ကွက်တိ။

သည့်အတွက် သူကြီးဦးသာယာလည်း သဘောကျသလို ရွာကျောင်းဆရာတော်ကြီးနှင့်တကွ ကာယကံရှင်တွေမှာလည်း အတော်ကလေး သဘောကျကြသည်။ အများက အဆိုပါဖိတ်စာအား သူကြီးဦးသာယာ၏လက်ရာဟု ယူဆထားကြသည်။ သူကြီးကလည်း 'လူအထင်ကြီးခံရ နည်းသလားဟု' ဆိုသည့်ထုံးကို နှလုံးမူလျက် တေတေကလေးနိုတ်ကာ တိတ်တိတ်ကလေးနေခဲ့သည်။

သည်လိုမျိုးဖိတ်စာကို ကောင်းကောင်းရေးသားဆက်သွင်းနိုင်သည့်အတွက် မင်းသိမ်းလည်း ထိပ်တုံးဘေးမှ ကင်းလွတ်သွားခဲ့ရပါပြီ။

'ဒါပဲနော် မင်းသိမ်း၊ နင် ဒီကနေ့ကစပြီး ပေါက်တက်ကရတွေ မလုပ်တော့နဲ့သိလား'

'အေးပါ ဥမ္မာရယ်၊ နင့်ကြောင့် ငါဘယ်တော့မှ မဟုတ်မဟတ်တာတွေ မလုပ်တော့ဘူး၊ ဒီသာယာကုန်းရွာမှာ စံထားလောက်တဲ့ လူလိမ္မာလေးတစ်ယောက်ဖြစ်အောင် နေပါ့မယ်လို့ ကတိပေးထားပြီးပြီပဲဟာ။ ဒီတော့ ငါ့ကို အဖြေပေးတော့'

'အို… ဘာဆိုင်လို့လဲ သူ့ဖာသာလူလိမ္မာဖြစ်တော့မယ့်ကိစ္စ၊ မဆီမဆိုင်အဖြေပေးရမယ်လို့'





'ဒါဖြင့် ဆက်မိုက်မှာနော်'

'မိုက်လေ မိုက်လိုက်။ ဟွန်း… တစ်သက်လုံးကို လှည့်မကြည့်တော့ဘူး။ မြို့ကိုအပြီးသွားနေလိုက်မယ်'

'ဟာ… ဟာ ဒီလိုတော့ မပြောလိုက်ပါနဲ့ ဥမ္မာရယ်။ ဒီကအလကားပျော်စေပြက်စေ နောက်ပြောတာပါ။ ဥမ္မာ့စိတ်တိုင်းကျ နေပြမယ့်လူပါ။ ငါ့အနေနဲ့ ဝမ်းသာရမယ့်အဖြေစကားလေး ကြားချင်လို့ပါ'

'ဒါကတော့ စကားပုံလည်းအရှိသား မဟုတ်လား။ လက်ဖက်ကောင်းကောင်းစားချင်ရင် ပလောင်တောင်တက်နေ့ရသတဲ့။ ကိုင်း… သွားပါ၊ မင်္ဂလာဆောင်ရက်ရောက်တော့မှ ညှို့ခံပွဲမှာတွေ့ကြတာပေါ့'

မင်းသိမ်းလည်း ချစ်ရလေသောဥမ္မာအား ရွှန်းရွှန်းစားစား ကြည့်ပြီးနောက် ကြည်နူးပီတိစိတ်ဖြင့် သူ၏အိမ်သို့ ပြန်လာခဲ့ပါတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

အဟာမ်း… အဟာမ်း
'ဘဝတီတိ အစိန္တတိ'တဲ့။
ပုဏ္ဏဒါရသ သင်္ဂဟောဆိုတဲ့
ပုတ်ကြီးအလား ပေးကမ်းစွန့်ကြဲခြင်းသည်
မင်္ဂလာမည်၏လို့
ပရိတ်ကြီး ဆယ့်တစ်သုတ်မှာ
ညွှန်းဆိုထားတယ် မဟုတ်ပေဘူးလားဗျာ

၇

www.burmeseclassic.com

www.burmeseclassic.com

ကိုညွန့်တင်နှင့်မညွန့်တင်တို့၏ ကက်ကင်းမြောက်သော မင်္ဂလာလက်ထပ်ပွဲမှာတော့ မြို့ပေါ်မှဘိသိတ်ဆရာဝမ်းလျှောနေသည့်အတွက် အင်းသူကြီးဦးစိန်လင်းအား ပုဏ္ဏားအဝတ်အစားများ ဝတ်စေကာ မင်္ဂလာဘိသိတ်သွန်းလောင်းဖို့ရာ အကူအညီတောင်းရလေတော့၏။

'ရပါတယ် သူကြီးရယ်၊ တချိန်တုံးကဆို ကျုပ်ဟာ မင်္ဂလာပွဲတော်တော်များများမှာ မောင်မောင်စိန်လင်း(နတ်မောက်)ဆိုတဲ့နာမည်နဲ့ ဘိသိတ်မြောက်ခဲ့ဖူးပါတယ်။ ခုကျမှ သာယာကုန်းရွာသူ ပူတူတူးလေးတင်တင်မိုးနဲ့အိမ်ထောင်ကျပြီး ဇာတ်မြုပ်နေခဲ့တာပါ။ တတ်သည့်ပညာမနေသာဆိုသလို ကူညီရမှာပေါ့သူကြီးရာ'

သည်လိုနှင့် မင်္ဂလာဘိသိတ်အတွက် ရင်အေးရတော့သည်။

မင်္ဂလာအချိန်သို့ ရောက်လာသောအခါ သူကြီး၏အချက်ပေးမှုဖြင့် ရာအိမ်မှူးဦးအာဘွားသည် ပေတုံးပေါ်တင်ထားသော ပေသီးတစ်လုံးစီအား နှစ်ချက်တိတိ'ဖောင်း'ခနဲ၊ 'ဖောင်း'ခနဲ ဖောက်ရလေတော့၏။ ဤအခါတွင် မြို့မှငှားလာသော ပုဏ္ဏားအဝတ်အစားဖြင့် ဦးစိန်လင်းလည်း သတို့သားမောင်ညွန့်တင်နှင့်သတို့သမီးမညွန့်တင်တို့၏ လက်နှစ်ဖက်ကိုကိုင်ကာ လက်ထက်ခြင်းအမှုကို ပြုပေးရလေတော့၏။ သတို့သမီးမညွန့်တင်ကရှက်၍ ခေါင်းငုံ့နေသလောက်သတို့သားမောင်ညွန့်တင်ကမူ ပျားအုံရသောမျက်နှာသဖွယ် ပြုံးပြီးပြုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေရာ ဆယ်အိမ်ခေါင်းဉာဏ်ပွင့်လည်း သဘောကျလွန်းသဖြင့် လက်စွဲတော်တောင်ဝှေးကို စောင့်လိုက်၏။ နဘေးရှိ အရီးလေး သန်းတင်၏ ခြေဖမိုးကိုစောင့်မိသဖြင့် အရီးလေးကလန့်ဖျန့်ပြီး ဖျန်းက နဲ့တွယ်ထည့်လိုက်ရာ ဉာဏ်ပွင့်၏ပါးပြင်၌ လက်ချောင်းရာတွေထင် သွားတော့၏။

အရပ်က ပုပြတ်ပြတ်

အသားအရောင်က သပိတ်သဖွယ်

အလုံးအထည်က ခပ်ဝဝ။

ပုဏ္ဏားအဝတ်အစားအဖြူကိုဝတ်၊ ခေါင်း၌ဖော့လုံးအဖြူအစ နှစ်စကိုထောင်ကာ ခရသင်းမှုတ်နေသော ပုဏ္ဏားတော်ဦးစိန်လင်းကို ကြည့်လျက် မင်္ဂလာပွဲလာပရိတ်သတ်အပေါင်းမှာ သဘောအကျကြီး ကျလျက်ရှိကြ၏။ ပုဏ္ဏားတော်ဦးစိန်လင်းလည်း သူ့ကိုယ်သူ တကယ့် ပုဏ္ဏားအစစ်အဖြစ် ဈာန်ဝင်သွားလေသလားမသိ။ မင်္ဂလာဘိသိတ် ရွတ်ဖတ်သည့် အသံနေအသံထားမှာလည်း ဓာတ်ထဲကပုဏ္ဏားအသွင် ကူးပြောင်းသွားလေတော့၏။ ခရသင်းကို အားပါးတရမှုတ်လိုက်ပြီး နောက်။

'ကျက်သရေမင်္ဂလာများစွာမှ ရှိနိုးကီးပါပေ့

မင်္ဂလာရက်မြတ်လက်ထပ်ကြတဲ့ သတို့သားနဲ့သတို့သမီးတို့ စိန်ရွှေဖြိုးလက်တိုးတက်နီးကီးလိမ့်မယ်။ စီးပွားဥစ္စာရတနာတွေ အလျှံ ပယ်ဖြိုး ကြီးပွားတိုးတက်နီးကီးမယ်။ အစားကြီးတဲ့သားသမီးတွေ တိုးပွားနီးကီးမယ်။

ပုဏ္ဏားနော် ဟုတ်တာတွေပြောလို့ ဥစ္စာတွေပေါပြီး ချောအလှ မဒီနဲ့ အီစီကလီဖြစ်နေတာကြည့် ဟီဟိ။ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ နေ့ချင်းထပ်မြတ်





သလို ခုလိုမျိုး သတို့သား 'မောင်ညွန့်တင်' နဲ့ သတို့သမီး 'မညွန့်တင်' တို့ ကက်ကင်းကျတာမို့ ဘိုးတော်သိကြားမင်းက ချက်ချင်းမနီးကီး လိမ့်မယ်။ အဲ့ဟယ်... အဲ့ဟယ်။

တူနှစ်ကိုယ်ဘဝချင်းဆုံလို့ ချေးပုံထဲကျရင်အီးအီးတွေပေမယ်။ မြောင်းထဲကျရင် ရွှံ့ပုတ်စော်နံမယ်။ ကန်စွန်းဥစားရင် သွားချေးတက် လိမ့်မယ်။ ကြံစုပ်ရင် သွားချေးစင်မယ်။ တွမ်တီဝမ်းဆွဲလို့ ငါးချပ် ပေါက်ရင် အားလုံးကိုနိုင်မယ်။ ပဲဟင်းစားရင် အီးအီးပန်းမယ်။ ပုဏ္ဏား နော် ဟုတ်တာကို ဟောကိန်းထုတ်တယ်။ မဟုတ်တာကို အချားနိမ်းပဲ ဟဲဟဲ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံလေးဘုံက သမ္မာ ဒေဝနတ်ကောင်းနတ်မြတ်များ ကောင်းချီးသြဘာပေးကြပါစေ။

အောင်ဖေယျတု အောင်ဖေယျတု အောင်ဖေယျတု

'လာမူကြိုဆီး၊ ထမ်းလုပ်ကျွေး၊ သင်တွေးအံ့ရွတ်' ဆိုတဲ့ မိဘ ဝတ္တရားနဲ့အညီ မိဘတွေကထိမ်းမြားပေးခဲ့ကြပါပြီ။ သည်တော့လည်း ပဲ သားသမီးတွေဖြစ်ကြတဲ့ သတို့သား မောင်ညွန့်တင် နဲ့ သတို့သမီး မညွန့်တင်တို့ကလည်း 'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း' ဆိုတဲ့ သားသမီးဝတ္တရားငါးပါးနဲ့အညီ နှစ်ဖက်မိဘတွေအပေါ် ရိုကျိုးနှိမ့်ချပြုစုကြဖို့လိုပါတယ်။ ဒါဟာ မင်္ဂလာတရားတော်ပါပဲ။

အထူးသဖြင့် သတို့သားနဲ့သတို့သမီးတို့ကို ဘဝအိမ်ထောင် ထာဝရတည်တံ့အောင်အတွက် ဆုံးမသြဝါဒပေးလိုတာကတော့ သတို့ သားအနေနဲ့သတို့သမီးအပေါ်ကို ဘယ်သောအခါမှ 'မခံချင်အောင်' မပြောပါနဲ့။ သတို့သမီးကလည်း သတို့သားအပေါ်ကို ဘယ်သောအ ခါမှ 'မလုပ်ချင်အောင်' မပြောပါနဲ့။ ဒါဆိုရင် အိမ်ထောင်ရေးခရီးဟာ ပန်းခင်းတဲ့လမ်းဖြစ်ပါလိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



ဘိသိတ်ဆရာ အခါတော်ပေး ပုဏ္ဏားတဖြစ်လဲ ဦးစိန်လင်း၏ ဆုံးမဩဝါဒပေးပြီးလေတော့ ရှောက်သီး၊ ဖိုးခွားနှင့်ငွေတိုးကြီးတို့လည်း မင်းသိမ်းနှုတ်တိုက်ချပေးခဲ့သော သံချပ်အား အားပါးတရဆိုးပါလေတော့၏။

“သတို့သားကြီး မောင်ညွန့်တင်
သိပ်မကြာခင် ဟီးဟီး… ဟီးဟီး။
စပ်ဖြီးဖြီးနဲ့ သူပြုံးပျော်
မညွန့်တင်နော် အဟင့်… အဟင့်။
သာယာကုန်းနှင့် ပတ်ဝန်းကျင်
ဒီညဆိုလျှင် လျှောင်လှုပ်မဖျို့။
ကျုပ်တို့ရွာက ဘိသိတ်ဆရာ
မင်္ဂလာဆောင်ရင် လာလို့မှားကြ။
အားရပါးရ စားစမ်းပါ
ကျွေးလိုက်တာမှ ဝက်သားဗြောင်ပေါ့။
ခွက်ပုန်းမှော်မှ သူနေသာ
ရာအိမ်မှူးဟာ ဦးအာဘွားကြီး။
ဟော့… မောင်တို့၊ ဟဲ့… မယ်တို့
ဟဲ့… မယ်တို့၊ ဟော့… မောင်တို့
ဟေးလား… မောင်ရို့ဝါး
ခွေးနား ယောင်လို့မသွား။”

မင်္ဂလာပွဲလာပရိတ်သတ်အပေါင်းက ရှောက်သီးတို့အုပ်စု၏ သံချပ်အပေါ်ဝယ် အာရုံစူးစိုက်နေချိန်၌ ကာလသမီးခေါင်းဆောင် အေးကြည်မက မင်းသိမ်းအားဥမ္မာရှိနေမည့်နေရာအား မျက်နှာရိပ်မျက်နှာကဲ ပြလိုက်သည်။ ချက်ဆိုမှားခွက်ကမ်းတောက်နေသည့် မင်းသိမ်း





လည်း ပတ်ဝန်းကျင်အနေအထားကို အကဲခတ်ကာ ပရိတ်သတ်ထဲမှ ကိုယ်ယောင်ဖျောက်လိုက်သည်။ သူကြီးဦးသာယာနှင့်သူကြီးကတော် ဒေါ်ကြွက်မတို့မှာ လက်ဖက်ရည်ကြမ်းဝိုင်း၌ လက်ဖက်သုတ်ကို ပုဇွန်ခြောက်နန်းချင်း၊ ကြက်သွန်ကြော်နန်းချင်းတို့ဖြင့် ဖွန်းမလပ်စေဘဲ စားလိုက်၊ ဝါးလိုက်၊ ရေနွေးကြမ်းသောက်လိုက်၊ စကားတွေဖောင်လိုက်နှင့် အာရိုက်နေကြသည်။

‘ဟဲ့ မင်းသိမ်း၊ နင် ငါ့ကိုပြောစရာရှိတယ်ဆို၊ ဘာပြောမလို့လဲ။ ကဲ… ပြောလေ သိပ်အချိန်မရှိဘူး။ အဘနဲ့အမေတို့လည်း ရှိနေတာနော်’

‘အေးပါဟယ်၊ ပြောမှာပေါ့။ နင့်ရဲ့အလှကို ကြည့်လို့မဝဘူးဖြစ်နေလို့’

‘တော်ပါ…’

‘ငါ ပြောချင်တာက နင် ငါ့ကိုအဖြေပေးပါတော့လို့ ပြောမလို့’

မင်းသိမ်းကစကားကို သိုင်းဝိုင်းမနေတော့ပဲ လိုရင်းကိုပြောချလိုက်သည်။

‘နင်ကလည်းဟယ်၊ ဖြန်းစားကြီးအဖြေတောင်းတော့ ငါ ဘယ်လိုလုပ်ပေးရမှာတဲ့လဲ။ အဘတို့မြင်သွားရင်ဒုက္ခပဲ။ နင်လည်း ချောင်မှာ မဟုတ်ဘူး’

‘မမြင်ပါဘူးဟာ၊ နင့်အဘက ဒီလောက်စိုပြည်နေတဲ့ဝိုင်းမှာ လေကြောမပြတ်ပါဘူးဟ။ ပြောလေဟာ… ပြောလေ’

မင်းသိမ်း၏ အငမ်းမရတောင်းဆိုနေမှုကြောင့် ဥမ္မာလည်း ပတ်ဝန်းကျင်ကိုဝေ့ဝဲကြည့်ရင်း စကားအဖြေကို တိုးတိုးလေးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝမ်း… ဝမ်းသာလိုက်တာ ဥမ္မာရယ်'

မင်းသိမ်းလည်း ဝမ်းသာအားရဖြင့် ဥမ္မာ၏လက်ကလေးကို ဆွဲယူဖမ်းဆုပ်ချိန်ဝယ် မင်္ဂလာမဏ္ဍပ်ဆီမှ လက်ဖွဲ့စာရင်းဖတ်ကြားသံ ထွက်ပေါ်လာလေ။ သည်တာဝန်ကိုယူသည့်သူကား တခြားသူဟုတ်ပါ ရောလား။

ပုဏ္ဏားတော်အဝတ်အစားဖြင့် လျှာတွေ့အာတွေ့ဖြစ်နေသော ဇာတ်လိုက်ကျော် ဦးစိန်လင်းတည်း။

'အဟမ်း အဟမ်း ဘဝတီတိ အစိန္တတိ တဲ့။ ပုဏ္ဏဒါရသသင်္ဂ ဟောဆိုတဲ့ ပုတ်ကြီးအလား ပေးကာမ်းစွန့်ကြဲခြင်းသည် မင်္ဂလာမည်၏ ရယ်လို့ ပရိတ်ကြီးဆယ့်တစ်သုတ်မှာ ညွှန်းဆိုထားတယ် မဟုတ်ပေဘူး လားဗျာ။

ခုလို တစ်မိသားနဲ့တစ်မိသားဖြစ်ကြတဲ့ မောင်ညွှန့်တင်နဲ့ မတင်ညွှန့်တို့ဟာ 'ထုံပေ လုံပေ နဂ္ဂတိ' ဆိုသလို တစ်အိုးတစ်အိမ်ထူ ထောင်ကြတဲ့အခါ ရပ်ထုံးစံရွာထုံးစံအရ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြတာ ဖြင့် အင်မတန်မှမွန်မြတ်ထူးကဲလှတဲ့ လုပ်ရပ်တစ်ခုပေပဲပေါ့ဗျာ။ အခု ဒီနေရာကနေပြီး မင်္ဂလာလက်ဖွဲ့စာရင်းကို ကြေညာပေးပါ့မယ်။ ဒီလို ကြေညာတဲ့နေရာမှာ ပစ္စည်းအနည်းအများအလိုက်၊ ပုဂ္ဂိုလ်အကြီး ငယ်လိုက်မဟုတ်ပဲ လာရောက်လက်ဖွဲ့ကြတဲ့ နံပါတ်စဉ်အလိုက်ကိုပဲ ကြေညာပေးမှာမို့ အားလုံးနားလည်သဘောပေါက် ခွင့်လွှတ်စေချင် ပါတယ်။

အဟမ်း အဟမ်း။ အနောက်ပိုင်းက မုဆိုးမဒေါ်ကာလိက ဓနိပျစ်ငါးပျစ် လက်ဖွဲ့ပါတယ်။ ဒေါ်မိသေးမိသားစုက သင်ဖြူးဖျာ တစ်ချပ်ခင်ဗျ။ သာယာကုန်းရွာ သူကြီးဦးသာယာနဲ့သူကြီးကတော် ဒေါ်ကြွက်မတို့က ထင်းခုတ်မားမတစ်ချောင်းနဲ့ တိုက်ကြက်ဖတစ်





ကောင်။ ကျောင်းဒကာဦးဘိုကြီးမိသားစုက ထင်းလှည်းတစ်စီး။ ရာအိမ်မှူးဦးရွှေမင်း ခေါ် အာတွားကြီးက တောကြက်ဥဆယ်လုံးတိတိ။ ဆယ်အိမ်ခေါင်းဉာဏ်ပွင့်က တောအရက်ဆီတစ်ပုလင်း။ ကုန်စုံဆိုင် ပိုင်ရှင်ကိုမြင့်သိန်း၊ မညိုထွေးကြည်တို့မိသားစုက ရေတပ်ဆုံနဲ့ရေတ ကျည်ပွေ့။ ကိုဉာဏ်ထွန်း၊ မပေခါးတို့မိသားစုက ဆန်တစ်ပြည်နဲ့ငါး ရံ့ခြောက်တစ်ပြား။ ကိုသိန်းတန်၊ မနှင်းကျင်တို့လင်မယားက ကြောင် ကလေးတစ်ကောင်။ လူပျိုကြီးကိုကျော်ဦးက ဖီးကြမ်းငှက်ပျောတစ် ခိုင်။ ကိုမောင်မြင့်၊ မသောင်းရီတို့မိသားစုက ဂန်ဖလားတစ်လုံး။ ကိုစိန်ကုလားနဲ့ကိုမူတူးတို့ညီအစ်ကိုက နှမ်းလုံးကြိုင်မြစ်နဲ့ပျားရည် တစ်ပုလင်း။ ကုလားစုက ကိုကစ်တနားတို့မိသားစုက ဖျင်းအောက်သုံး ကောင်။ အပျိုကြီးဒေါ်ဝင်းက ပဲကြီးလှော်တစ်ပိသာနဲ့ထန်းလျက်ငါး ဆယ်သား။ ကိုကျွဲသိုး၊ မသန်းလှိုင်တို့ ဇနီးမောင်နှံက မီးပြောင်းတစ်ခုနဲ့ ရေနံဆီမီးခွက်တစ်လုံး။ တောခေါင်းကြီးမိုးဇော်တို့မိသားစုက မန်ကျည်း သီးအစိပ်သား၊သံပရာသီးဆယ်လုံး၊ ရှောက်သီးငါးလုံးနဲ့ငါးချဉ်တွဲတစ် တွဲ။ ဦးသာလှိုင်၊ မနှင်းစိန်တို့လင်မယားက ဝါးဖယောင်းနီးတစ်ပိသာ။ ကိုဇော်မင်းဦး၊ မမြင့်မြင့်အေးတို့မိသားစုက ကြက်သားအုပ်မတစ်အုပ်။ ဂီလာနကိုတင်ဝင်းက မန်ဒါလီတစ်ကောင်။ အရှေ့ပိုင်းမှကိုအောင်ကြီး က ဗူးသီးတစ်လုံး။ ကိုကျော်မင်းမိသားစုက ယပ်တောင်တစ်ချောင်း၊ နွားမောင်းကြိမ်နဲ့နဖားကြိုးတစ်စုံ။ စပါးပွဲစားဦးပေါက်ဖော်မိသားစုက မျိုးစပါးတစ်တင်း။ ကမ္ဘာရှားဦးလှအေးမိသားစုက မီးမကင်ဆေးသုံး ထုပ်နဲ့စမုန်နက်ငါးကျပ်သား။ ကိုစောနိုင်၊ မတင်တင်ဝေမိသားစုက စိပ်ပုတီးတစ်ကုံးနဲ့ပရိတ်ကြီး ဆယ့်တစ်သုတ်စာအုပ်တစ်အုပ်။ ဘုရား ဒကာကြီးဦးမောင်ချစ်မိသားစုက ကနစိုသီးငါးတွဲနဲ့သစ်တိုသီးငါးလုံး။ အမယ်ကြီးမငြိမ်းခင်က ကျောက်ပျဉ်တစ်ချပ်နဲ့သနပ်ခါးတစ်တုံး။



www.burmeseclassic.com

www.burmeseclassic.com

ကိုပေါက်စမိသားစုက မုန့်တစ်ချပ်နဲ့ပေါင်ဒါတစ်ဘူး။ ကိုရဲမြင့်နောင်မိသားစုက ကွယ်လွန်သူဖခင်ဦးကြက်ကြီးကိုရည်စူးလို့ နဖာကလော်တစ်ချောင်းနဲ့မွှေးညှပ်၊ ဓာဂနာတစ်ခု။ သိုင်းဆရာကြီးဦးမင်းရွှေသိန်းက ထန်းခေါက်ဖာတစ်လုံး။ ဝက်ပွဲစားဝင်း မောင်က ဝက်ဆီတစ်ပုလင်း။ အနောက်ပိုင်းထန်းတောမှပေါ်ဖိုက လယ်ကြွက်နှစ်ကောင်နဲ့ထန်းရည်တစ်မြူ။ ရဟန်းအစ်မကြီးဒေါ်တင်အေးက သွားလေသူဦးစံဖေကိုရည်စူးလို့ ကလေးအနှီးတစ်စ။ ကိုစန်းတင့်၊ ကိုလှသိန်း၊ ကိုစံမြင့်တို့ညီအစ်ကိုတစ်စုက တညင်းသီးဆားရည်စိမ်တစ်အိုး၊ ငပိအစိတ်သားနဲ့ ငံပြာရည်တစ်ပုလင်း။ နိဗ္ဗာန်ဆော်ဦးဗလကြီးက သောက်ရေအိုးတစ်လုံး။

မိန္နောဆရာဦးအောင်ကြီး၊ ဒေါ်လှရီမိသားစုက လျှက်ဆားတစ်ဖုံ။ စပ်ပန်းချီဆရာဦးဝလုံးက လောက်စာလုံးတစ်ရာနဲ့လင်းမြွေကြပ်တိုက်တစ်ကောင်။ ကိုကြက်တင်းရိုးမိသားစုက အုန်းတံမြက်စည်းတစ်ချောင်းနဲ့အုန်းမှုတ်ရေခွက်တစ်ခွက်။ နွားဝေ့းသင်းဆရာဦးဝင်းကိုက သစ်သားယောင်းမတစ်ချောင်းနဲ့စကောတစ်ချပ်။ နွားမွေးခြံက ဦးရန်ကနားက အမဲခြောက်သုံးဆယ်သား။ ဦးတက်လူမော်မိသားစုက သင်တုံးဓားတစ်ချောင်း။ ဦးသောင်းယဉ်မိသားစုက ကလေးအိုးစည်တစ်လုံးနဲ့လင်ကွင်းတစ်စုံ။

ဟုတ်ကဲ့ ကျွန်တော်တိက်သိက်ဆရာ ဦးစိန်လင်းတို့နီးမောင်နှံကတော့ ငါးပူတင်းခြောက်တစ်ပိဿာနဲ့အုန်းသီးသုံးလုံး လက်ဖွဲ့ပါတယ်ခင်ဗျာ။

အောင်ဖေယျတု… အောင်ဖေယျတု… အောင်ဖေယျတု… အောင်ပါစေသော… အောင်စေသော'

သို့ဆိုပြီးသကာလ အောင်မြင်မှုအထိမ်းအမှတ်အဖြစ် ခရာသင်း





ကိုမှုတ်လိုက်ရာ မင်္ဂလာမဏ္ဍပ်အတွင်းရှိ ပရိတ်သတ်အပေါင်းလည်း ဝမ်းစမိုး၊ ဘန်းသူခိုး ကြမ်းကျိုးဟူ၍ သြဘာပေးလိုက်ကြသည်မှာ တကယ့်ကို ဝက်ဝက်ကွဲပါပေတကား။

■

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်

ဗိုးချွားပြောသလိုပဲ

မင်း ဘာဖြစ်ချင်တယ်ဆိုတာ ပြောကွာ။

မင်းအတွက်ဆို

ရှောက်သီးနဲ့ဗိုးချွားအပါအဝင်

ဟောဒီ ငွေကျိုးအကြီးနဲ့

ငွေတိုးကြီးက အဆင်သင့်ပဲဟေ့

www.burmeseclassic.com

www.burmeseclassic.com

ဆယ်အိမ်ခေါင်းဉာဏ်ပွင့်ထံမှ ကြားလိုက်ရသောစကားများကြောင့် သူကြီးဦးသာယာ၏ ကျင်စွယ်နှစ်ဖက်မှာ ခပ်ကားကားကြီးဖြစ်သွားသည်နှင့်အညီ မျက်လုံးအစုံမှာလည်း ခပ်ပြူးပြူးကြီးဖြစ်သွားလေ၏။

'မင်း ပြောတာတွေဟာ သေချာတယ်နော် ဉာဏ်ပွင့်'

'သေချာပါတယ် သူကြီးရယ်၊ မနေ့ညနေကဆို ရေခပ်လမ်းမှာ သူတို့ချင်းချိန်းပြီး ဟတ္တာဖြစ်နေကြတာ တပ်အပ်မြင်ခဲ့ပါသဗျာ'

'ဟ… ဟတ္တာဆိုတာ ဘာလဲကွာ'

'ဟိုသင်းလေ… ဟိုသင်း'

'ဘာဟိုဟင်းလဲကွ၊ စကားကိုဝှေမနေနဲ့ ဒဲ့သာပြော ဟကောင်'

'အဲ လက်ကလေးကိုင် ပခုံးလေးဖက်တာကိုပြောတာ သူကြီးရဲ့'

'တော်… တော်တော့၊ မင်းပါးစပ်ပိတ်ထားတော့၊ ဟေ့… မိကြွက်… မိကြွက်'

'ရှင်'

'လာစမ်း ဒီကို၊ မြန်မြန်လာစမ်း'

သူကြီး၏ ခပ်ဆတ်ဆတ်လေသံကြောင့် သူကြီးကတော် ဒေါ်ကြွက်မလည်း အိမ်ခန်းထဲမှ အူလျားဖားလျား ထွက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘာများတုံးတော်၊ မထိတ်သာမလန့်သာ ရှိလိုက်တာ။ ဘာကိစ္စများပါလိမ့်၊ ပြောစမ်းပါဦး'

'ပြောမယ် ပြောမယ်၊ မပြောမဖြစ် ပြောကိုပြောရမယ်။ မင်းအထိန်းအကွပ်ညံ့လို့ တို့သမီး ဘာဖြစ်နေပြီထင်လဲ'

'ဘာဖြစ်လို့တုံးတော့၊ ကျွန်မတို့သမီးဟာ အလိမ္မာမလေးပါ'

'ဘာအလိမ္မာမလေးလဲ၊ ငါတို့သမီးလေးတော်လှ တော်လှနဲ့၊ ခုတော့ ယောင်းမမြင်းစီးထွက်ပြီလေ'

'ဘယ်ကလာ ယောင်းမရှိပါတယ်၊ ခုပဲ ကျွန်မထမင်းအိုးမွှေလာခဲ့ပေးတာ'

'ဟဲ့ အဲဒါကို ပြောတာမဟုတ်ဘူး။ ရှေ့တွင်တမျိုး ကွယ်ရာကျတမျိုး ဖြစ်နေတာကိုပြောတာ။ ခုမင်းသမီးက ကျောင်းဒကာဘိုကြီးရဲ့သား မင်းသိမ်းဆိုတဲ့ကောင်နဲ့ ကြိုက်နေကြသတဲ့'

'တော်ကလည်းတော် ဒါ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝပဲမဟုတ်လား။ တော်တောင်မှ ကျုပ်ကို သွေးမတော်သားမစပ်ယူလာခဲ့သေးတာပဲ။ 'အရွယ်ရောက်လာ၊ သမီးကညာ၊ အခါမလင့်သာ'တဲ့ရှင့်။ ကောင်လေးက မျိုးကောင်းရိုးကောင်းကလေးပါ။ တစ်နေ့ဒီလိုမျိုးဖြစ် လာလိမ့်မယ်ဆိုတာ ကျုပ်အတတ်သိနေတယ်'

'လာပြန်ပလား 'အတပ်သိတယ်' ဆိုတဲ့စကား'

'အိုတော် အတပ်သိလို့ အတပ်သိတဲ့အကြောင်း ပြောတဲ့ဥစ္စာပဲဟာ'

'မလိုချင်ဘူး… မလိုချင်ဘူး။ ငါ့သမီးနဲ့တန်တဲ့ကောင်ဟောဒီ သာယာကုန်းရွာမှာ ဘယ်သူမှမရှိဘူး။ ငါ့သမီးကို ဒီရွာကဘယ်ကောင်နဲ့မှကို မပေးစားဘူး။ မြို့က သူဌေးသားတစ်ယောက်ယောက်နဲ့စေ့စပ်ပြီးပေးစားပစ်မယ်ကွ၊ ပေးစားပစ်မယ်။ ဟွန်း…



'သမီးကိုငယ်က၊ မဆုံးမသော်၊ မိဘတစ်စို၊ မြေးမြန်မြန်ချီရသတဲ့'။ ဒီတော့ ကနေ့ကစလို့ မင့်သမီးကို အိမ်ထဲကအိမ်ပြင်မထွက်စေနဲ့'

'တော်ကလည်းနော်၊ သိပ်မကြာခင်ပဲ သမီးလေးမြို့ကျောင်းပြန်တော့မယ့်ဟာ'

'အေး… ငါလည်း အဲသည်ရက် မြန်မြန်ရောက်ပါစေလို့ဆုတောင်းသဟေ့။ အဲဒီရက်ရောက်ရင် ငါကိုယ်တိုင်မြို့ကို လိုက်ပို့မယ်။ ပြီးရင်မြို့က ငါ့မိတ်ဆွေ စက်ပိုင်၊မော်တော်ပိုင်သူဌေးတစ်ယောက်ယောက်နဲ့အမြန်ဆုံးစေ့စပ်ပေးရမယ်။ ငါ့ဇာတ်ကို ငါနိုင်အောင်ကမယ်။ မင်းက ငါပြောသလို သမီးကိုအလွှတ်မပေးပဲ စောင့်ကြည့်နေ ဒါပဲ'

'ကောင်းပါပြီတော်၊ တစ်နေ့တော် ဒီလိုပြောမယ်ဆိုတာအထင်သား'

ထိုအခိုက် ထမင်းအိုးဝေကျနေသံ ကြားလိုက်ရသည့်အတွက် ဒေါ်ကြွက်မလည်း ကသောကမျောဖြင့် မီးဖိုချောင်သို့ ပြေးဝင်သွားလေတော့၏။ ထိုစဉ်မှာပင် ဘုရားပန်းတင်ရန် သစ္စာပန်းများသွားဝယ်သည့်ဥမ္မာသက်လည်း အိမ်သို့ပြန်ရောက်လာခဲ့၏။

'ကိုင်း… မင်းလည်း မင့်အိမ်ကိုပြန်ပေတော့ ညဏ်ပွင့်၊ ဘာပဲအကြောင်းထူးထူး ငါ့ဆီကိုချက်ချင်းသတင်းပေးဖို့ရာ မမေ့နဲ့ ကြားလား ဟေ့ကောင်'

'ကြား… ကြားပါတယ် ခင်ဗျ'

ဆယ်အိမ်ခေါင်းဉာဏ်ပွင့်လည်း သူကြီးအလိုကျအလိုက်သင့်ပင် ပြောဆိုပြီးနောက် ရွာထဲသို့ ထွက်လာခဲ့လေ၏။ ဤတွင် လမ်း၌ရောက်သီးတို့အုပ်စုကို တွေ့လိုက်ရလေ၏။ သူတို့အုပ်စု၌ မင်းသိမ်းကိုမမြင်မိ။

www.burmeseclassic.com

www.burmeseclassic.com



'ဟေ့လူ… ကိုညာဏ်ပွင့်၊ ခင်ဗျားနော် ကျုပ်တို့ကောင် မင်းသိမ်းရဲ့ကိစ္စကို သူကြီးဆီဖားဖားပြီး သံတော်ဦးမတင်နဲ့။ ကိုယ့်ထမင်းကိုယ် အေးအေးဆေးဆေး ယပ်ခတ်စား။ မဆီမဆိုင်ကြီးတော်နွားသွားကျောင်းလို့ အခန့်မသင့်ရင် ကြီးတော်နွားရဲ့ချိုဖျားမှာ ကားကန်ဖြစ်သွားမယ်၊ ကြားလား'

ငွေတိုးကြီးက ခပ်တည်တည် ခပ်ထန်ထန်ဖြင့် ဟိန်းဟောက်လိုက်ရာ သုံးယောက်နှင့်တစ်ယောက်ဖြစ်နေသည့်အတွက် ညာဏ်ပွင့်လည်း ဇက်ကလေးပုသွားရရှာသည်။

'ဟေ့လူ… ကြားလား၊ ကျုပ်တို့လူကိုထိရင် လက်ပိုက်ကြည့်မနေဘူးနော်'

'အေး… အေး… အေးပါကွာ။ အေးပါကွာ၊ ကဲ ကိစ္စရှိလို့ သွားလိုက်ဦးမနော်'

အရိပ်အခြေကိုနားလည်အကဲခတ်မိသော ဆယ်အိမ်ခေါင်း ညာဏ်ပွင့်လည်း စကားနည်းရန်စဲဆိုသကဲ့သို့ စကားရောဖောရောလုပ်ရင်း နေရာမှလှစ်ကနဲ ထွက်သွားလေတော့၏။

■

မနက်ဖြန်ဆိုလျှင် ဥမ္မာတစ်ယောက် သာယာကုန်းရွာကလေးကို ကျောခိုင်း၍ မြို့ကို ပြန်သွားရပေတော့မည်။ ဟိုး… ခါတိုင်းနှစ်တွေက သာယာကုန်းရွာကို ကျောခိုင်း၍ မြို့ကိုတက်သွားသည်ဆိုသော်ငြား အချိန်တန်လျှင် သာယာကုန်းသို့ပြန်လည်ရောက်ရှိလာစမြဲဖို့ မင်းသိမ်းအဖို့ မထောင်းသာလှ။

ယခုသွားမည့်ကိစ္စက ဖခင်သူကြီးဦးသာယာကိုယ်တိုင် လိုက်လံပို့ဆောင်၍ ဥမ္မာ၏အိမ်ထောင်ရေးကိစ္စကိုပါ စီမံသမှုပြုတော့မည်ဆိုလေတော့ မင်းသိမ်း၏ရင်ထဲ ဒိန်းဒလိန်းဝင်ပူးပါချေပြီ။ သည်ကိစ္စသည် ပေါ့ပေါ့တန်တန်နေရမည့်ကိစ္စ မဟုတ်မှန်း အပျိုကြီးမငြိမ်းခင်မှတဆင့်ရောက်လာသော ဥမ္မာ၏စာကလေးက သက်သေပြနေပေ၏။

ကိုမင်း…

ကိုမင်းနဲ့ဥမ္မာတို့ ချစ်နေကြတာ အဘတို့သိသွားကြပြီ။ အမေကတော့ ဥမ္မာကို အပြစ်မဆိုပါဘူး။ ကိုမင်းနဲ့ဖြစ်တဲ့ကိစ္စကို ဘာမှမပြောပါဘူး။ ခက်နေတာက အဘပဲ။ ဘယ်လိုရေစက်ကြောင့်လည်း မပြောတတ်ဘူး။ အဘဟာ ကိုမင်းအပေါ်အတော်ကလေး ခါးခါးသီးသီး ဖြစ်နေတယ်။ ဥမ္မာ ဒီရွာမှာရှိနေရင် ကိုမင်းနဲ့ညားသွားမှာစိုးလို့ မြို့ကို အပြီးပို့မယ်။ ပြီးတော့ မြို့က သူ့မိတ်ဆွေသူဌေး တစ်ဦးဦးရဲ့သားနဲ့စေ့စပ်ပြီး ပေးစားမယ့်အကြောင်း အမေပြောပြလို့ သိရတယ် ကိုမင်း။

ငါတို့စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဥမ္မာတော့လေ သေသာသေလိုက်ချင်တော့တာပဲ။ အသဟာ ဥမ္မာအပေါ် ချစ်လွန်းလို့ ဆင်စီးပြီးမြင်းရံစေချင်လွန်းလို့ ဒီလိုမျိုးလုပ်တာမို့ အသရဲ့ စေတနာကိုလည်း စော်ကားသလို မဖြစ်စေချင်ဘူး။ ပြီးတော့ ကိုမင်းနဲ့လည်း မခွဲချင်ဘူး။ ကိုမင်းရဲ့ရင်ခွင်ထဲ မဟုတ်တဲ့ တစ်ပါးသူ ရင်ခွင်ထဲရောက်ပြီး ရွှေဘုံပေါ်မှာစံရတဲ့တိုင်အောင် ဥမ္မာတဝကတော့ ရှင်လျက်နဲ့သေသလို ဖြစ်တော့မှာပဲ ကိုမင်းရယ်။

မနက်ဖြန်ဆို အသကိုယ်တိုင် ဥမ္မာကို မြို့ကိုလိုက်ပို့တော့မယ်။ အပြင်လည်း ထွက်ခွင့်မပေးတာကြောင့် ကိုမင်းကို တွေ့ချင်ပေမယ့် တွေ့ခွင့်မသာလေ တော့ ဥမ္မာလေ သိပ်ကို ဝမ်းနည်းတာပဲ။

ကိုမင်းကို ဥမ္မာ နှုတ်ဆက်ခဲ့ပါတယ်။

ချစ်လိုလျက်နဲ့ဝေးရမယ့်

ဥမ္မာ

သည်စာကလေးကို ဖတ်မိသည့်အကြိမ်အရေအတွက် မည်မျှ ရှိမှန်းတောင် မသိမိနိုင်တော့။ စိုးရွံ့ထိတ်လန့်ခြင်းများနှင့်အတူ ခေါင်း တွေလည်း ထူပူကုန်ပါပြီကော။

'ငါတော့ ရူးချင်ပြီ ရှောက်သီးရေ၊ ဥမ္မာနဲ့ ဒီတစ်သက် ပေါင်းဆုံခွင့်မရရင်တော့ ငါ့ဘဝလည်း ဥမ္မာ့လိုပဲ ရှင်လျက်နဲ့သေရ တော့မှာ'

'တောက်! အဲဒါ ဂုဏ်မက်တဲ့ သူကြီးကြောင့်ကွ၊ သူကြီး ကြောင့် ဒီမြေမှာမွေး ဒီရေကြည်သောက်ပြီး လောက်လောက်လားလား ဖြစ်လာရတာတောင် ဒီမြေဒီရေရဲ့ကျေးဇူးကို မသိဘူး။ တောမှာပွင့်တဲ့ ပန်း တောမှာလန်းတာ တကယ့်သဘာဝပဲကွ။

သူလည်း သာယာကုန်းသား၊ သူ့မိန်းမဒေါ်ကြွက်မလည်း





သာယာကုန်းသူ၊ အဲ သူတို့မွေးလာတဲ့ သမီးကျခါမှ မြို့သူလေးဖြစ်ချင် ရတယ်လို့ သူ့ဌွေးရဲ့ယောက်ျားမ အခေါ်ခံချင်ရတယ်လို့ နည်းနည်းလေး မှကို မတရားဘူးကွာ'

'ရှောက်သီး ပြောတာအမှန်ပဲ မင်းသိမ်း။ သူကြီးကို တို့တတွေ တစ်နည်းနည်းနဲ့ ပညာပြန်ပေးဖို့လိုလာပြီ။ ဒီတော့ မင်း ဘာဖြစ်ချင်လဲ မင်းသိမ်း'

'ဟုတ်တယ်၊ ဖိုးချွားပြောသလိုပဲ၊ မင်း ဘာဖြစ်ချင်တယ်ဆို တာ ပြောကွာ။ မင်းအတွက်ဆို ရှောက်သီးနဲ့ဖိုးချွားအပါအဝင် ဟောဒီ ငွေကျိုးအကြီးနဲ့ငွေတိုးကြီးက အဆင့်သင့်ပဲဟေ့'

တကယ် အရေးကြီးတော့လည်း သူငယ်ချင်းတွေက သွေးနီး ကြပေသားပဲဟု မင်းသိမ်းမှတ်ချက်ချမိသည်။

'ငါ ဖြစ်စေချင်တာကတော့ ဥမ္မာ့ကို ဘယ်သူ့လက်ကိုမှ အပါမခံနိုင်ဘူးကွာ။ ငါ့မှာ ငါ့ခွန်ငါ့အားနဲ့ ကိုယ်ချစ်တဲ့သူ တစ် ယောက်အပေါ် လုံးလုံးကြီး တာဝန်ယူနိုင်ပါတယ်။ မနက်ဖြန် ဥမ္မာတို့ ရွာကအထွက်မှာ ငါ ခိုးပြေးချင်တယ်ကွာ'

'ကောင်းတယ် ကောင်းတယ်၊ ဒါ သိပ်ကောင်းတဲ့ ဆုံးဖြတ် ချက်ပဲ။ အချစ်ဆိုတာ စွန့်လွှတ်ခြင်း မဟုတ်ဘူးကွ။ ရယူပိုင်ဆိုင်ခြင်းပဲ ဥမ္မာကလည်း မင်းကို ချစ်တယ်။ မင်းကလည်း ဥမ္မာ့ကိုချစ်တယ်။ ဒါဆို ပြီးနေပြီပဲ။ မိဘတွေဆိုတာ စိတ်ဆိုးတုန်းခဏပါကွာ။နောက် တော့ မြေးတွေဘာတွေရလာပြီဆိုရင် အတိတ်ကဖြစ်ခဲ့တာတွေ အာဃာတတွေဘေးချိတ်ပြီး တကယ့်ကို သဲသဲလှုပ်ကြမှာ'

'ဟုတ်တယ် မင်းသိမ်း၊ မင်း ဖြစ်စေချင်တဲ့ကိစ္စ ဖြစ်ကိုဖြစ်ရ စေမယ်။ ငါတို့သုံးယောက် သည်ကိစ္စကို မဖြစ်ဖြစ်အောင် အကောင် အထည် ဖိုင်းဖော်ကြမယ်။ စိတ်အေးအေးသာထား ဟုတ်ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'အားကိုးပါတယ်ကွာ၊ ငါ့ကိစ္စအဆင်ပြေရင် မင်းတို့သုံးယောက်ရဲ့ကျေးဇူးကို တစ်သက်လုံးမမေ့ပါဘူး'

မင်းသိမ်း၏ စကားအဆုံးမှာတော့ ရှောက်သီး၊ ဖိုးခွားနှင့်ငွေတိုးကြီးတို့ သုံးယောက်သား ခေါင်းချင်းဆိုင်လိုက်ကြလေသတည်း။

■

သူတို့နှစ်ယောက်စလုံး
မျက်နှာမှာ အဝတ်တွေစည်းထားသည်
၎င်းတို့နှစ်ဦးသည်
လှည်းရှေ့သို့ ပြေးကနဲဝင်ရောက်ကာ
လှည်းကို တွန်းထားရင်းမှ
တစ်ယောက်က
ငွေတိုးကြီးအား
လှည်းပေါ်မှ ဆွဲချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူကြီး၏ အစီအစဉ်က ဆယ်အိမ်ခေါင်းဉာဏ်ပွင့်အား လှည်းဖြင့်ဝန်စည်စလှယ်များ တင်ဆောင်ကာ မော်တော်ဆိပ်သို့ ပို့ဆောင်စိုင်းမည်။ မော်တော်ဆိပ်ရောက်လျှင် သားအမိသားအဖနှစ်ယောက်မြို့တက်မည့်မော်တော်နှင့်လိုက်သွားမည်။

သည့်အတွက် ညကတည်းကပင် သူ့အတွက်လိုအပ်သောဝန်စည်စလှယ်များနှင့်သမီးအတွက် လိုအပ်မည့်ဝန်စည်စလှယ်များကိုအဆင်သင့်ထုပ်ပိုးထားလိုက်သည်။ မိခင်ဒေါ်ကြွက်မက လမ်းခရီး၌စားသောက်ဖို့ရာ အဆင်သင့် ကြော်လှော်ချက်ပြုတ်ထားပြီးသား။

ဉမ္မာကား မနက်ဖြန်ဆိုလျှင် သူတွယ်တာရသော သာယာတုန်းရွာကလေးနှင့် သူချစ်ရသောမင်းသိမ်းအား ထာဝရခွဲခွာသွားရတော့မည်ကို သိနားလည်သည့်အလားဝမ်းနည်းစွာဖြင့် မည်သူ့ကိုမျှစကားမဆိုပဲ စောစီးစွာပင် အိပ်ရာဝင်သွားခဲ့သည်။

'ကျွန်မသမီးလေးခမျာ သနားစရာပါတော်'

'အိုကွာ သူကောင်းစားဖို့ လုပ်တဲ့ကိစ္စပဲဟာ၊ တစ်နေ့ တို့စေတနာကို နားလည်လာမှာပါ။ ဒီမှာနေလို့ကတော့ အဖြစ်မရှိတဲ့ကောင်နဲ့ညားပြီး ဘာမှတိုးတက်လာမှာ မဟုတ်ဘူး။ ငါကတော့ ဗုံးဆိုသည်တော့မှ ဖရုံမသီးဘူးဟေ့'



www.burmeseclassic.com

www.burmeseclassic.com



'တော် တစ်နေ့ ဒီလို ပြောလာလိမ့်မယ်ဆိုတာ ကျုပ်အတပ် သိနေတယ်'

'လာပြန်ပြီလား ခေါက်ရိုးကျိုးနေတဲ့စကား။ ကိုင်း… မင်းလည်း ချက်ရပြုတ်ရနဲ့ပင်ပန်းနေပြီ အိပ်ရာဝင်တော့။ ငါလည်း စောစောထရမှာမို့ ဘုရားရှိခိုးပြီး လှဲလိုက်ဦးမယ်။ အဲ ငါခရီးသွားနေတော့ မင့်တူမသန်းခင်ကို အိမ်ခေါ်ပြီးအိပ်နော်'

'တော် ဒီလို ပြောလိမ့်မယ်ဆိုတာ အတပ်သိနေပြီးသာပါတော်'

သို့ကလို ခွန်းတုံ့စကားဆိုပြီးနောက် ဒေါ်ကြွက်မလည်း သူမ၏အိပ်ခန်းသို့ ဝင်သွားလေတော့သတည်း။

မနက်အရုဏ်တက်၍ သာယာကုန်းဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းခေါက်သံသည် လင်းကြက်တွန်သံများနှင့်အတူ အချက်ကျကျ ထွက်ပေါ်လာလေသည်။

နဂိုကတည်းက မိုးသောက်ယံမတိုင် မီနိုးလေ့ရှိသော သူကြီးဦးသာယာလည်း အိပ်ရာမှနိုးထကာ ကိုယ်လက် သန့်ရှင်းပြီးနောက် ဘုရားရှိခိုးနေလေပြီ။

ဉမ္မာတစ်ယောက် ရေမိုးချိုးသန့်စင်ပြီး သနပ်ခါးတရွှဲရွှဲသွေးနေချိန်ဝယ် ဒေါ်ကြွက်မလည်း နံနက်ခင်းစားသောက်ရန်စီစဉ်ပြီး ရေနွေးကရားထဲသို့ အခါးရည်များကို ဖြည့်ပေးနေခဲ့သည်။

ဦးသာယာလည်း ဘုရားရှိခိုးပြီးပြီဖြစ်၍ ရေနွေးကြမ်းဝိုင်းသို့ ဝင်ကာ ရေနွေးကြမ်းသောက်လိုက်၊ ကောက်ညှင်းဆီထမင်းနှင့် ငရုံခြောက်ဖုတ်ကို လွေးလိုက်လုပ်ရင်း သမီးဖြစ်သူအတွက် အတွေးစိတ်များ လှုပ်ရှားနေတော့၏။





'ငါ့သမီးလေး လောလောလတ်လတ် စိတ်ဆင်းရဲနေတာအတွက် အဘစိတ်မကောင်းပါဘူးကွယ်။ ဒါဟာ ခဏတာပါ။ ကြာတော့ အချိန်ဆိုတဲ့သမားတော်ကြီးက သမီးလေးရဲ့ဘဝကို လန်းရွှင်သွားရလေအောင် ကုစားပေးသွားပါလိမ့်မယ်။

မိဘဆိုတာ ကိုယ့်သားသမီး ကောင်းစားကိုပဲ မြင်ချင်တွေ့ချင်ကြတာပေါ့။ ဒါကြောင့်မို့လည်း အဘအနေနဲ့ ဒီလိုစီမံရတာပါကွယ်။ တစ်နေ့ အဘရဲ့စေတနာကို ငါ့သမီးလေး နားလည်လာမှာပါ'

မိုးသောက်အရုဏ်တက်ခဲ့ပြီးပြီမို့ အမှောင်ထုတွေ ကွာကျသွားကာ အလင်းရောင်တွေ ယှက်ဖြာသန်းလာခဲ့ပါပကော။

အထုတ်အပိုးတွေလည်း အဆင်သင့်ဖြစ်နေပြီ။

ဉမ္မာလည်း သနပ်ခါးအဖွေးသားနှင့်အဝတ်အစားအသစ်များ လဲလှယ်ဝတ်ဆင်ပြီးသကာလ ရေနွေးကြမ်းဝိုင်းသို့ ရောက်ခဲ့ပြီ။ သို့ဆိုလျှင် မော်တော်ဆိပ်ကိုလှည်းဖြင့် လိုက်လံပို့ဆောင်ပေးမည့် ဉာဏ်ပွင့်အလာကိုသာ စောင့်မျှော်ဖို့ရှိတော့သည်။

အတော်ကလေးကြာတော့ ခြူသံတလွင်လွင်ဖြင့် လှည်းတစ်စီးက ခြံဝသို့လာရပ်သည်။ လှည်းပေါ်မှ လူတစ်ယောက်ဆင်းလာသည်။

'ဟော… ဉာဏ်ပွင့်တောင် လာပဟော့'

'ကိုင်း… အမေ၊ သမီးတို့ သွားမယ်နော်။ ကျန်းမာရေးလည်း ဂရုစိုက်နော်။ သမီး အမေ့ကို ကန်တော့ခဲ့ပါတယ်'

'အေးကွယ် သာဓု… သာဓု… သာဓု၊ သိပ်လိမ္မာရေးခြားရှိတဲ့ အမေ့သမီးလေး သွားလေရာလာလေရာ ခလုတ်မထိဆူးမငြိ အန္တရာယ်မျိုး ကိုးဆယ့်ခြောက်ပါးကကင်းလွတ်လို့ လိုရာဆန္ဒပြည့်ဝပါစေကွယ်'



www.burmeseclassic.com

www.burmeseclassic.com



သို့ဆုတောင်းပေးရင်းမှ မျက်ရည်ကလေး တစမ်းစမ်းဖြစ်ကာ သမီးဖြစ်သူကို ပွေ့ဖက်ထားလိုက်သည်။

'ဟာ… ညဏ်ပွင့်မှ မဟုတ်ဘဲ မင်း… မင်း'

'ဟုတ်ကဲ့… ကျွန်တော် ငွေတိုးကြီးပါ သူကြီး'

ငွေတိုးကြီးက ဆယ်အိမ်ခေါင်းညဏ်ပွင့်နှင့် ခြံချင်းကပ်လျက်နေသူဖြစ်သည်။

'မင်း ဘာလာလုပ်တာလဲ'

'သူကြီးတို့ကို မော်တော်ဆိပ်ပို့ပေးရအောင် လာတာလေ'

'ဟ! ငါတို့ကို ပို့ပေးမှာ ညဏ်ပွင့်ကွ၊ ညဏ်ပွင့်'

'ဟုတ်ပါတယ်၊ ကိုညဏ်ပွင့် ပို့ပေးဖို့ပါ။ ဒါပေမဲ့ ညကဝမ်းနုတ်ဆေးတွေ စားတာများသွားလို့ မျော့မျော့ကလေးဖြစ်နေတာနဲ့ ကျွန်တော့်ကို နှိုးပြီးအကူအညီတောင်းတာ။ ဒါကြောင့် လာခဲ့တာပါ သူကြီး'

'သြော် ဒီလိုလား။ ကဲ… ကဲ ဆီထမင်းနဲ့ငရုံ့ခြောက်ဖုတ် စားလိုက်ဦးကွာ။ ပြီးတော့မှ လှည်းပေါ်ကို ဝန်စည်စလွယ်တွေ တင်တာပေါ့'

'ဟုတ်ကဲ့ သူကြီး'

ငွေတိုးကြီးလည်း သည်မနက်ခင်း ဘာမျှမစားရသေးသည်မို့ ဝမ်းဟာဟာဖြင့် ဆီထမင်းနှင့်ငရုံ့ခြောက်ဖုတ်ကို ပါးဖြန်းဖြန်းအုပ်ပါလေတော့၏။

အစားမြန်မြန်လက်မြန်မြန်မို့ ဆီထမင်းတစ်ပန်းကန်မှာ အသာကလေးပင် ပြောင်သွားလေတော့ရာ ဒေါ်ကြွက်မက တစ်ပန်းကန်ထပ်ထည့်ပေးလိုက်ရပြန်သည်။





'ကိုင်းဟေ့… စားပြီးရင် သွားကြမယ်၊ လူအရှင်း သူအရှင်းနဲ့ နေမထွက်ခင် မော်တော်ဆိပ်ရောက်ချင်တယ်'

'စိတ်ချပါ သူကြီးရယ်။ စားပြီးလို့ လက်ကလေးသုပ်ပါရစေဦး ခင်ဗျ'

ငွေတိုးကြီးလည်း ဗိုက်ထဲနေသာသွားလေရကား ရေနွေးကြမ်းခွက်ကို အစာပိတ်အဖြစ် မော့ချလိုက်လေ၏။ ပြီးလေသော် ဝန်စည်စလွယ်အထုပ်များကိုဆွဲလျက် လှည်းပေါ်သွားတင်လိုက်၏။

'သူကြီး အသာနေပါ၊ ကျွန်တော်တင်ပေးပါ့မယ်။ တာဘေးကပဲ သွားသာစောင့်'

'အေး… အေး၊ လာ… သမီး၊ သွားကြမယ်'

'ဟဲ့… ဉမ္မာ လက်ထဲကအိတ်ကလေး ပေးလေဟယ်။ ငါ လှည်းပေါ်သွားတင်ပေးမယ်'

'နေပါစေ ငွေတိုးရယ်၊ ဒါ ထမီတွေထည့်ထားတဲ့ အိတ်မို့လို့ပါ'

'အယ်…'

တစ်ခြံနှင့်တစ်ခြံကလည်း အကျယ်ကြီး။ သစ်ပင်ကြီးတွေကလည်း အုပ်အုပ်ဆိုင်းဆိုင်းမို့ သူတို့သားအဖ ထွက်လာကြသည်ကို ပတ်ဝန်းကျင်က သတိသိပ်မထားမိကြ။ တာလမ်းဘေးရောက်တော့ ငွေတိုးကြီးလှည်းမောင်းအလာကို စောင့်ဆိုင်းနေခဲ့ကြသည်။

ငွေတိုးကြီးလည်း ခြုံတလွင်လွင်ဖြင့် လှည်းကိုမောင်းလာခဲ့သည်။ သူကြီးတို့ ရပ်စောင့်နေရာအရောက် မြှောင့်လင့်သော ခြစ်ရုပ်တစ်ခုက ဘွားကနဲပေါ်ပေါက်လာခဲ့သည်။

တစ်ဖက်တာရိုး၌ ပုန်းတွယ်နေသော လူနှစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နှစ်ယောက်စလုံးမျက်နှာမှာ အဝတ်တွေစည်းထားသည်။

၄င်းတို့နှစ်ဦးသည် လှည်းရှေ့သို့ ဖြုန်းကနဲဝင်ရောက်ကာ လှည်းကိုတွန်းထားရင်းမှ တစ်ယောက်က ငွေတိုးကြီးအား လှည်းပေါ်မှ ဆွဲချလိုက်သည်။

ငွေတိုးကြီးလှည်းပေါ်မှအကျတွင် အထုပ်အပိုးများ တင်ဆောင်ထားသော လှည်းအား မောင်းထွက်သွားကြသည်။ ဤတွင် ငွေတိုးကြီးလူပ်လူပ်ရှားရှား ဖြစ်သွားတော့၏။

'သူကြီး··· သူကြီး··· သူကြီးရဲ့အထုပ်တွေ ပါသွားပြီ။ မြန်မြန်လိုက်၊ မြန်မြန်လိုက်'

'ဟေ··· ဟုတ်သားပဲဟ··· လိုက်မှ လိုက်မှ'

သူကြီးလည်း မမျှော်လင့်သောဖြစ်ရပ်ကြောင့် ကြောင်တောင်တောင်ဖြစ်နေရာမှ ငွေတိုးကြီး၏ သတိပေးမှုဖြင့် လှည်းနောက်သို့ ဒရောသောပါး ပြေးလိုက်သွားသည်မှာ သမီးဖြစ်သူကို လုံးလုံးမေ့လျော့သည်အထိ။

လှည်းက ကဆုန်စိုင်းအရှိန်ကောင်းနေသလို သူကြီးမှာလည်း ဥစ္စာဓနဖြင့် လှည်းကိုမမီမှီအောင် ဒရောသောပါး အပြေးလိုက်နေရသည်။

ဤတွင် မျက်လုံးလေးအဝိုင်းသားဖြင့် ကျန်ရစ်နေခဲ့သူက သာယာကုန်းရွာ၏အလှပဂေး ဥမ္မာသက်ပါတည်း။ ထိုခဏ မြင်းတစ်စီးနှင့် လူတစ်ယောက်ရောက်လာသည်။

'အခြေအနေတွေကို နောက်မှရှင်းပြတော့မယ် ဥမ္မာ၊ ကိုင်း··· မင်းသိမ်းနဲ့ လိုက်သွားပေတော့။ အားလုံး အဆင်ပြေအောင် စီစဉ်ပြီးပြီ'





ငွေတိုးကြီးက လိုရင်းအချက်ကို ပြောပြလိုက်သည်။ မြင်းစီးလာသူကို ကြည့်လိုက်တော့ ချစ်ရလေသူ မင်းသိမ်း။

ဥမ္မာ့ရင်ထဲ ပျော်မောသွားခဲ့ရပါပကော။

■

www.burmeseclassic.com

www.burmeseclassic.com

နဂိုကတည်းက
သမီးရှိရာ သွားချင်နေသော
ဒေါ်ကြွက်မအိုဖို့
ရေတော်တုန်း ရေတွင်းထဲကျသည့်အလား
စူဠလိပ် ရေထဲလွှတ်သကဲ့သို့
ဝမ်းသာအားရဖြင့်
တဘက်ကလေး ခေါင်းပေါ်တင်ကာ
ထွက်လာခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

လှည်းကို ကိုယ်တိုင်မောင်း၍ ပြန်လာသော သူကြီးဦးသာယာ ၏ မျက်နှာကြီးတစ်ခုလုံးကား ရှက်ဒေါသဖြင့် နီရဲလျက်ရှိကုန်၏။ ဒေါသ၏ လှိုင်းခတ်မှုဖြင့် နှုတ်ခမ်းမွေးကျင်စွယ်နှစ်ဖက်မှာလည်း တဆတ်ဆတ်တုန်လျက်။

သူ့ဝန်စည်စလှယ်များကို သုတ်ပြေးသော မျက်နှာဖုံးစွပ်နှစ်ဦး သည် ရွာအပြင်သုသာန်အနီးသို့ ရောက်လေသော် လှည်းပေါ်မှခုန် ဆင်းလျက် သုသာန်အတွင်းရှိ မြေပုံအုတ်ဂူများ ချုံနွယ်များကြားသို့ ပြေးလွှားဝင်ရောက် ပျောက်ကွယ်သွားကြလေရကား ဘယ်သူဘယ်ဝါ တွေမှန်း မမှတ်မိနိုင်တော့။

သည်တော့ ဝန်စည်စလှယ်အထုပ်အပိုးများ တင်ထားသည့် လှည်းကို သူကိုယ်တိုင်ပြန်လည်မောင်းနှင်ကာ သမီးရှိရာပြန်လာတော့ သမီးကိုလုံးဝ မတွေ့ရပြီ။ သမီးတင်လားဆိုတော့ ငွေတိုးကြီးလည်း ပျောက်နေသည်။ သည်လိုနှင့်လှည်းကို အိမ်သို့ပြန်မောင်းခဲ့ရသည်။

'ဟင်… ဒါက… ဘယ်လိုဖြစ်ရတာတဲ့လဲ ကိုသာယာ'

'ဘာမှ မေးမနေနဲ့တော့ဟေ့၊ မင့်သမီး ပါသွားပြီ၊ ပါသွားပြီ။ ငါ့မှာ ကတုံးပေါ်ထိပ်ကွက်ခံလိုက်ရတာ တပူမကနာသကွာ'

'အို တော်နဲ့. အတူသွားကြတာပဲဟာ'

'အေး… အတူတူသွားကြတာမှန်တယ်။ ငါ့မှာ ပစ္စည်းစော ကပ်နေလို့. သမီးကို သတိမထားမိတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဒီလိုဖြစ်လိမ့်မယ်လို့ ကျွန်မတော့အထင်သား'

'ဟာ… အရေးထဲ ဒီစကားကလာပြန်ပြီကွာ။ စိတ်ပေါက် ပေါက်နဲ့ ငါထလုပ်ရရင် မင်းတော့နာလိမ့်မယ် မိကြွက်'

သူကြီး ဒေါသထွက်နေမှန်းသိ၍ အဖျားခတ်မလာစေရန် ဒေါ်ကြွက်မလည်း အသာခပ်ကုပ်ကုပ်ကလေး နေလိုက်ရတော့သည်။

'တောက်! ငါ့သမီးလေး တော်လှ၊ တော်လှနဲ့ ဒီတခါတော့ တကယ့်ကို ယောင်းမခြင်းစီးလုပ်သွားတာပဲ'

'တော့်နှယ် သူ့ကိုမတရားလုပ်ရင် အော်ဟစ်မှာပေါ့တော့။ ရပ်နဲ့ရွာနဲ့ လူတွေလည်း ဝန်းကျင်မှာရှိနေကြတဲ့ဟာပဲ'

'ဟ… သူမအော်လို့၊ အလိုတူအလိုပါဖြစ်လို့ ဘာအသံမှ မပေးတာပေါ့ဟဲ့။ သမီးမိန်းကလေးမွေးရတာ သိပ်ကိုအသည်းနာစရာ ကောင်းတာပဲ'

'ဒီလိုတော့ မပြောပါနဲ့တော့။ လူဆိုတာ သူ့ဖာသာသူ ဖူးစာ ပါလို့ညားကြတာပဲ။ တော်တောင် ကျုပ်ကို လှည်းတင်ပြီး ခိုးပြေးခဲ့ သေးတာပဲ မဟုတ်ဘူးလားလို့'

မှန်ရာကိုခွန်းတုံ့ဆိုတော့ သူကြီးလည်း ခေတ္တတော့ငြိမ်ကျ သွား၏။ သို့သော် မာန်ကတော့ မချသေး။

'တော်ပြီကွာ၊ မိဘက ကောင်းတာစီမံတာကို မနာခံတဲ့သမီး။ လာအပ်လည်း လက်မခံဘူး။ ရှင်းရှင်းပြောမယ်၊ အိမ်ရိပ်တောင်မနင်း စေရဘူး။ ငါက ပြတ်ပြီဆိုရင် တကယ့်ကိုအရှင်းပဲ'

သူကြီးခမျာ သူ့အဖြစ်ကိုသုံးပြန်တွေးရင်း ပွစိပွစိနှင့်မကျေမ နပ်ဖြစ်နေသလောက် လောကကြီးကို အကျေနပ်ကြီးကျေနပ်ကာ ပီတိ တွေဝေနေသူကတော့ သာယာကုန်းရွာနှင့်ဝေးသထက်ဝေးစွာ မြင်းတစ် စီးနှင့်ခရီးနှင်လာခဲ့ကြသော ချစ်သူနှစ်ဦးပါတည်း။





'ဟူး… အခုမှပဲ ရင်ထဲကအပူတွေ ငြိမ်းရတော့တယ် ဥမ္မာရယ်၊ ခုကိစ္စမှာ ရှောက်သီးတို့၊ ဖိုးခွားတို့၊ ငွေတိုးကြီးတို့ အချိတ် အဆက်မိမိ ဆောင်ရွက်ပေးပေလို့ နို့မဟုတ်ရင် ကိုယ်တို့တော့ တစ် သက်ဝေးပြီ'

'အံမယ်… ဒီကခွေးဖို့လည်း ထားပါဦးကိုမင်းရယ်။ ဥမ္မာကို အဘက မျက်ခြေမပြတ်ကြည့်နေလို့ တထိတ်ထိတ်ဖြစ်နေရတာ။ ခုချိန်ဆို အဘတစ်ယောက် ဘယ့်ကလောက်ဒေါ်ပွပြီး ဥမ္မာ့ကို အပြစ် တင်လိုက်မလဲလို့'

'ဥမ္မာ့အဘက အဲသလောက်တောင်မှတဲ့လား'

'မှန်တာပေါ့ ကိုမင်းရယ်၊ အဘက ဥမ္မာ့ကိုသိပ်ချစ်တာ၊ ပြီးတော့ လင်ကောင်းသားကောင်းရပြီး ကြီးပွားတိုးတက်စေချင်တာ ရှင့်'

'ဥမ္မာရယ် ကိုမင်းလေ ဥမ္မာနဲ့ပတ်သက်ပြီမို့ တကယ့်ကို လင်ကောင်းသားကောင်း ဖြစ်စေရပါမယ်။ စိတ်သာချပါ ဥမ္မာ့ကို လက်မွေးမီးမလောင် ခြေမွေးမီးမလောင်ထားမှာပါ။ ကိုမင်းလေ အလုပ်ကို ကြိုးစားလုပ်မယ်။ ဥမ္မာ့ကို လူနေမှုအဆင့်အတန်းမြင့်အောင် ထားမှာပါ'

'ကျေးဇူးတင်ပါတယ်၊ ကိုမင်းရယ်။ အဘ ဥမ္မာ့အပေါ်စိတ်ဆိုး ပြေပါစေလို့ ဆုတောင်းရတော့မှာပဲ'

'ဒါကတော့ ဥမ္မာရယ်၊ မိဘဆိုတာ သားသမီးကို စိတ်ဆိုးရင် ဆိုးတုန်းခဏပါပဲ။ နောက်တော့လည်း စိတ်ဆိုးပြေသွားတတ်ကြတာ မမွေတာရယ်ပါ။ သိပ်မကြာဘူး ကြည့်၊ ဥမ္မာ့အဘ ကိုယ်တိုင်လှည်းနဲ့ ပြီး သူ့သမီးနဲ့သားမက်အကောင်းစားလေးကို အိမ်ပေါ်ခေါ်တင်မှာ ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'အို… သူတော်တော် စကားတတ်'

ကြည်နူးစရာကောင်းလှစွာဖြင့် ဥမ္မာလည်း ချစ်သူရင်ခွင်ကျယ်ကြီးထဲ ခေါင်းကလေးကို မှီနွဲ့လိုက်သည်။

မကြာခင်မှာတော့ ငွေတိုးကြီးစီစဉ်ပေးလိုက်သည့် ၄င်းဦးရီးတော်၏ အိမ်ခြံကြီးရှိရာသို့ ရောက်ရှိသွားခဲ့လေပြီတကား။

■

တကယ့်တကယ်ကျတော့ ချစ်သူနှစ်ဦးထင်သလိုမျိုး မဟုတ်ခဲ့။

သူကြီးဦးသာယာက အတော်ကလေးကို ခေါင်းမာသည်။

မင်းသိမ်း၏ဖခင် ကျောင်းဒကာဦးဘိုကြီးက ရပ်ရွာရှိလူကြီးသူမများနှင့်ပြန်အပ်ရန် စေ့စပ်ပြောဆိုသော်ငြား လုံးဝလက်သင့်မခံ။ နှစ်ကြိမ်မက သုံးကြိမ်မြောက်သည့်တိုင် စေ့စပ်စကားဆိုသော်လည်း အဆင်မချောခဲ့။

သည်တော့မင်းသိမ်းတို့ ချစ်စခင်စလင်မယားနှစ်ယောက်မှာ မင်းသိမ်း၏ဖခင် ဦးဘိုကြီးအိမ်ဂေဟာ၌ သိုသိုသိပ်သိပ်ကလေး နေခဲ့ရသည်။

လူပျိုလူလွတ်မဟုတ်တော့ဘဲ အိမ်ထောင်သည်ဘဝ ရောက်လာရပြီဆိုလေတော့ မင်းသိမ်းတစ်ယောက် ယခင့်ယခင်ကာလများတုန်းဆီက အမူအကျင့်များကို ပြောင်းပြန်လှန်ပစ်ခဲ့လေပြီ။

မိဘပိုင်လယ်ဧကအစိပ်ကျော်ကို လူငှားမထားတော့ဘဲ သူကိုယ်တိုင်ဦးစီးလျက် ဖိဖိစီးစီးလုပ်ကိုင်နေခဲ့ဝင်သည်။ အသောက်အစားနတ္ထိ။ အပျော်အပါးဟူသည် သူနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း။ သည်တော့ ပတ်ဝန်းကျင်က အပြောင်းလဲကြီး ပြောင်းလဲသွားသော မင်းသိမ်းအား ချီးကျူးစကားဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသတင်း လူချင်းဆောင်သည်ဆိုခြင်းမှာ မှန်ပေစွ။

မင်းသိမ်း၏ ကောင်းသတင်းက တစ်ဦးနှုတ်မှတစ်ဦးဆိုသလို ပျံ့နှံ့သွားရင်း နောက်ဆုံးသူကြီးတို့ဖနီးမောင်နှံ၏ နားဝသို့ရောက်ရှိသွား၏။ သူကြီးကတော်ဒေါ်ကြွက်မက ကြည်နူးဝမ်းမြောက်နေသလောက် သူကြီးကမူမျက်နှာထိ မျက်နှာထားနှင့်ခပ်တည်တည် ရှုတင်းတင်း။

'ခွေးရူးကောင်းစား တစ်မွန်းတည့်ပါကွာ။ ဒီကောင် ဟန်ဆောင်ပန်ဆောင်လို့ လူကြားကောင်းအောင် လုပ်နေတာဖြစ်မှာ။ ကောက်ရိုးမီးမှ ကောက်ရိုးမီးအစစ်။ ခဏကလေးသာ ဝုန်းကနဲထတောက်ပြီး တစ်အောင့်ကလေးနဲ့ ငြိမ်းသွားမှာ'

'တော်ကလည်းတော် ကလေးတွေကို မှိုချိုးမျှစ်ချိုး မပြောပါနဲ့တော့။ ကိုယ့်သမီးလေးမျက်နှာ အရှိသားမဟုတ်လား'

'တော်ကွာ ဆက်မပြောနဲ့တော့ ဘာမှ မကြားချင်တော့ဘူး'

သည်သို့ ဆောင့်အောင့်ပြောဆိုပြီး ခြံထဲ[illegible]င်းခုတ်ရန် ဓားမ တစ်ချောင်းကိုင်ဆွဲလျက် ဆင်းသွားလေတော့သည်။

သည်လိုနှင့် နွေမိုးဆောင်း နှစ်တစ်ပတ်မလည်ခင်မှာပင် သူကြီး၏ရင်သို့ လှုပ်ခတ်သွားစေခဲ့သော သတင်းတစ်ခုက လူ့သတင်းဆောင်ချင်သူတို့ကြောင့် ရောက်ရှိလာခဲ့သည်။

'ဟဲ့… မိကြွက် လာစမ်းပါဦးဟာ'

'တော်… ဘာများပါလိမ့်'

'ဟော့ မင့်သမီး ကိုယ်ဝန်လွယ်ထားရပြီတဲ့'

'ဟယ်! ဟုတ်လား ဝမ်းသာလိုက်တာတော်။ ဝမ်းသာလိုက်တာ။ ကျုပ်တို့ မြေးချီရတော့မယ် ဟီဟိ'

'အေး… အဲဒါ မင်း သတင်းလေးဘာလေး သွားမေးလိုက်ဦး။ ငါ ခုလို မင်းကိုလွှတ်တာ ဘယ်သူမှမသိစေနဲ့။ သိလို့ကတော့ မလွယ်ဘူးမှတ်'





'အင်းပါတော် အင်းပါ။ တော် တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ဒီလိုစကားမျိုးပြောလာမယ်ဆိုတာ ကျုပ် အတပ်သိတယ်'

'လာပြန်ပြီလား ဒီစကား။ သွားစမ်းကွာ၊ သွားစမ်း'

နကိုကတည်းက သမီးရှိရာသွားချင်နေသော ဒေါ်ကြွက်မအဖို့ ရေငတ်တုန်း ရေတွင်းထဲကျသည့်အလား စူဠလိပ်ရေထဲလွှတ်သကဲ့သို့ ဝမ်းသာအားရဖြင့် တဘက်ကလေးခေါင်းပေါ်တင်ကာ ထွက်လာခဲ့လေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

ဇနီးဖြစ်သူ ပြန်ရောက်လာတော့ ဘာသတင်းစကားများ ကြား ရလေမည်နည်းဟု ရင်တဖိုဖိုနှင့်စောင့်နေသူမှာ သူကြီးပင်ဖြစ်ချေ၏။

'ဟော့ အခြေအနေဘယ်လိုတုံး'

'ကောင်းပါ့တော် ကောင်းပါ့၊ တော့်သမက်ကလေး တော် တော် အလုပ်ကြိုးစားတာပဲ။ လာမယ့်နွေမှာ အိမ်သစ်တစ်လုံးတောင် ဆောက်တော့မတဲ့။ တော့်ကိုလည်း သာကြောင်းမာကြောင်း သတင်း မေးလိုက်ပါသေးတော်'

'တော်စမ်းကွာ ငါ ကြားချင်တာ ဒီကောင့် အကြောင်းမဟုတ် ဘူး။ ငါ့သမီးအကြောင်းကွ။ ငါ့သမီးအကြောင်း'

'ဩော် တော့်သမီးလား၊ တော့်သမီးက တော့်ကိုသိပ်ချစ်တာ ကလား။ အဘ နေကောင်းရဲ့လား၊ အဘကို သိပ်သတိရတယ်၊ အဘနဲ့ သိပ်တွေ့ချင်တယ်။ အဘကိုလည်း ခြေသလုံးဖက်တောင်းပန်ချင်တယ် နဲ့'

သည်စကားကြားရတော့ ဦးသာယာရင်ထဲ စမ်းချောင်းလေး တစ်ခုဖြတ်စီးသွားသည့်အလား ကြည်နူးချမ်းမြေ့သွားရတော့သည်။ သို့ရာတွင် ထိုအဖြစ်သနစ်သည် သူ့မျက်နှာတွင်မပေါ်စေရန် သတိ ထားနေခဲ့သည်။

'သူကော နေကောင်းရဲ့လား၊ ဘိုကြီးတို့နဲ့ကော အဆင်ပြေရဲ့ လား'





'နေကောင်းပါ့တော်၊ စိုလို့ ဝလို့ လှလို့ပါပဲ။ သူ့အိမ်မှာ သူ့ခြေသူ့လက်ချည်းပဲ။ ကျောင်းဒကာကိုဘိုကြီးတို့ဆိုတာ 'သမီး သမီး'နဲ့ ပါးစပ်ထဲကကို မချဘူး။ သူတို့လည်း မြေးချီချင်နေတာဆို တော့ တစ်အိမ်လုံးကို ပျော်နေတာ'

'ဒါဆို တစ်နေ့ ငါ့သမီးကို ခေါ်လာခဲ့စမ်း'

'အဲတော့…'

ပြောင်းလဲချင်ပြောင်းလဲတော့လည်း ဖြုန်းစားဒိုင်းစားကြီးပါ လားဟု ဒေါ်ကြွက်မ တွေးလိုက်မိပါသည်။

'ဒါဆိုအတော်ပဲ ဒီတခါများတွေ့ရင် ပြောလိုက်မယ်။ သမီးရဲ့ ယောကျ်ားကို လိုက်အပို့ခိုင်းလို့'

'ဟာ ငါက သမီးကိုပဲတွေ့ချင်တာ ဟိုကောင်ကိုတွေ့ချင်တာ မဟုတ်ဘူး။ တွေ့ရင် ငါ့စိတ်ကိုမထိန်းနိုင်ဘဲ လေးခွနဲ့ဆွဲပစ်မိလိမ့်မယ်'

'တော်ကလည်းနော် ကိုယ့်သမီးနဲ့ပတ်သက်လာတော့ သား မက်ဆိုတာလည်း သားပဲပေါ့'

'အို… ဘာဖြစ်လို့ သားတော်ရမှာလဲ။ ငါ့ကိုတောက်လျှောက် တခါမှကောင်းကျိုးပေးခဲ့တာ မဟုတ်ဘူး။ ငါစီးတဲ့မြင်းကိုပဲ ခပ်တည် တည်နဲ့ လာပေါင်လိုပေါင်၊ ငါးကန်မှာ သရဲခြောက်လွှတ်လိုခြောက် လွှတ်၊ သူတစ်ပါးလျှုမယ့်တန်းမယ့် ဆွမ်းချိုင့်ကိုတောင် သူချက်ပြီး လာပို့တယ်လုပ်လိုလုပ်၊ သမီးကိုအလစ်သုတ်တော့လည်း အရူးအဖား လျားဖြစ်အောင် လှည်းနောက်ကို ပြေးလိုက်ခိုင်းလို ပြေးလိုက်ခိုင်းနဲ့ ဒီတစ်သက် မင်းသိမ်းဆိုတဲ့ကောင်ကို ရာဇဝင်မကျေဘူးကွာ'

ဘယ်လိုပင် နှစ်သိမ့်ဖြောင့်ဖျပြောဆိုပါသော်ငြား လင်တော် မောင်ပေကပ်ကပ်သူကြီးကဖြင့် သားမက်တော်မင်းသိမ်းနှင့်ပတ်သက် ၍ ဗူးဆိုဖရုံမသီးသည်က ခိုင်မာစွဲမြဲနေဆဲ။

■



www.burmeseclassic.com

www.burmeseclassic.com

အမယ်လေး မြမြလှိုင်ရယ်
ညည်းရဲ့ဆွမ်းကျွေးအလှူမှာ
အုန်းနို့တွေ
ဘယ်လောက်တောင်
ထည့်လိုက်တာလည်းဟယ်။
ခုမနက်မှာ
သွေးတိုးစာတွေ မတရားစားလိုက်တော့
တုတ်တုတ်တောင် မလှုပ်တော့ဘူးဟဲ့...
မြမြလှိုင်ရဲ့ အဲ့ဟဲ့... အဲ့ဟဲ့...

www.burmeseclassic.com

www.burmeseclassic.com

သမီးနှင့်ဖခင်၊ ဖခင်နှင့်သမီးတို့ ချစ်ကြည်ရေးရသွားခဲ့လင့်ကစား သားမက်နှင့်ယောက္ခမ၊ ယောက္ခမနှင့်သားမက်တို့ မဟာမိတ်မဖြစ်ကြသေးသည်က သာယာကုန်းရွာ၌ ပြောစမှတ်တွင်စရာ ရှိနေခဲ့ပါပြီ။

ကဆုန်ညောင်ရေသွန်းပွဲပြီးစီးသည့် နောက်တစ်နေ့။

သကြံန်တုန်းကလည်း ကိုရွှေမိုးမင်းက ဖက်ဆွတ်မိုးကလေးတောင် မရွာခဲ့။ အပူဒဏ်က ခါတိုင်းနှစ်တွေလိုမဟုတ်။ တော်တော်လေးကဲလာခဲ့သည်ဟု ဆိုရမည်။ တန်ခူးကဆုန်ချွေ့ချွေ့ခုန်ဆိုသည့်အတိုင်း မိုးတပေါက်တလေတော့ ရွာရိပ်မဆင်လေသည့်အတွက် တံလှပ်ခိုးတွေက ငေ့ငေ့ဝဲဝဲ။ သစ်ပင်တွေမှာလည်း ယော်ရွက်ဝါတို့လေပူနှင့်အတူ ဝဲကတော့ထိုးကာ ကြွေကျလာသည်မို့ ရိုးတံအပြိုင်းပြိုင်းနှင့်။

သည့်လိုမျိုးအပူဒဏ်ကြောင့် ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုတို့ နေရထိုင်ရအတော်ကလေး ဒုက္ခရောက်ခဲ့ကြသည်။ ကန်ရေကိုအမှီပြုအားထားနေရသည့် သာယာကုန်းရွာကလေးမှာ ကန်ရေတွေခန်းခြောက်မသွားစေရေးအတွက် ရင်တမမနှင့်ဆုတောင်းနေကြရသည်။ သည့်အတွက် ရွာဦးဘုန်းတော်ကြီးကျောင်းက ဇရုံမင်းပရိတ်ကိုရွတ်ဖို့ စီစဉ်ထားသလို၊ ရပ်ရွာကလည်းလွန်ဆွဲပွဲကို ဆင်နွှဲရန်စီစဉ်ထားကြသည်။ ထိုစဉ်မှာပင် မမျှော်လင့်သောဖြစ်ရပ်တစ်ခုက သာယာကုန်းရွာကလေးအား တုန်လှုပ်သွားစေခဲ့သည်။ အကြောင်းမှ သူ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော်ဒေါ်ကြွက်မ၏ ကျယ်လောင်စူးရှသော ငိုကြွေးသံထွက်ပေါ်လာသောကြောင့်ပါပေ။

'အောင်မယ်လေး… လေး၊ ကိုသာယာရဲ့၊ ကျေးစူးရှင်လင်တော်မောင်ကြီးရဲ့ ဘယ်သူ့ကိုယုံလို့ ပုံခဲ့တာတုံးတော့။ လာကြပါဦး၊ လာကြပါဦး၊ အမလေး… အရပ်ကတို့ရေ လာကြပါဦး၊ ဟောဒီမှာ ကိုသာယာကိုခေါ်တာ ခေါ်လို့မရတော့ဘူး၊ အီး ဟီးဟီး'

ဒေါ်ကြွက်မ၏ ကျယ်လောင်သော ငိုကြွေးသံကြောင့် အိမ်နီးနားချင်းများ အူလျားဖားလျားဖြင့် အပြေးလာရောက်သလို၊ သတင်းစကားမှာလည်း တောမီးပမာ တမုဟုတ်ချင်း ပျံ့နှံ့သွားခဲ့လေသည်။

'အမလေး… လေး၊ နေ့လယ်က ငါ့ခဏမှေးလိုက်ဦးမယ်ကွာဆိုပြီး သင်ဖျူးဖျာလေးခင်း ယပ်ကလေးတဖျတ်ဖျတ်ခတ်လို့ မှေးနေခဲ့တာ။ ခု နိုးကြည့်တော့ လုံးဝဆိုလုံးဝနိုးလို့မရတော့ဘူး၊ တုတ်တုတ်တောင် မလှုပ်တော့ဘူး။ အမလေး ကျေးစူးရှင်ကြီးရဲ့ ကိုသာယာရဲ့'

လူတချို့အိမ်ပေါ်ရောက်လာကြသည်။ ဗိန္ဒောဆရာဦးအောင်ကြီးကို သွားပင့်သူပင့်ကြသည်။ မင်းသိမ်းနှင့်ဥမ္မာတို့ ဖနိုးမောင်နှံကို အကြောင်းကြားသူ ကြားကြသည်။ လူတွေမှာလည်း ဘာလုပ်လို့ဘာကိုင်ရမှန်း မသိဘဲ တီးတိုးတီးတိုးနှင့်သဖန်းပိုးလုပ်နေကြလေသည်။

'သူကြီးကိုမနက်က ဘုန်းကြီးကျောင်းမှာ တွေ့လိုက်ရပါသေးတယ်၊ အဲဒီတုန်းက အကောင်းကြီးမှ တကယ့်ကိုအကောင်းကြီးပါ'

'ဟုတ်ပါရဲ့ နေထိုင်မကောင်းဖြစ်တယ်လည်း မကြားမိပါဘူး'

'ဟုတ်ပ အစားမပျက်၊ အသောက်မပျက်ပါ။ မနေ့တုန်းက အပေါင်ခံစားတဲ့ ဒေါ်မြမြလှိုင်တို့အိမ်က ဆွမ်းကျွေးမှာ အုန်းနို့ခေါက်ဆွဲ ငါးပန်းကန်တိတိတောင်မှ အားပါးတရစားသွားသေး'





တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသောစကားများ။

'အင်း ရာသီဥတုကလည်း တော်တော်ပူတာကိုး ဦးနှောက်ကြောပြတ်သွားတာ ဖြစ်မယ်'

သင်ဖျူးဖျာထက်၌ တောင့်တင်းနေသော ဦးသာယာကိုစမ်းသပ်လျက် ဗိန္ဒောဆရာဦးအောင်ကြီးက မှတ်ချက်ချသည်။ ထိုစဉ်မှာပင် ကိုယ်ဝန်ဆောင်ထားရသော ဥမ္မာလည်း ခင်ပွန်းသည်မင်းသိမ်းနှင့်အတူ မျက်ရည်စက်လက် ချုံးပွဲချငိုကြွေးလျက် အိမ်ပေါ်ရောက်လာ။

'အမလေး အဘရဲ့၊ သမီးကိုပစ်ထားခဲ့ပြီလား။ ငါ့မြေးလေးကို မကြာမီရှိရတော့မယ်ဆိုပြီး ပျော်နေခဲ့တာ။ ခုတော့ မြေးလေးချီဖို့လေးတောင်မှ စောင့်မသွားခဲ့ပါလား အဘရဲ့'

ဟူ၍ တဟီးဟီး ငိုကြွေးပါလေတော့သည်။ ပြီးတော့

'အဘ ဘယ်လိုဖြစ်ရတာလဲ အမေရယ်'

ဟူ၍ မေးသည်။

'ဘယ်လိုဖြစ်ရမှာလဲ သမီးရယ်၊ ညည်းအဘ အစားကောင်း၊ အသောက်ကောင်း ကြိုက်တာလည်းမပြောနဲ့။ ဝက်သားသုံးထပ်သားကို တညင်းသီးနဲ့ အချိုချက်ခိုင်းတယ်။ ငါးသလောက်ကို အစိမ်းသုတ်ခိုင်းတယ်၊ အဲဒါတွေ တစ်ဝကြီးစားပြီး အချိုတည်းချင်တယ်ဆိုလို့ ဒူးရင်းသီးကို ခွဲပေးရသေးတယ်လေ။

အဲဒါတွေ အားရအောင်စားပြီး တရေးတမော ဝင်လှဲလိုက်တာ။ခုလိုမျိုး နိုးမရဖြစ်တော့တာပဲ။ ကောင်းကြသေးရဲ့လား၊အကောင်းကြိုက်ကြီးရဲ့။ တော် အဲသလို အစားသောင်းကြမ်းရင် တစ်နေ့ဒီလိုမျိုးဖြစ်လိမ့်မယ်ဆိုတာ ကျူပ်တပ်အပ်သိနေတယ်တော့ အီး ဟီး[illegible]

သာယာကုန်းရွာသူရွာသားတွေဆိုသည်က ရပ်ရွာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



နာရေးကိစ္စများ၌ အင်မတန်မှ လူမှုရေးတာဝန်ကျေပွန်ကြသူများ ဖြစ်သည်။

ခုလိုမျိုး သာယာကုန်းရွာ၏ အကြီးအကဲတစ်ယောက် မမျှော်လင့်ဘဲ ခေါက်ကနဲ အသက်ထွက်ရခြင်းအပေါ် စာနာစိတ်ထားကာ သတင်းလာရောက်မေးမြန်းကြသည်။ ထိုအထဲ၌ အုန်းနို့ခေါက်ဆွဲကျွေးသော ဆွမ်းကျွေးအလှူရှင်ဒေါ်မြမြလှိုင်လည်း သတင်းမေးလာရောက်ခဲ့၏။ ရွာသူရွာသားအပေါင်းတို့မှာ သူကြီးကတော်ဒေါ်ကြွက်မ၏ စကားတင်စီးမှုအပေါ် မနှစ်မြို့ကြသော်လည်း သူကြီးဦးသာယာအပေါ်၌ လေးစားသမှုရှိကြသည့်အလျောက် သူကြီးမျက်နှာကို ထောက်ထားကာ လာရောက်သတင်းမေးမြန်းကြခြင်း ဖြစ်လေသည်။ သည်လို သတင်းမေးကြလေ ဒေါ်ကြွက်မမှာ ငိုချင်းအရှိန်ကောင်းလေပင်။

'သူ့မှာ သွေးတိုးရှိလို့၊ တော့်မှာသွေးတု[illegible]နေတယ်၊ အဲဒါ အစားအသောက်ကို သတိထားစားပါလို့ ကျုပ်အမြဲတမ်းသတိပေးနေတဲ့ကြားက မြမြလှိုင်တို့ဆွမ်းကျွေးမှာ အုန်းနို့ခေါက်ဆွဲငါးပန်းကန်တောင် စားရသတဲ့လား'

သည်လိုစကားစလိုက်ပြီးနောက် ပရိတ်သတ်ထဲဒေါ်မြမြလှိုင်ပါသည်ကို တွေ့လိုက်ရလျှင် လက်ညှိုးငေါက်ငေါက်ထိုးလေတော့၏။

'အမယ်လေး မြမြလှိုင်ရယ်၊ ညည်းရဲ့ဆွမ်းကျွေးအလှူမှာ အုန်းနို့တွေ ဘယ်လောက်တောင် ထည့်လိုက်တာလည်းဟယ်။ ခုမနက်မှာ သွေးတိုးစာတွေ မတရားစားလိုက်တော့ တုတ်တုတ်တောင် မလှုပ်တော့ဘူးဟဲ့…မြမြလှိုင်ရဲ့ အဲ့ဟဲ့… အဲ့ဟဲ့။ အဖြစ်ဆိုးလိုက်တာ ကျုပ်ယောကျ်ားကိုသာယာ အဖြစ်ဆိုးလိုက်တာ၊ ကြည့်စမ်းပါဦး မြမြလှိုင်ရယ်'





ဒေါ်ကြွက်မ၏ ပိန္နဲပင်ဆွဲထည့်မှုကြောင့် ဒေါ်မြမြလှိုင်ခမျာ မျက်နှာပျက်သွားရသလို၊ ဥမ္မာခမျာလည်း သတင်းလာမေးသူ ဒေါ်မြမြလှိုင်အား မျက်နှာပူကာ အားနာစိတ်ဝင်မိတော့၏။ သည့်အတွက်ကြောင့် မိခင်ဖြစ်သူအား တိုးတိုးလေး သတိပေးလိုက်ရလေသည်။

'အမေရယ် ဒေါ်မြမြလှိုင်ကိုအားနာစရာ၊ ကိုယ့်ဖာသာကိုယ် တခြားအကြောင်းအရာနဲ့ ငိုချင်ငိုပါ။ အုန်းနို့ခေါက်ဆွဲကြီးကို ထည့်မငိုပါနဲ့'

ဥမ္မာကထိုသို့ သတိပေးလိုက်မှပင် ဒေါ်ကြွက်မ ကမ်းတက်လေတော့သည်။

'ဘာအားနာရမှာလဲ သမီးရဲ့။ ငါ့ယောကျ်ား နင့်အဖေတစ်ယောက်လုံး ခုလိုမျိုး ပိုးစိုးပက်စက်သေရတဲ့ကိစ္စမှာ အုန်းနို့ခေါက်ဆွဲဟာလည်း တစ်ထောင့်တစ်နေရာမှာပါတာပဲ မဟုတ်လား။ ဒီတော့ အုန်းနို့ခေါက်ဆွဲစား၊ စားတယ်ပေါ့။ ဗိန္ဒောဆရာဦးအောင်ကြီးကလည်း သွေးတိုးရှိတယ်၊ အဆီအဆိမ့်ကိုတတ်နိုင်သလောက် မစားပါနဲ့၊ ရှောင်ပါ၊ ရှောင်ပါလို့ အတန်တန်ပြောနေတဲ့ကြားက ပေလျှက်လုပ်လို့ ခုတော့ ကိုယ်ကျိုးနည်းပြီ မဟုတ်လား ဝါး… အား… အား… အား။

အလှူရှင်တွေကလည်း သူကြီး… သူကြီးနဲ့ မဖြစ်မနေကြွဖို့ ဖိတ်တဲ့အလှူ၊ အလှူပွဲသွားမကူပဲစားလို့ ခုတော့ သူကြီးဆိုတဲ့ဂုဏ်ပုဒ်ကြီးက ရှင့်အသက်ကို ဓိဝိန်ချွေသွားခဲ့ပြီ မဟုတ်လား'

ထိုခဏ ဝက်ပွဲစားဝင်းမောင် သတင်းမေးရန်ရောက်လာသည်။ သည့်အတွက် ဒေါ်ကြွက်မသည် အလွတ်မပေးခဲ့။

'ဝင်းမောင်ရေ… ဝင်းမောင်ရဲ့။ နင့်ဆရာသူကြီးရဲ့ အဖြစ်ကို ကြည့်ပါဦးဟဲ့။ သူကလေနင့်ကို ဝက်သတ်လိုင်စင်ရအောင် လုပ်ပေးရဦးမယ်လို့ တဖွဖွပြောသေးသဟဲ့။ နင့်အပေါ် စေတနာသိပ်ကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



နင့်ဆရာသူကြီး၊ ခု ငါတို့ကို ပစ်သွားပြီဟဲ့ အီး… ဟီး… ဟီး… ဟီး’

ဝက်ပွဲစားဝင်းမောင်ခင်ဗျာ လူထဲမျက်နှာမပြရဲလောက်အောင် ဖြစ်လာသည်မို့ လူအုပ်ကြားထဲ၌ ကိုယ်ယောင်ဖျောက်လိုက်ရပြန်၏။ ထိုခဏ ဖဲသမားဦးငြိမ်းသူနှင့်အဖွဲ့ သတင်းလည်းမေး၊ ဖဲဝိုင်းလည်း ဖွဲ့ရန် ရောက်လာခဲ့ကြပြန်သည်။

‘အမလေး သွားလေသူကြီးရဲ့ တော်ကတော့ ငြိမ်း… ပြီ ပေါ့နော်။ တော်သေတယ်ဆိုလို့ ဖဲဝိုင်းနဲ့အမြတ်ထုတ်ရ… ဖဲပြင် ဝိဇ္ဇာဦးငြိမ်းသူနဲ့အဖွဲ့ ရောက်လာပြန်ပြီတော့’

တစ်ယောက်မှအလွတ်မပေးပဲ လစ်ကွက်ဟာကွက်မရှိ ငိုချင်းချနေမှုကြောင့် နာမည်ထုတ်ဖော်ခံရ… တွန့်တွန့်သွားကာ မျက်နှာတွေ အောက်ငုံ့သွားကြရာ၏။ သည်အထဲ မိန်းမယယ်ယယ်ကလေးယူထားသော ငါးကန်ပိုင်ရှင်၊ ပုဏ္ဏားတော်ဘိသိက်ဆရာဦးစိန်လင်းလည်း ပြေးမလွတ်သာ။

‘ဦးစိန်လင်းရေ… အေ… ဦးစိန်လင်း… ဟဲ့ သူကြီးအဖြစ်ကို ကြည့်ပါဦးတော့။ တော့်သူကြီးကလေ… ဟဲ့အကြောင်းများဆို ရွှန်းရွှန်းဝေအောင်ကို ချီးမွမ်းတာ။ တော်… ဘိသိက်မြောက်တဲ့နေရာမှာ ပြိုင်စံရှားတဲ့အကြောင်း၊ စကားအပြော…အဆို ကျွမ်းကျင်လိမ္မာတဲ့ အကြောင်း၊သောကြာဂြိုလ်ခုံကြီးလို့ မိန်းမယယ်ယယ်လေးရတဲ့အကြောင်း ၊သူ့မြေးလေးရှင်ပြုရင် တော့်ကိုပဲ ဘိသိက်မြောက်ခိုင်းမယ့် အကြောင်း ရေပက်မဝင်အောင်ကို ချီးမွမ်းတာ၊ ခု တော်လာတယ်ဆိုတာ သိမသွားရှာဘူးတော့ အီးဟီး… ဟီး… ဟီး’

ဘယ်သူ့ကိုမှအလွတ်မပေး၍ ထိုင်နေသူတွေခမျာ ထသွားရအခက်၊ ပြန်ဆင်းရအခက်နှင့် ဘာလုပ်လို့လုပ်ရမှန်းကို မသိအောင်ဖြစ်





နေရတော့၏။ ထိုခဏ သာယာကုန်းရွာ၌ ဘာပစ္စည်းပျောက်ပျောက် ခြေစလက်စရှိတတ်သော ငပိန်ရောက်လာသည်။

‘ငပိန်ရေ နင့်ဆရာသူကြီးတော့ သွားရှာပြီဟဲ့။ နင်ရပ်ထဲရွာထဲ ပုဆိုးရပ်၊ ထမိရပ်တာနဲ့ပတ်သက်ပြီး ငပိန်ခမျာ သုံးစွဲစရာမရှိလို့လုပ်ရတာပဲကွာ။ ခေါ်ခက်ဆုံးမပြီး အလုပ်အကိုင်လေးဘာလေး ရှာဖွေပေးလိုက်ရင် လူကောင်းသူကောင်းလေး ဖြစ်လာမှာလို့ ပြောခဲ့တာမှတ်မိသေးရဲ့လား’

‘မှတ်… မှတ်မိပါတယ် သူကြီးကတော်’

‘အေး… အဲသလို စိတ်ထားကောင်းတဲ့ နင့်ဆရာကြီးမရှိတော့ဘူးဟဲ့… မရှိတော့ဘူးအီးဟီး… ဟီး’

ငပိန်ခမျာ သူကြီးကတော်၏လုပ်ရပ်ကြောင့် သူပါရောငိုချင်စိတ်ပေါက်သွားရလေတော့သည်။

‘ဟော အာဘွားကြီးနဲ့ဉာဏ်ပွင့်တို့ ခုမှ လာကြသလားဟယ်။ နင်တို့အလာကောင်းပေမဲ့ နင်တို့ ရှိသေခဲ့ညားရတဲ့ သူကြီးကတော့ အားလုံးကို ခွဲသွားပြီဟဲ့… ခွဲသွားပြီ အီးဟီး… ဟီး’

ရာအိမ်မှူးအာဘွားကြီးရွှေမင်းနှင့် ဆယ်အိမ်ခေါင်းဉာဏ်ပွင့်တို့မှာလည်း ကောင်းသောလာခြင်း မဟုတ်သည့်အတွက် အကြီးအကျယ် စိတ်ညစ်သွားကြသည်။ သူကြီးကတော်ဒေါ်ကြွက်မကြောင့် စိတ်ညစ်သူတွေရှိသလို၊ ပွဲတော်အလား အကြိုက်တွေ့သူတွေလည်းရှိကြ၏။ နားအရသာခံရင်း ကြိတ်ပြုံးနေကြသူတွေလည်း မနည်းမနော။

ထိုခဏ သာယာကုန်းကျေးရွာ၏ ကျောင်းထိုင်ဘုန်းတော်ကြီး ကြွလာသည်။ သည့်အတွက် ရွာသူရွာသားအပေါင်းမှာ ပျာပျာသလဲဖြစ် အိမ်ဦးခန်း၌ နေရာပေးကြသည်။ ဆရာတော်ကြီးကြွလာသည့်အတွက် ဒေါ်ကြွက်မ၏အသံမှာ ခေတ္တခဏရပ်သွား…



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တခဏသာဖြစ်ပြီး မကြာခင်မှာပင် ပြန်လည်၍ ဥသြဆွဲလာပြန်၏။

'အမလေး… လေးကိုသာယာရေ၊ အမလေး… ကျေးဇူးရှင်ကြီးရဲ့။ ဟောဒီမှာ တော်ရိုသေလေးစားတဲ့ ဆရာတော်ကြီးအိမ်ဦးခန်းကိုကြွလာပြီး သီတင်းသုံးနေတယ်တော့။ အဲဒါ ထပြီးဝတ်ဖြည့်လိုက်ပါဦးတော့လား ဝါးအားအား… ဟီးရှုတ်။

ဆရာတော်ဘုရား… ဆရာတော်ဘုရား။ ဆရာတော်ဘုရားရဲ့ ဒကာကြီးအဖြစ်ကို မကယ်နိုင်တော့ဘူးလားဘုရား။ သူ့အဖြ[illegible] ဆိုးလွန်းပါတယ်ဘုရား။ အုန်းနို့တွေမတရားထည့်ထားတဲ့ ဆွ[illegible]ကျွေးကနှိပ်စက်လိုက်မှုရဲ့ သွေးတိုးစာတွေ မဆင်မခြင်စားလို့ရယ်မကြောင်ခဏလေးမေ့ရာက လုံးဝကို နိုးမလာတော့ပါဘူးဘုရား'

ဆရာတော်ကြီးလည်း တရား[illegible] ဖြစ်ပေတော့မည်ဟုသဘောပေါက်ကာ မိန့်ကြားရပါလေတော့သည်။

'ဒကာမကြီး စိတ်ကိုလွှတ်မပေးနဲ့လေ။ ထိန်းချုပ်ထားမှပေါ့။ ဒီခန္ဓာကိုယ်ကြီး ရလာပြီဆိုမှဖြင့် ဖြစ်တာနဲ့ပျက်တာက[illegible] ယှဉ်တွဲကပ်ပါလာတာပဲ။ ဘယ်အရာမှ အစိုးမရဘူး။ [illegible]၊ ဓရာ၊ ဗျာဓိ၊ မရဏတဲ့။ အိုခြင်း၊ နာခြင်း၊ သေခြင်းတ[illegible]ဆိုတာ ဘယ်သူမှ ရှောင်လွှဲဖယ်ရှားလို့ မရပါဘူး။ တန်ခိုးတော်အရာ အတုလ်အတုမရှိတဲ့ ကျုပ်တို့ရဲ့ သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင်မှ သေခြင်းတရားကို မလွန်ဆန်ခဲ့ပါဘူး။'

'အရှင်ဘုရား…

ဒါတွေအားလုံး တပည့်တော်မ သိထားပြီးပါပြီဘုရား၊ ခန္ဓာရှိရင်ဝေဒနာရှိတယ်ဆိုပေမယ့် ကိုသာယာ့အသက်က ခြောက်ဆယ်ဝန်းကျင်ပဲရှိသေးတဲ့ဥစ္စာ။ မသကာ ဟောဟိုက သိမ်ဒကာကြီးဦးအံ့ပွားလိုအသက်ရှစ်ဆယ်လောက်တော့ နေသင့်ပါတယ် ဘုရား။ ဦးအံ့ပွားလို



သေသင့်တဲ့အရွယ်က မသေဘဲ၊ ခုလို အသက်ခြောက်ဆယ်လောက်နဲ့သေရတာ အင်မတန်မှအသည်းနာဖို့ ကောင်းလှပါတယ်ဘုရား။ အီးဟီး… ဟီး… အီးဟီး… ဟီး'

ဒေါ်ကြွက်မစကားအဆုံးမှာတော့ ဆရာတော်ကြီးလည်း သုတ်ခနဲဆိုသလို နေရာမှထပြီး ပြန်ကြွသွားလေရာ၊ အိမ်ပေါ်ရှိ ဧည့်သည်ပရိတ်သတ်အပေါင်းမှာလည်း တစ်ယောက်ပြီးတစ်ယောက် ပြန်ဆင်းသွားကြကုန်၏။ ကျန်ရစ်သူကား များများစားစားမရှိ။

မင်းသိမ်းတို့လင်မယားနှင့်ဖဲဝိုင်းလုပ်ရန်တာစူနေသော ဖဲပြင်ဝိုင်းဖွာငြိမ်းသူတို့အဖွဲ့လောက်သာ ကျန်ရစ်ပါသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

ရှောက်သီးပြောတာ

မှန်တယ်… မင်းသိမ်း။

မင့်သားဟာ လူ့ဝင်စားကွ

သူကြီးဦးသာယာ ဝင်စားတာ

တစ်လောက… ငါးကန်ပိုင်ရှင်ဦးစိန်လင်း

ရွာထဲရောက်တုန်း

မင်းတို့ခြံထဲ ဝင်လာတော့

မင့်သားက

ဘာပြောတယ်မှတ်တုံး

www.burmeseclassic.com

www.burmeseclassic.com

ပျောက်သောသူရှာလျှင်တွေ့ သေသောသူကြာလျှင်မေ့ဆိုသည် အချို့သူတွေအတွက် မှန်ကောင်းမှန်နိုင်မည်ဖြစ်သော်ငြား ဒေါ်ကြွက်မနှင့်ဥမ္မာတို့အတွက်တော့ မမှန်ပေ။ သွားလေသူ သူကြီးဦးသာယာအားရည်စူး၍ တစ်လတစ်ကြိမ် ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့၏။ အလှူဒါနများပြု၏။ ဥမ္မာတို့သားအမိ လိုအပ်သမျှကို ဖြေရှင်းခြင်း အလျဉ်းမရှိ၊ ဖြည့်ဆည်းပေးသူကဖြင့် ယခုအခါ၌ အိမ်ထောင်ဦးစီးတာဝန်ကိုယူထားသော မင်းသိမ်းပင် ဖြစ်ရလေ၏။

သူကြီးကွယ်လွန်ပြီး ခြောက်လကျော်လောက်မှာ ဥမ္မာမီးဖွား၏။ သားယောကျ်ားလေးဖြစ်၍ မင်းသိမ်းတို့ ပျော်မဆုံးပြီ။ ဒေါ်ကြွက်မကလည်း မြေးလေး၊ မြေးလေးနှင့် လက်ထဲကမချသလို ကျောင်းဒကာဦးဘိုကြီးမှာလည်း မြေးဖြစ်သူကို ခဏခဏ လာလာကြည့်ရသည်မှာ အမော။

ဤ၌ ကြားဖြတ်တင်ပြရဦးမည်ဆိုလျှင် မင်းသိမ်းသည် သာယာကုန်းရွာ၌ သူလိုကိုယ်လို မင်းသိမ်းမဟုတ်တော့။ အစဉ်အလာအရ သူကြီးဦးသာယာ ကွယ်လွန်ပြီးသည့်နောက် သူကြီးရာထူးဆက်ခံရန် ဥမ္မာက သမီးမိန်းမကလေးဖြစ်နေ၍ သားမက်မင်းသိမ်းကိုပင် သူကြီးအဖြစ်တင်မြှောက်ရာ ခုဆိုလျှင် သာယာကုန်းသူကြီးမင်းသိမ်း၊ မင်းသိမ်းသာယာကုန်းသူကြီးအဖြစ် မြေပေါ်မှာ ရွှေကြော်ငြာထုတ်စရာမလိုအောင် အထင်ကရဖြစ်နေပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com

မင်းသိမ်းတို့၏ သားကလေးကား အခြားအခြားမိသားစုများရှိ ကလေးတွေနဲ့မတူ။ နှစ်ဖက်သောအဘိုးအဘွား ဘယ်သူချီချီ ကြည်ကြည်သာသာ။ မိခင်ဥမ္မာချီလည်း နှစ်နှစ်ခြိုက်ခြိုက်။ အဲ… ဖခင်ရင်း မင်းသိမ်းများ ကောက်မချီလိုက်လေနှင့်။ ပွေ့ချီလိုက်ပါက ကော့ကက်လန်ပြီး အာခေါင်ခြစ်ကာ ငိုတော့သည်။ တခြားလူလက်ထဲသို့ ကလေးပြန်ထည့်ပေးလိုက်ပါက ချက်ချင်းအငိုတိတ်ကာ ကြည်ကြည်[illegible]ဖြစ်တော့၏။ ဒါ တစ်ခါတစ်ရံမဟုတ်။ မင်းသိမ်း ကော[illegible]ချီလိုက်တိုင်း လုံးဝပုံစံမပြောင်း။ ဤနည်းနှင်နှင်။

ကလေးမှောက်လျက်သွားတုန်းကလည်း ထိုနည်းလည်းကောင်း။

လေးဘက်သွားတော့လည်း ယိုနည်းလည်းကောင်း။

ထိုင်စပြုတော့လည်း ထိုနည်းလည်းကောင်း။

ထိုင်ရာမှသည်မတ်တတ်ရပ်က လမ်းလျှောက်စမ်းတော့လည်း ထိုနည်းလည်းကောင်း။

စကားတစ်လုံးစနှစ်လုံးစပြောလာတော့[illegible]း ထိုနည်းလည်းကောင်း။

အိမ်သားတွေရှိကြသည့်အထဲ မင်းသိမ်းတစ်ယောက်အပေါ်တွင် သားကလေးက စိမ်းနေသည်။

မင်းသိမ်းအဖို့ သားကလေးကိုချစ်လွန်း၍ သူနှင့်ဥမ္မာသက်တို့၏ နာမည်တစ်လုံးစီဖြည့်စွက်လျက် မင်းသက်ပိုင် ဟုအမည်ပေးလိုက်သည်။

မင်းသက်ပိုင်ကလေး စကားပြောတတ်လာတော့ အိမ်သားတွေကို ဘယ်သို့ခေါ်ပါသည်။ အဘွားဒေါ်ကြွက်မအား ‘မိကြွက်’ ဟုခေါ်သည်။ မိခင်ဥမ္မာသက်အား ‘သမီး’ ဟုခေါ်သည်။ ပြီးတော့ ဆယ်





အိမ်ခေါင်းကိုတွေ့လျှင် ‘ဟော့ ဥာဏ်မွှင့်’ ဟူ၍လည်းကောင်း၊ ရာအိမ်မှူးကိုတွေ့လျှင် ‘ဟကောင် အာဘွား’ ဟုခေါ်တတ်သဖြင့် အားလုံး အံ့အားတသင့်ဖြစ်ရသည်။

ပြီးတော့ ရှောက်သီးတို့၊ ဖိုးခွားတို့၊ ငွေတိုးကြီးတို့လာလျှင် မျက်ထောက်နီကြီးဖြင့် အရွယ်နှင့်မလိုက်အောင် မောင်းထုတ်တတ်ပြန်ပါသေးသည်။ သူ့ကို မင်းသက်ပိုင်ဟုခေါ်လျှင် ထူးချင်မှထူးသည်။ မထူးပဲနေသည်ကများသည်။

သည်တော့…

‘ဟော့ကောင် မင်း… မင်းသက်ပိုင် မဟုတ်ဘူးလား’

‘ဟုတ်ဘူးဂျ’

‘မင်းသက်ပိုင်မဟုတ်လို့ ဘာလဲ’

‘ကျုပ်နာမည် တာယာ… တာယာ’

‘အယ်’

လူတွေ နည်းနည်းတော့ ဖြုန်းသွားကြသည်။

ကလေး၏ အမူအကျင့်စရိုက်လက္ခဏာကို လေ့လာအကဲခတ်ရင်း သို့လော… သို့လောတွေ ဖြစ်ကြရသည်။ သည်အကြောင်းကို ဥပုသ်နေ့နှင့်ကြုံကြိုက်တုန်းက သီလသွားယူရင်း ဆရာတော်ကြီးကို လျှောက်ထားခဲ့သေးသည်။

‘တပည့်တော်မတော့ မြေးလေးဟာ သွားလေသူကိုသာယာဝင်စားတယ်လို့ အတပ်သိနေတယ်ဘုရား။ သူ့ရဲ့ပြောပုံဆိုပုံတွေဟာ သွားလေသူနဲ့တစ်ထပ်တည်းပဲ အရှင်ဘုရား’

‘အဲဒါကြောင့်ပဲ ဘဝသံသရာတွေဟာ ရှည်လျားရတာ[illegible] ဒကာမကြီး။ အစွဲအလမ်းတွေများလွန်းရင် တွယ်တာတပ်မက်[illegible]တွေရှိလာမယ်။ ဒီအခါမယ် သုံးဆယ့်တစ်ဘုံမှာ အဖန်ဖန်[illegible]လဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လည်ရတဲ့သဘောပဲပေါ့။ ဒကာမကြီးပြောတာ ဖြစ်နိုင်စရာအကြောင်း ရှိပါတယ်။

တချို့တချို့သောပုဂ္ဂိုလ်တွေဟာ အစွဲအလမ်းကြီးလွန်းတာမို့ ကျွတ်တမ်းဝင်သင့်ပါလျက် မဝင်ကြရှာဘူး။ ခုလည်း ဒကာကြီးဟာ မိသားစုအပေါ် စွဲလမ်းတာရယ်၊ သူ့ကုသိုလ်အကြောင်းတရားကလည်း အပါယ်လေးဘုံက ကင်းလွတ်တဲ့လူ့ဘုံမှာ လူလာဖြစ်တာ[illegible]ကော့ ရှုံးတော့ မရှုံးဘူးပေါ့လေ၊ အင်း… အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ [illegible]သတ္တာ ကမ္မသကာ’

ဒေါ်ကြွက်မအဖို့ ဆရာတော်ကြီး၏မိန့်ကြားချက်ကို ကြားခဲ့ပြီးသည့်သကာလ မြေးကလေးမင်းသက်ပိုင်အား သွားလေသူ သူကြီးဦးသာယာဝင်စားသူအဖြစ် ယုံကြည်[illegible]က်ခံလိုက်လေသည်။ ယုံကြည်လက်ခံသည်နှင့်အမျှ အိမ်သို့ရောက်ရှိလာကြသူအပေါင်းအား သည်အကြောင်းကို ပြောမဆုံးတော့။

သည်အခါ၌ ယုံကြည်သူတွေလည်း ရှိ[illegible]။ လုံးဝမယုံကြည်သူကတော့ နည်းပါး၏။ နည်းဆို လုံး[illegible]ကြည်သူက ဖခင် ရင်းမင်းသိမ်း တစ်ဖြစ်လဲ သာယာကုန်းသူကြီးမင်းသိမ်းပဲ မဟုတ်လား။

‘ဟောကောင် မင်းသိမ်း၊ မင်းကိုတို့က လူရှေ့သူရှေ့ကျရင်တော့ သူကြီးလို့ခေါ်ပြီး လေးလေးစားစား ဆက်ဆံမယ်။ ကွယ်ရာတို့အချင်းချင်းဆုံတဲ့အခါ ရာထူးရာခံကိုဘေးချိတ်ပြီး ဟေ့ကောင်တွေ၊ မင်းတွေ၊ ငါတွေပဲ ပြောပါရစေ။ ဒါမှလည်း အားရတာကွ’

‘ပြောပါ ရောက်သီးရာ၊ မင်းတို့ဟာ ငါ့ရဲ့သူငယ်ချင်းကောင်းတွေပဲ။ ပြီးတော့ ဥမ္မာနဲ့ငါနဲ့ဖူးစာဖက်ရတာ မင်းတို့ဇာတ်ကွက်အဆင်





ကောင်းလို့ ဖူးစာဆုံရတာပါ။ အဲဒီကျေးဇူးကို ငါဘယ်တော့မှ မေ့မသွားပါဘူးကွာ’

‘အေး… အဲဒါ အသာထား။ မင်းရဲ့သားကလေး မင်းသက်ပိုင်ဟာ ရွာထဲမှာတော့ မင်းယောက္ခ သူကြီးဦးသာယာဝင်စားတာလို့ သတင်းထွက်နေတယ်ကွ’

‘သွားစမ်းပါကွာ၊ ကလေးက ကလေးပဲဟာ။ ဘာ လူကြီးလို အသိရှိမှာတုံး။ လူကြီးတွေက ပိုကိုပိုပါတယ်ကွာ။ ကလေးက တော်တော် လူကြီးတွေကိုက အကဲပါနေကြတာ။ မင်းတို့ကကော ငါ့သားကို ဘယ်လို ထင်နေကြလို့လဲ’

‘ငါတို့ကတော့ မင့်ယောက္ခကြီး ဒေါ်ကြွက်မပြောတာကို လက်ခံတယ်ကွ။ ငါတို့များ မင့်ယောက္ခအိမ် မရောက်လိုက်နဲ့ရောက်တာနဲ့ကို မင့်သားတော်မောင်က ခါးကြီးထောက်ပြီး မျက်စောင်းတခဲခဲ ဖြစ်နေတာ။ အရွယ်ချင်းမမျှလို့ မျှသာမျှခဲ့ရင် ထများချမလားတောင် မသိပါဘူးကွာ ဟား… ဟား… ဟား’

‘ရောက်သီးပြောတာမှန်တယ် မင်းသိမ်း။ မင်းသားဟာ လူဝင်စားကွ။ သူကြီးဦးသာယာ ဝင်စားတာ။ တစ်လောက ငါးကန်ပိုင်ရှင် ဦးစိန်လင်း ရွာထဲရောက်တုန်း မင်းတို့ခြံထဲဝင်တော့ မင်းသားက ဘာပြောတယ်မှတ်တုံး’

‘ဗျို့ ကိုစိန်လင်း၊ အသက်တွေကြီးလာပြီ။ မယားမဖက်နဲ့တော့ တရားဖက်၊ တရားဖက်လို့ တွယ်လွှတ်လိုက်သကွာ ဟား… ဟား… ဟား’

အပေါင်းအသင်းရောင်းရင်းတွေက မည်သို့ပင် ပြောကြပါ[illegible] ဆိုကြပါစေ မင်းသိမ်းအနေနှင့်ကတော့ လက်မခံ။

‘လောကကြီးက သိပ်ကိုဆန်းကြယ်တယ်ကွ။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်တွေ၊ ကိစ္စတွေဆိုတာ တစ်ပုံတစ်ပင်ပဲ။ သတ္တဝါတွေဟာ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုမရောက်မချင်း သံသရာဘုံအမျိုးမျိုးမှာ ကုသိုလ်၊ အကုသိုလ်အလိုက် ကျင်လည်ကျက်စားရစမြဲလို့ ဆရာတော်ကြီး မိန့်ကြားတာကို သတိရတယ်'

'အေး... အဲဒါတွေ အသာထားကွာ၊ ငါတစ်ယောက်တည်း မျိုးစပါးတွေ မနိုင်မနင်းဖြစ်နေလို့ ငါ့အိမ်ကို လိုက်ပို့ကြပါဦး'

'ပို့ရမှာပေါ့ သူကြီးရယ်၊ ပို့ရမှာပေါ့'

အားလုံးတက်ညီလက်ညီဖြင့် မင်းသိမ်းကိုဝိုင်းကူကာ လိုက်ပို့ကြလေ၏။ အိမ်ရောက်တော့ မင်းသက်ပိုင်ကလေးမှာ ပုခက်ထဲတွင် အိပ်ပျော်နေပြီဖြစ်သည်။

'ဟဲ့ မောင်မင်းသိမ်း'

'ဗျာ... ဘာတုံး အမေကြွက်'

'မင့်သားဟာ မင့်ယောက္ခမကြီးသူကြီးဝင်စားတာ မဟုတ်ဘူးဆို'

'ဟုတ်မှမဟုတ်ဘဲ အမေကြွက်ရာ။ ကျုပ်တော်တော့ လုံးဝဆိုလုံးဝပဲ'

ထိုခဏ ဇနီးသည်ဥမ္မာ အပါးရောက်လာသည်။

'ကိုမင်း ယုံမယုံတော့ မသိဘူး။ ကိုမင်းမလာခင်က ဘယ်ချောင်က သွားဖြုတ်လာတယ် မသိဘူး၊ ဟောဟိုမှာ တွေ့လား'

အားလုံးလှမ်းကြည့်တော့ သူကြီးဦးသာယာလက်စွဲ လောက်စာလုံးအိတ်နှင့် လေးခွတစ်လက်။

'အဲဒါ လေးခွတကိုင်ကိုင်နဲ့ ခွေးမသားမင်းသိမ်း၊ ဒင်းပြန်လာရင် လေးခွနဲ့ပစ်သတ်ရမယ်၊ ငါ့များ ဘာအောက်မေ့နေလဲမသိဘူးလို့ ကြိမ်းနေတယ် ကိုမင်းရဲ့'





'ဟာ... ကွာ'

မင်းသိမ်းခမျာ မျက်နှာပူပူရှက်ရမ်းရမ်းလျှက် 'ဟာကွာ' လုပ်လိုက်ချိန်ဝယ် အပါးရှိရွာကာသီး၊ ဖိုးခွားနှင့် ငွေတိုးကြီးတို့က 'ကိုင်း ဘယ့်နှယ်ရှိစ' ဟူသော မျက်နှာပေးကိုယ်စီဖြင့် ပြုံးတုံ့တုံ့လုပ်နေကြပါသတည်း။

ပျော်ရွှင်ကြည်နူးကြပါစေ
ငြိမ်းချမ်းသာယာပါစေ

ကိုရွှေတောသား

(၂၀. ၆. ၂၀၁၀)
နံနက် ၉း၂၃ နာရီ။

www.burmeseclassic.com